# ရင်ဖိုး

ဆေးတက္ကသိုလ်

အမှတ်မထင်အဖြစ်အပျက်များ



# ရှင်မိုး(သေးတက္ကသိုလ်)

## အမှတ်မထင် အဖြစ်အပျက်များ


စာမူခွင့်ပြုချက်အမှတ် - ၁၆၆၆/၂၀၀၃ (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၄၈၁/၂၀၀၃ (၁၂)

၂၀၀၄ ခုနှစ်၊ မေလ၊

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလှုံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။




(အမှတ်မထင်)

မျှော်လင့်မထားပါဘဲ…သူ့ကို ပြန်တွေ့လိုက်ရလျှင်…ပထမ
တော့ အံ့ဩပြီး အသက်ရှူဖို့မေ့ကာ…ငြိမ်သက်မေ့မျောသွားပါသည်။

သူ့ဆီက လှစ်ခနဲ ပြုံးလိုက်သော အပြုံးတစ်ခုကို…စက္ကန့်
အနည်းငယ်အတွင်းမှာ တွေ့လိုက်ရတော့မှ…သူမ အသက် ပြန်ဝင်လာ
ခဲ့ရသည်။

သူမ၏ မျက်လုံးတွေ အသက် ပြန်ရှင်လာမှန်း…သူလည်း
သိမြင်သွားပါပြီ။

သို့ပေမဲ့ သူမဟာ…ထိုသူတစ်ယောက်ကို အသိအမှတ်ပြု
ကြောင်း ဆက်ဝန်ခံမနေလိုတော့ဘဲ ထိုမြင်ကွင်းကို ကျောခိုင်းပစ်လိုက်
ပါသည်။





သူ…လိုက်ခေါ်လိမ့်မည်ဟု သိပ်ပြီး မျှော်လင့်မထားခဲ့သည်
ဖြစ်ရာ သူမရဲ့ခြေလှမ်းတွေ အဲ့ဒီနေရာက တော်တော်လှမ်းလှမ်းကို
ရောက်လာတဲ့အထိ သူ့ထံမှ ဘာသံကိုမျှ မကြားရလေသည်ကိုလည်း
သူမ မည်သို့မှ မခံစားရပါ။

သူမရဲ့မျက်ဝန်းထဲမှာ ပျောက်မရအောင် ပြန်မြင်ယောင်နေခဲ့
တာကတော့ သူ့ထံမှ အံ့ဩမှုအကြည့်နဲ့အတူ အတိတ်တစ်ခုကို
ရုတ်ချင်း ပြန်သတိရသွားခဲ့သည့် ပျက်ရယ်ပြုလိုဟန် အပြုံးများတည်း။

အဲ့ဒီအပြုံးကို နောက်ဆုံးအကြိမ် မြင်ခဲ့သည်မှာ ဒီနေ့ကစလျှင်
ငါးနှစ်ကျော်ကာလတောင် ကြာခဲ့ပေမဲ့ ဘယ်အချိန်တွေ့တွေ့၊ ဘယ်နေ
ရာတွေ့တွေ့ သူမ အဲ့ဒီအပြုံးမျိုးကိုတော့ မုန်းလွန်းလှသည်။

ထိုအပြုံးဟာ သူမနဲ့ဘယ်လိုမှ မထိုက်တန်ပါဘူးဟု အခါခါ
အော်ဟစ်ငြင်းပယ် ဖြစ်ဖူးလေသည်။

သူမို့…အဲ့ဒီလိုပြုံးပြီဆိုလျှင်…သူမဟာ လောကကြီး တစ်ခု
လုံးက ဝိုင်းအလှောင်ခံရသူ တစ်ယောက်လိုပဲ ခံစားရပြီး… အထီး
ကျန်စွာ ငိုပစ်ချင်လာပေါင်းလည်း မနည်းခဲ့ပြီ။

ဒီလောကကြီးထဲမှာ သူတစ်ယောက်သာ သူမကို စိတ်
အနှောင့်အယှက် အပေးနိုင်ဆုံး လူတစ်ယောက် ဖြစ်ခဲ့ဖူးပါသည်။

သူ့နာမည်က အထူးအဆန်းကြီး မဟုတ်သော်ငြား တော်တော့်ကို ပေးခဲသောအမည်မျိုး ဖြစ်သည်။

သူ့နာမည်က မိုးနတ်ဟု ခတ်ပြတ်ပြတ်တိုတို အမည် ဖြစ်သည်။

မိုးနတ်ဟာ သူမရဲ့ဇာတ်လိုက် ဘယ်တော့မှ မဖြစ်ခဲ့ဖူးပါဘူးဟု သူမ ဝန်ခံလိုက်တိုင်း သူမရဲ့ရင်ခုန်သံကို သူမ ပြန်လန့်ခဲ့ရဖူးပါသည်။ ဟုတ်တယ်…သူဒါဟာ မိုးနတ်ကို ရင်မခုန်ခဲ့ပါဘူးနော်။

×××





## အပိုင်း (၁)

## (သူ၏)

(၁)

သုဒ္ဓါရဲ့ဖေဖေက နာမည်ကြီး ပန်းချီဆရာကြီး ဖြစ်သည်။ ပန်းချီကားကြီး၊ ကားခန့်တွေကိုမှဆွဲပြီး ပြပွဲတင်ရောင်းချနိုင်သောအဆင့် ရှိသည့် ပန်းချီဆရာကြီး ဦးဘောဂဆိုလျှင် အနုပညာမြတ်နိုးသူတိုင်း အထူးသဖြင့်…ပန်းချီမြတ်နိုးသူတိုင်း သိကြပါသည်။

သုဒ္ဓါကိုယ်တိုင်ကလည်း ခဲပန်းချီပုံတူလေးတွေ ဆွဲရာမှာ လက်ရာမြောက်လှတဲ့အထိ ဖခင်ဆီကအမွေကို ရထားပါသည်။

သို့သော် သုဒ္ဓါက စိတ်ပါမှဆွဲကာ…လူတိုင်းကိုလည်း ပုံတူ မဆွဲပါ။ သုဒ္ဓါ…ချစ်သောသူ၊ သဘောကျသောသူ၊ စိတ်နဲ့ တည့်သော





သူကိုမှ ဆွဲတတ်လေရာ သုဒ္ဓါ၏ ခဲပန်းချီ အဆွဲခံရသူတွေမှာ ဖေဖေ၊ မေမေ၊ ညီမလေးနှင့် သူငယ်ချင်းတွေ…ဆွေမျိုးမိသားစုတွေနှင့် သုဒ္ဓါ တို့မွေးထားသော ကြောင်တွေရဲ့ပုံတူသာ ရှိပါသည်။

မိုးနတ်နဲ့ စတင်တွေ့ဆုံရသော အချိန်တွင် သုဒ္ဓါရော သူပါ ဒုတိယနှစ်တက်နေဆဲ အရွယ်တွေပင်။

သူတို့က သုဒ္ဓါတို့မိသားစုလေးနေသော ခြံဝန်းသေးသေးလေး ရဲ့နံဘေး မြေကွက်ကျယ်ကြီးကို ခမ်းနားကြီးကျယ်သည့် နှစ်ထပ်တိုက် ကြီးဆောက်ကာ ပြောင်းလာနေသော မိသားစုအသစ်ဖြစ်သည်။

ဖေဖေ ပန်းချီအကျော်အမော်ကြီးပေမဲ့ သိပ်အချမ်းသာ အကြွယ်ဝကြီး မဟုတ်လှသော သုဒ္ဓါတို့မိသားစုမှာ ဖေဖေဝယ်ထား သည့် မြေကွက်ငယ်လေး၌ လှပတင့်တယ်အဆင်ပြေစွာ ဆောက်ထား သော တစ်ထပ်တိုက်အိမ်ပြားလေးနှင့် သွားဖို့လာဖို့ ကားလေးတစ်စီး သာ ပိုင်ဆိုင်ကြပေမဲ့ သုဒ္ဓါတို့ဘဝဟာ သိပ်ကို အေးချမ်းငြိမ်သက်သည့် မိသားစုဘဝမဲ ဖြစ်ပါသည်။

ကိုယ့်အိမ်ဘေးက ခမ်းနားကြီးကျယ်သည့် တိုက်အိမ်ကြီးနှင့် ကားအစီးစီး အသွယ်သွယ်တို့ ရောက်လာသည်ကို လူ့သဘာဝအရ ငေးမောမိပေမဲ့ အားကျစိတ်တော့ မဖြစ်ကြပါ။

အထူးသဖြင့် ဖေဖေကဆိုလျှင် အရောတဝင်နေဖို့တောင် သိပ်အားမပေးသလို ပြောတတ်ပါသည်။

"သုံးလေးရက်အတွင်း လှေလာရာသလောက်နဲ့တင် ကိုယ်တွေနဲ့ သိပ်စရိုက်မတူတဲ့ မိသားစုပုံစံမျိုးမှန်း သိသာလာတယ်။ ဒီတော့ သင့်တော်ရုံလောက်ပဲ သူတို့လာခေါ်ပြောရင် မေးထူးခေါ်ပြောပဲလုပ်နော်၊ သိပ်မရောမိခေနဲ့"

ကျောင်းဆရာမတစ်ယောက်ဖြစ်ပြီး နေတတ်၊ ထိုင်တတ်လှသော မေမေခေါ်မြွတ်နှယ်ကလည်း…ဖေဖေ့သဘောကို မငြင်းပါ။

"မြတ်တို့နဲ့လဲ သိပ်ပေါင်းချင်မဲ့ပုံ မပေါ်ပါဘူး။ သူတို့တွေက သတင်းကြားတော့ ကုန်တိုက်ကြီးတစ်ခု ဖွင့်ထားတဲ့သူဋ္ဌေးတွေ… စီးပွားရေးလုပ်ငန်းရှင်တွေလို့ သိရတယ်။ မြတ်တို့က ရိုးရိုးသာမန်မိသားစုလေးဆိုတော့ အခြေချင်းကမတူဘူးဆိုပြီး သူတို့ကအရောဝင်ချင်မှ၊ ဝင်မှာ။ အရောဝင်ခဲ့ရင်တောင် မြတ်တို့ဘက်က တော်ရုံသင့်ရုံပဲ ကောင်းမယ်လေ။ သူဋ္ဌေးတွေမို့လို့ သိပ်ခေါ်ချင်၊ ပြောချင်တယ် ထင်ခံရမှာ စိုးတယ်"

"သားသမီး ဘယ်နှစ်ယောက်ပါသတဲ့လဲ"

"သူဋ္ဌေးမိသားစုတွေရဲ့ ဖက်ရှင်အတိုင်း တစ်ယောက်တည်းပေါ့။ တစ်ဦးတည်းသော သားလေးပါတယ်"





"ဒါဆို ပိုဆင်ခြင်ရမယ်၊ ငါတို့က သမီးတွေချည့် နှစ်ယောက်ရှိတာ။ ခေါ်ပြောလွန်းရင်ပဲ သူဋ္ဌေးသားကို လိုချင်လို့ ဖြစ်ဦးမယ်"

သုဒ္ဓါက ငြိမ်ပြီး ပုံတူဆွဲနေရာမှ ကမန်းကတန်း ထ အော်သည်။

"အာ…ဖေဖေနော်။ သုဒ္ဓါတို့က ကိုယ့်စည်း၊ ကိုယ့်ကမ်းနဲ့ နေတာပါ။ ပြီးတော့ ကိုယ့်သမီးစိတ် ကိုယ်မသိဘူးလား ဖေဖေရယ်..။ သုဒ္ဓါတို့က ချမ်းသာတာလေးလောက်ကို အထင်မကြီးပါဘူး။ ချမ်းသာတော့ရော ဘာလုပ်ရမှာလဲ…။ တစ်နေ့ ထမင်းနှစ်နပ် စားကြတာချင်းအတူတူ အောက်စီဂျင်ကို ရှူသွင်းပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဒ်ကို ရှူထုတ်တာချင်း အတူတူတွေပါပဲ"

ညီမလေး ဒါလီကလဲ သချင်္ချာတွက်နေရာမှ ဝင်ပြောသည်။

"ဟုတ်တယ် ဒါလီလဲ မမလိုပဲ သိလား…။ ဒါလို့သူငယ်ချင်း သူဋ္ဌေးသမီးလဲ ဆယ်တန်းကို ဘာသာစုံဂုဏ်ထူးထွက်အောင် ကြိုးစားနိုင်သလို ဒါလီလဲ ကြိုးစားနိုင်တာပဲ ဘာမှမထူးဘူး။ ကြိုးစားမှုမှာ ချမ်းသာတာ၊ မချမ်းသာတာနဲ့ အဆုံးအဖြတ်ပေးလို့ မရဘူး။ ကိုယ့်

ဘာသာ ဝီရိယအားကောင်းဖို့ပဲ လိုတယ်။ အခုဆို ဒါလီ ဆယ်တန်းကို ဘယ်လိုဖြေဖြေ ဒီလေးငါးခုရအောင် ဖြေနေနိုင်ပြီဆိုတာ ကိုယ့်ဘာသာ သေချာနေရတဲ့ အခြေအနေမှာ ဘာမှ စိတ်ပူးမယဉ်ပါဘူး"

ဖေဖေက…ပြုံးနေသည်။

"ငါ့သမီးတွေအကြောင်း ငါ သိပါတယ်။ ဒါပေမဲ့…သတိပေးသင့်တာလေးတွေ ,ပေးထားတဲ့သဘောပါ"

"ဟုတ်တယ်…ကိုယ်က သမီးတွေပဲ မွေးထားရတော့လေ။ အမြဲတမ်း ကိုယ့်ဘက်က တင်းထားနိုင်မှ"

ထိုမိသားစု ပြောင်းလာသည်မှာ တစ်လနီးပါး ကြာသည့်အထိ သုဒ္ဒါကပဲ သတိမထားမိတာလား။ လုံးဝကို ဂရုတစိုက် မကြည့်မိ၍ပဲလား မသိပါ။ ထိုအိမ်၊ ထိုမိသားစုဟာ ဘယ်လိုဘယ်ပုံရှိသည်ဆိုတာပင် မသိခဲ့။

တစ်ရက်မှာတော့ သူတို့အိမ်က ဖိတ်စာတစ်စောင်ကို လက်ခံရရှိလေသည်။ ဖိတ်စာလာဝေသူမှာ အိမ်ပိုင်ရှင်အမျိုးသမီးကြီး ကိုယ်တိုင်ပင် ဖြစ်သည်။

ရုပ်ရည်ပြေပြစ်တင့်တယ်လှပြီး မြင်လိုက်ရုံနဲ့ သူဌေးမှန်းသိသာနေသော ထိုအမျိုးသမီးဟာ နားရွက်ဖျားနှစ်ဘက်မှာ စိန်နားကပ်





အရောင်ဖြာဖြာတွေကြောင့် ဂုဏ်မောက်မနေဘဲ အင်မတန်မှ စကားပြော ယဉ်ကျေးလှပါသည်။

"အမျိုးသားနာမည်က ကိုဘုန်းလှုံပါ၊ သူကတော့ အလုပ်ကိစ္စ၊ အိမ်ကိစ္စတွေနဲ့မို့ ဖိတ်စာလိုက်ဝေတဲ့ အလုပ်မှာ မပါနိုင်ဘူးနော်။ စိတ်မရှိပါနဲ့"

အမျိုးသမီးက အိမ်ထဲမှာ ထိုင်ထိုင်ချင်း အဲ့ဒီလိုပြောလာတော့ မေမေကပင် ပြန်အားနာသွားသလိုဖြင့်…

"အို…ကိစ္စမရှိပါဘူး…ရပါတယ်။ အိမ်တိုင်ရာရောက် တကူးတက လာဖိတ်တာ အလုပ်များလှပါတယ်။ ဟိုဘက်၊ ဒီဘက်ပဲဟာ ခြံစည်းရိုးပုဏ္ဏရိပ်ပင်တွေက ကျော်ပြီးကမ်းပေးလိုက်ရောပေါ့"

"အိမ်နီးချင်းပေမဲ့ အဲ့ဒီလိုကြီးဖိတ်ရင် ဘယ်ကောင်းပါ့မလဲ။ ဪ…ဒါ့ထက် မိတ်ဆက်ရဦးမယ်။ ကျွန်မနာမည်က မိမိမြိုင်ပါ…မိလို့ ခေါ်နိုင်ပါတယ်"

"ဟုတ်ပါပြီ…သိရတာ ဝမ်းသာပါတယ်"

"ဒီဘက်အိမ်ကတော့ ပန်းချီဆရာကြီး ဦးဘောဂအိမ်မှန်းတော့ သိထားပါတယ်။ အစ်မကြီးနာမည်တော့ မသိလို့ ဖိတ်စာမှာ နာမည်မတပ်လိုက်မိဘူး။ ဦးဘောဂနှင့်ဇနီး မိသားစုဆိုရင် ရပါတယ်နော်။ နာမည် မစုံစမ်းထားမိတာ စိတ်မရှိပါနဲ့"

"ဩော်…ရပါတယ်။ ကျွန်မနာမည်က မြတ်နှယ်ပါ။ မြတ်လို့ခေါ်ရင် ရပါတယ်။ နာမည်တပ်မဖိတ်လဲ…မြတ်တို့က စိတ်မဆိုးတတ်ပါဘူး၊ ရပါတယ်"

"သမီးလေးတွေပဲ ရှိကြတာလား"

ဒေါ်မိမိမြိုင်က သုဒ္ဓါတို့ညီအစ်မဆီ တစ်ချက် လှည့်ပြုံးပြရင်း မေးပါသည်။

"ဟုတ်တယ်…သမီးနှစ်ယောက်တည်းပါ။ သမီးကြီးက သုဒ္ဓါ၊ သမီးငယ်က ဒါလီ"

"သုဒ္ဓါတဲ့…နာမည်က ခပ်ရှားရှားပဲ။ ဒါလီဆိုတာတော့ ကြားဖူးနေကြ နာမည်ဆိုတော့ သိနေတယ်။ ဒါလီဆိုတာက လည်ဆွဲရတနာလေးကို ခေါ်တာနော်။ သုဒ္ဓါကရော ဘယ်လိုအဓိပ္ပါယ်လဲ သမီးရဲ့"

သုဒ္ဓါကို တိုက်ရိုက်မေးပေမဲ့ ရုတ်တရက်ဆိုတော့ သုဒ္ဓါ ဘာဖြေရမှန်းမသိ ဖြစ်နေသလို၊ မေမေကလဲ လူကြီးစကားပြောရင် သိပ်ဝင်မပါစေချင်တဲ့သဘောရှိသူပီပီ သူပဲ ဝင်ပြောပေးလိုက်ရာ သုဒ္ဓါ ဘာမှဖြေစရာ မလိုတော့ပါ။

"သုဒ္ဓါဆိုတာ ရှေးတုန်းက မိဖုရားကြီးတစ်ပါးရဲ့ အမည်ပါ။ သူ့အဖေလဲ ရှာရှာကြံကြံ သိလာတဲ့ နာမည်လေ"





"ဩော်…ကောင်းလိုက်တာ ရှေးနာမည်လေးပေါ့။ မိမှာက သားတစ်ယောက်ပဲ ရှိပါတယ်…သားနာမည်က မိုးနတ်တဲ့"

အဲ့ဒီရက်များ မကြာမီမှာ သုဒ္ဓါသည် မိုးနတ်နဲ့ ဆုံဖြစ်တော့လေသည်။ မထင်မှတ်သောနေရာမှာ မိုးနတ်ကို ဆုံရတာဖြစ်ပါသည်။

xxx

ဟိုဘက်အိမ်ရဲ့ အိမ်တက်မင်္ဂလာပွဲကို ဖေဖေနဲ့မေမေသွားကြပြီး သုဒ္ဓါတို့ညီအစ်မကတော့ မလိုက်ကြပါ။ ဖေဖေနဲ့မေမေကလည်း မလိုက်ကြစေလို၍ အရေးတယူမခေါ်သလို သုဒ္ဓါတို့ကလဲ လိုက်လိုစိတ် လုံးလုံးမရှိကြ၍ မလိုက်ဖြစ်ခဲ့ကြတာလဲ ဖြစ်ပါသည်။

ဒါနဲ့ပဲ…မိုးနတ်ဟာ သုဒ္ဓါနဲ့ ခြံချင်းကပ်ရက်ဖြစ်တာတောင် နာမည်သာကြားဖူးပြီး လူချင်းမဆုံဖြစ်ကြဘဲ တခြားတစ်နေရာမှာဆုံဖို့ ဖန်လာခဲ့ပါသည်။

အဲ့ဒီတစ်ရက်က သုဒ္ဓါ၏သူငယ်ချင်း တစ်ယောက်ဖြစ်သော နီမာရဲ့မင်္ဂလာဆွမ်းကျွေးပွဲရက်ပဲ ဖြစ်သည်။





နီနီမာက သုဒ္ဓါတို့အုပ်စုထဲမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုလိုက်သော သူတစ်ယောက် ဖြစ်ပါသည်။

နီနီမာက သုဒ္ဓါရဲ့အခင်ဆုံးလဲ ဖြစ်သည်။ နီမာ့မှာ ချစ်သူမရှိပေမဲ့ မိဘတွေက သဘောတကျ စပ်ဟပ်ပေးစားသောလူကို သူမကိုယ်တိုင်လည်း ဘယ်လိုကဘယ်လို သဘောကျသွားသည် မသိ။ အခုချက်ချင်း လက်ထပ်လိုပါသည်ဟု တစ်ဘက်က တောင်းဆိုသည်ကို အချိန်မဆိုင်းဘဲ လက်ခံလိုက်၍ ဒုတိယနှစ်ကျောင်းသူအရွယ်မှာပင် နီမာတစ်ယောက် အိမ်ထောင်ပြုဖြစ်လေသည်။

နီမာ ဒီလိုလုပ်ချသွားတော့ သုဒ္ဓါမှာ စိတ်ဖြေလို့မရဘဲ (အမှန်တော့ သုဒ္ဓါဟာ အချစ်ဆိုတာကို သိပ်နားမလည်ခဲ့ဘဲ) နီမာ့ကို စိတ်ကောက်ရန်လိုမိခဲ့သေးသည်။

“နင်က…ဘယ်တုန်းကမှ မသိခဲ့တဲ့လူတစ်ယောက်ကို တွေ့တွေ့ချင်း မေတ္တာရှိလို့ ရသွားတာ အံ့သြပါရဲ့ဟယ်။ ပြီးတော့…အချိန်တောင် မဆွဲနိုင်အောင် ချက်ချင်းကြီး ယူရတယ်လို့။ ‘အသက် နှစ်ဆယ့်ငါးလောက်မှ ယူမယ်၊ ရှင့်စောင့်ရင်စောင့်လို့’ ဘာလို့ မပြောရတာလဲ”

“သူက ငါ့ထက် ဆယ်နှစ်ကြီးတယ်ဟ၊ နောက်ထပ် ငါးနှစ်

လောက် ထပ်စောင့်ရင် သူ့အသက်က သုံးဆယ့်ငါးဖြစ်နေပြီ။ သုံးဆယ့်ငါးတောင် ကျော်ဦးမယ်။ သူက ဆယ်နှစ်ကျော်လောက် အသက်ကြီးတာလေ အဲဒါကြောင့်ပါ"

"ယောက်ျားတွေက အသက်သုံးဆယ့်ငါးလဲ မအိုသေးပါဘူးနော်"

"သုဒ္ဓါရယ်…နင်က အချစ်ကိုမှ မတွေ့ဖူးသေးတာ။ ငါကတော့ တွေ့တွေ့ချင်းပဲ အရူးအမူး ကျဆုံးသွားရလို့ အချစ်ရဲ့ကျေးကျွန်ဖြစ်သွားပြီ"

"အဲမယ်…ကဗျာဆန်နေလိုက်တာ"

"သုဒ္ဓါရယ် နင်၊ ငါ့ကို အရမ်းချစ်တာ ငါ သိပါတယ်။ ငါတို့လေးယောက်ထဲမှာ နင်နဲ့ငါက ပိုအချစ်ဆုံးဆိုတော့ ငါက နင့်ကို အရင်ခွဲသွားတော့ နင် ခံစားရတာ ငါ နားလည်ပါတယ်။ ငါ အိမ်ထောင်ကျသွားလဲ ကျောင်းတွေ၊ ကျူရှင်တွေ နင်တို့နဲ့အတူတူ ဆက်တက်နေဦးမှာပဲ။ အခြေအနေတစ်ခု ပြောင်းသွားတာကလွဲရင် ဘာမှ မကွဲပြားသွားပါဘူးဟယ်"

"ဩော် နင်က ကလေးမယူရင်တော့ ဟုတ်တာပေါ့"

"ကျောင်းပြီးမှ ကလေးယူမှာပါဟဲ့။ သုဒ္ဓါ နင် ငါ့ကို





က်ကောက်ပြေတယ်ဆိုရင် ငါတို့နှစ်ယောက်ပုံတူကို ခဲပန်းချီဆွဲပေး
"

"နင့်ပုံပဲ ဆွဲပေးမယ်"

"ဟယ်…မလုပ်ပါနဲ့။ ကိုကြီး စိတ်မကောင်း ဖြစ်နေပါ့မယ်။
က နင့်အကြောင်း ငါပြောပြထားတော့ အရမ်းစိတ်ဝင်စားနေတာ
။ ခဲပန်းချီပုံတူဆိုတော့ ပိုသဘာဝကျတယ်တဲ့။ နင့်ကိုလဲ မမြင်ဖူး
င်က အရမ်းအထင်ကြီးနေတာ"

"အဲမယ်…ငါ့ကို လာမဖားပါနဲ့"

"ဖါးရမှာပေါ့ဟယ်…နင်ဆွဲပေးတဲ့ပုံတူကိုမှ လိုချင်တာကိုး။
 ဘာမှ လက်မဖွဲ့နဲ့။ ခဲပန်းချီပုံတူပဲ ဆွဲပေးနော်"

သုဒ္ဓါက ပုံတူဆွဲပေးဖို့ လက်ခံလိုက်ပါသည်။ နီမာနဲ့ သူမရဲ့
ိုကြီး(ကိုဇင်သန့်) တို့၏ နှစ်ယောက်တွဲဓါတ်ပုံကို ယူလာကာ ပုံတူ
ွဲပေးပြီး မင်္ဂလာဆွမ်းကျွေးပွဲနေ့တွင် လက်ဖွဲ့ပေးမည်ဟု ဆုံးဖြတ်
ိုက်ပါသည်။

ဒီအတိုင်းကြီး စက္ကူလိပ်နဲ့ မပေးလို၍ ဘောင်တွေကို
တော့ တန်ဖိုးကြီးကြီး သစ်အမျိုးအစားထဲက တစ်မျိုးကိုရွေးပြီး ကနုတ်
န်းချီကားဘောင်အဖြစ် သီးသန့်အပ်လိုက်ပါသည်။

ကျန်သူငယ်ချင်းနှစ်ယောက်ဖြစ်သော ယဉ်ယဉ်နဲ့စန္ဒီတို့က
တော့···

"နင်က···ပုံတူလက်ဖွဲ့လိုက်တယ်ဆိုတော့ ငါတို့က နှစ်ယောက်ပေါင်းပြီး တစ်ခုတော့ ဝယ်လက်ဖွဲ့ရမယ်။ ငါတို့လဲ သူ့လူကြီးကို သိပ်မကြည်တာနဲ့ နီမာ့အတွက်ပဲလို့ရည်ရွယ်ပြီး ပုလဲလော့ကတ်
လေးတစ်ခု ဝယ်လက်ဖွဲ့လိုက်တယ်"

ဟု သဒ္ဒါကို အသိပေးပါသည်။

သုဒ္ဒါတို့လေးယောက်က ကျိုကျိုတက်ချမ်းသာကြွယ်ဝကြ
သော လူတန်းစားထဲကမျိုး မဟုတ်ကြတာလဲ ညီသည်။

သို့သော် သူ့အဆင့်အတန်းနဲ့သူတော့ ပြည့်စုံကြသူတွေချည်း ဖြစ်သည်။ မင်္ဂလာဈေးထဲမှာ အထည်ဆိုင်ရှိသော ယဉ်ယဉ်၊ ဆရာဝန်ကြီးသမီး စန္ဒီ၊ ပန်းချီဆရာကြီးသမီး သုဒ္ဒါနှင့် ပုံနှိပ်စက်ပိုင်ရှင်သမီး နီနီမာတို့ဟာ တက္ကသိုလ်ရောက်မှ ခင်ကြမင်ကြသူတွေ ဖြစ်ပေမဲ့ အားလုံးက ဂုဏ်ပကာသနမမက်၊ သိပ်မကြွားဝါတတ်၊ ပစ္စည်းဥစ္စာ မပြိုင်ဆိုင်တတ်ကြဘဲ ခပ်ပျော်ပျော်နေတတ်ကြသည့် စရိုက်တူခဲ့ကြ
တာမို့ အရင်းနှီးဆုံး သူငယ်ချင်းအုပ်စုတစ်စု ဖြစ်ခဲ့ကြတာပင်။

နီနီမာတို့၏ မင်္ဂလာဆွမ်းကျွေးက ဆွမ်းစားကျောင်းတိုက်ကြီး





ထဲမှာမို့ တော်တော်ကြီး ကျယ်ဝန်းပါသည်။ သံဃာတော်နှင့် သီလရှင်များကိုတော့ ဆွမ်းစားဆောင်၏အပေါ်ထပ်မှာ ဆွမ်းကပ်ရပြီး လူဧည့်ပရိသတ်ကိုတော့ အောက်ထပ်မှာ စားပွဲကုလားထိုင်ချပြီး ဧည့်ခံလေရာ ဘုန်းကြီးကျောင်းပေမယ့် ဖိနပ်ချွတ်စရာ မလိုပါ။

သုဒ္ဒါကတော့ ယဉ်ယဉ့်အိမ်မှာ သွားစုပြီး ယဉ်ယဉ်မောင်းသော ဆလွန်းကားလေးဖြင့် စန္ဒီ့ပါ ဝင်ခေါ်ပြီး သုံးယောက်အတူတူ လာပါသည်။

ဧည့်ခံပွဲက နံနက်ကိုးနာရီ စ,လေရာ သုဒ္ဒါတို့ကတော့ လူရှင်းတွေမို့ ကိုးနာရီမထိုးခင်လေးမှာ ရောက်သွားပါသည်။

နီမာက အဖြူရောင်ချိပ်လုံချည်၊ ပုဝါ၊ ဆံထိုးတို့ဖြင့် အဆင်သင့် ဖြစ်နေသည်။ ဧည့်သည်တွေ သိပ်မရောက်သေး၍ နီမာဟာ သူမ၏သတို့သားလက်မောင်းကိုတွဲရင်းမှ သုဒ္ဒါ၏လက်ဖွဲ့ပန်းချီကားကို စိတ်ဝင်တစား ဖေါက်ကြည့်ပါသည်။

"ဟယ်···ကောင်းလိုက်တာ၊ ကြည့်စမ်း···ကိုကြီး···တွေ့လား။ နီမာ့သူငယ်ချင်း ဘယ်လောက်တော်လဲဆိုတာ အမြဲတမ်းအမှတ်တရဖြစ်အောင် ခန့်ခန့်လေး လုပ်ထားတယ်"

သတို့သမီးက ဝမ်းသာလုံးဆို့ကာ ခုန်ပေါက်နေပါသည်။

"အရမ်းကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်လဲ…တစ်ခါ
ပုံတူမဆွဲခံရဖူးတော့ ပုံတူသာ ပန်းချီဆွဲရင် ဘယ်လိုနေမလဲလို့ အရ
သိချင်နေတာ…။ ပန်းချီဆရာကြီး ဦးဘောဂသမီး ဗီသပါတယ်
မသုဒ္ဒါဆွဲတာ ဆေးရောင်မပါဘဲနဲ့တောင် အရမ်းပီပြင်တာပဲ"

"သုဒ္ဒါက လူတိုင်းကို ဆွဲပေးတာတော့ မဟုတ်ဘူး။ သိ
ခင်တဲ့လူမှ ဆွဲပေးတာပါ"

"ဩော်…ဟုတ်ကဲ့…ဟုတ်ကဲ့"

"ဟဲ့…သုဒ္ဒါ နင်တို့သုံးယောက် ကြိုက်တဲ့ဝိုင်းရွေးပြီး ထို
နေနော်။ အစောကြီးလာပြီး အစောကြီးလဲ ပြန်မနေနဲ့၊ ပြီးမှ ပြန်ရမယ်
ငါတို့တွဲပြီး ဓါတ်ပုံရိုက်ကြဦးမယ်နော်…မပြန်နဲ့"

သုဒ္ဒါတို့ သုံးယောက်သား လူဆယ်ယောက်ထိုင်နိုင်သော
စားပွဲဝိုင်းကြီးတစ်ဝိုင်းမှာ ဝင်ထိုင်လိုက်ကြပါသည်။

မင်္ဂလာဆွမ်းကျွေးပွဲက ထောပတ်ထမင်း၊ ကြက်သားဆီပြန်
သရက်ချဉ်သုပ်၊ ဘာလချောင်ကြော် စသည့် ဟင်းစပ်အတွဲဖြင့် ဧည့်
ကာ အချိုပွဲက ကိတ်မုန့်မျိုးစုံနှင့် အချိုရည်များ ဖြစ်သည်။

မနက် ကိုးနာရီကျော်ကျော်မှာ လူတွေကများလာလေရ
နီမာသည် သူငယ်ချင်းတွေနားတောင် ပြန်မလာနိုင်အောင် တစ်ဝိုင်းပြီး
တစ်ဝိုင်း လှည့်ဧည့်ခံနေရတော့လေသည်။





သုဒ္ဒါတို့ သုံးယောက်တည်းသာရှိသော စားပွဲဝိုင်းမှာ နေရာလာချခံရသူမှာ စုံတွဲတစ်တွဲဟုထင်ရသော အမျိုးသား၊ အမျိုးသမီး နှစ်ယောက်နှင့် သုဒ္ဒါတို့နဲ့ မတိမ်းမယိမ်းအရွယ်ရှိ ကောင်လေးသုံးယောက် ဖြစ်ပါသည်။

ထိုကောင်လေးသုံးယောက်ထဲတွင် မိုးနတ်ပါနေလိမ့်မည်ဟု သုဒ္ဒါ လုံးလုံး သိမထားခဲ့ပါ။

ဒီဝိုင်းမှာ စ,ဝင်ထိုင်လိုက်ကတည်းက အဲ့ဒီသုံးယောက်ထဲက တစ်ယောက်ဟာ သုဒ္ဒါတို့ကို သာမန်ကာလျှံကာ လှမ်းကြည့်ပြီး တစ်ချိန်လုံး မိုဘိုင်းလ်ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်လွန်းနေခဲ့သူမှာ မိုးနတ် ဖြစ်ကြောင်း သိပ်မကြာခင်မှာပင် သိခွင့်ရခဲ့ပါသည်။

သူတို့ဝင်ထိုင်ပြီး တော်တော်လေးကြာမှ နီမာတို့စုံတွဲ ဒီဘက်ဝိုင်းတွေဘက် ပြန်ရောက်လာခဲ့ကြသည်။

ကိုဇင်သန့်က ကောင်လေးသုံးယောက်ကို မြင်မြင်ချင်း…

"ဟာ…ညီလေး ဘယ်တုန်းကရောက်နေလဲ၊ အန်ကယ်လ်တို့ရော…"

ဟု မိုဘိုင်းလ်ဖုန်းပိုင်ရှင် သူ့ကို စ,နှုတ်ဆက်လိုက်သည်။

"မအားလို့…အစ်ကို။ မေမေကလဲ ပစ္စည်းအသစ်ဝင်စရာ

ရှိလို့ သတင်းစောင့်ရမှာမို့ မလာဖြစ်ဘူး။ အဲဒါ ကျွန်တော့်ကို ကိုယ်စားလှယ်လွှတ်လိုက်တယ် စိတ်မရှိပါနဲ့…"

"ဩော်…ရပါတယ်ကွာ"

"ဒါက … ကျွန်တော်တို့ကုမ္ပဏီက မန်နေဂျာတွေပါ။ ကိုဇေယျနဲ့ ကိုကျော်ဦးပါ"

"ဟုတ်ပြီ…ဟုတ်ပြီ။ နောက်ဆို…ကျွန်တော်တို့ အမြဲတွေ့နေရမှာပဲ…အခုထဲက ဆုံထား၊ သိထားရတာ ပိုကောင်းတာပေါ့ဗျာ"

ကိုဇင်သန့်က နီမာ့လက်ကို လာဆွဲလိုက်ပြီး…

"နီမာ…ဒါ…ကိုကြီး အခု အလုပ်အတူ စလုပ်တော့မယ့် ဘုန်းလျှံကုမ္ပဏီကလေ…။ ဒါ ဦးဘုန်းလျှံရဲ့သား ကိုမိုးနတ်တဲ့…။ ကိုမိုးနတ်က အီလက်ထရောနစ် စက္ကင်းရီးယား တက်နေတယ်။ သူတို့ကတော့ မန်နေဂျာကိုဇေယျနဲ့ ကိုကျော်ဦးတို့ပဲ"

ဟု မိတ်ဆက်ပေးပါသည်။

ဘုန်းလျှံကုမ္ပဏီ၊ ဦးဘုန်းလျှံ၊ မိုးနတ်ဟူသော အမည်နာမတို့ကို သူဒ္ဒါ…ရင်းနှီးပြီးသား ဖြစ်ရာ မထင်မှတ်ပါဘဲ မိုးနတ်ကို နီမာ့အမျိုးသား ကိုဇင်သန့်နှင့် ဆက်စပ်နေကြောင်း သိလိုက်ရ၍ သူဒ္ဒါ အနည်းငယ်မျှ အံ့ဩပါသည်။





အများကြီး မအံ့ဩသည်မှာ ကိုဇင်သန့်ဟာလည်း ကိုယ်ပိုင်စာရေးကိရိယာ ထုတ်လုပ်သော လုပ်ငန်းငယ်ကလေး၏ ပိုင်ရှင်ပေမို့ မိုးနတ်တို့လို အရောင်းကုန်တိုက်ပိုင်ရှင် ကုမ္ပဏီကြီးများနှင့် စီးပွားရေးချင်း မတော်တဆ ဆက်စပ်နေဖို့ကလဲ ဖြစ်နိုင်ချေရှိ၍ပင်။

မိုးနတ်ဟာ အနီးအပါးရှိ ယောကျ်ားသား တော်တော်များများတို့ ကြားထဲမှာတောင် အလိုလိုထင်ပေါ်နေလျှက် သူ့ကိုယ်ရောင်ကိုယ်ဝါတို့သည် မဖန်တီးပါဘဲ တောက်ပနေသယောင်ယောင် ထင်ရစေသော ဘုန်းကံမျိုးကိုလည်း ပိုင်ဆိုင်ထားပါသည်။

ရုပ်ရည်ကလည်း သူ့လိုပင် ချောမောပြေပြစ် ကြည့်ကောင်းလှသူတွေ တစ်ပုံကြီးရှိပေမဲ့ သူ့ကျတော့ တစ်မျိုးပင်ထူးခြားနေပြန်တာ ငြင်းမရ။

ဘာပြောမလဲ…။ ရုပ်ရည်ချောမောမှုနဲ့ ကိုယ်ရောင်ကိုယ်ဝါ အရှိန်ဖြာမှုတို့အပြင် မိမိကိုယ်ကို သိပ်ပြီးအထင်ကြီးစိတ်ချနေဟန် ဂုဏ်မောက်သော မျက်နှာပေးတို့က တစ်မျိုးထူးခြားလျှက် မိုးနတ်ဟာ တစ်ခါမြင်ဖူးရင်မြင်ဖူးသလောက် ဘယ်တော့မှမေ့လို့၊ ဖျောက်လို့ မရနိုင်သည့် ရုပ်ရည်မျိုးရဲ့ပိုင်ရှင်ပင်တည်း။

"ဒါက… ကျွန်မအချစ်ဆုံးသူငယ်ချင်းတွေပါပဲ…ကျောင်း

အတူတူတက်နေဆဲပေါ့။ သူက သုဒ္ဓါတဲ့…။ သူက ယဉ်ယဉ်ပါ… သူက စန္ဒီကျော်ပါ”

မိုးနတ်က မိန်းကလေးသုံးယောက်တို့ကို ကြည့်သည်ဆိုရုံ ပြုံးသည်ဆိုရုံသာ နှုတ်ဆက်ပေမဲ့ ကျန်တဲ့ကိုဇေယျနဲ့ ကိုကျော်ဦးတို့ကတော့ ဖေါ်ဖေါ်ရွေရွေ စကားအနည်းငယ်ပြောပါသည်။

အဲဒီနေ့က မိုးနတ်တို့သုံးယောက် အလှူပွဲမပြီးခင် ပြန်သွားကြပြီး သုဒ္ဓါတို့ကတော့ နီမာ့အလိုကျ ပွဲပြီးသည်အထိ နီမာတို့နှစ်ယောက်နေမဲ့ အိမ်ခန်းကိုလိုက်ပို့ကြ၊ ဆွေမျိုးတွေ…ရွှေကြိုးတားကြသည်အထိ ပါဝင်ဆင်နွှဲပြီးမှ ပြန်ခဲ့ပါသည်။

×××





အိမ်ချင်းကပ်ရက်ဖြစ်တာကြောင့် အဲ့ဒီတစ်ခါ ဆုံဖြစ်ပြီးမှ တော်တော်ကြာကြာပင် လူချင်းမဆုံဖြစ်ကြဘဲ နှစ်လကျော်အကြာ ရက်တစ်ရက်မှာ ပြန်ပြီးဆုံတွေ့ခဲ့ကြရလေသည်။

ထိုနေ့က သုဒ္ဓါက ကျောင်းမှအပြန်…သူမ၏အိမ်ရှိရာ လမ်းတွင်းသို့ လမ်းလျှောက်ဝင်လာတာဖြစ်သည်။ အိမ်မှာသွားလာဖို့ ကားလေးတစ်စီးရှိပေမဲ့ ဖေဖေ၊ မေမေ အသုံးလိုသည့်အခါမျိုး၊ ညီမလေး ဒါလီ့ကို ကျူရှင်ပို့ရမည့် အခါမျိုးတွေနှင့် တိုက်နေလျှင်တော့ သုဒ္ဓါက ကျောင်းကို ဘတ်(စ်)ကားစီးပြီး သွားလိုက်တာမျိုးလဲ လုပ်တတ်သလို

စန္ဒီတို့ ယဉ်ယဉ်တို့အိမ်တွေက လိုက်ပို့တာနဲ့ကြုံလျှင်လည်း သူတို့ကားကြုံကို လိုက်စီးစမြဲ။

အားလုံးက သိပ်အချမ်းသာကြီးတွေ မဟုတ်၍ ကိုယ်တိုင်ကားတစ်စီး ယူမောင်းပြီး ကျောင်းသွားနိုင်သူတွေ မဟုတ်ကြပါ။

ကြုံရင်ကြုံသလို ဘတ်(စ်)ကား စီးဖြစ်သည့်အခါတွေလည်း ရှိကြသည်။ တစ်ခါတလေ…ပိုက်ဆံစုထည့်ပြီး 'ကက' တက္ကစီငှားစီးကြတာမျိုးတွေလဲ လုပ်တတ်သည်။ တစ်ခါတလေ တစ်ယောက်ယောက် အိမ်ကကားကို ကပ်စီးကြတာမျိုးလဲ ရှိတတ်ပါသည်။

ထိုနေ့ကတော့ ဘယ်သူ့အိမ်ကမှ ကားမအားကြ၍ ဘတ်(စ်)ကား အတူတူစီးပြီး ပြန်လာခဲ့ကြတာ ဖြစ်ပါသည်။

ဘတ်(စ်)ကားဂိတ်မှ အိမ်ကို အေးအေးလူလူ လမ်းလျှောက်လာစဉ် လမ်းချိုးထဲကို မောင်းဝင်လာသော သီချင်းသံဆူဆူညံညံနှင့် ဝှန်းဒိုင်းကျဲအောင် မောင်းလာသည့်ကားတစ်စီးကြောင့် သုဒ္ဓါ လန့်ဖြန့်ပြီး တစ်ချက်လှည့်ကြည့်ကာ လမ်းဘေး ကပ်လျှောက်လိုက်ပါသည်။

ရုတ်တရက် လှည့်ကြည့်ရုံဖြင့် 4WD (ဖိုးလ်ဝီးဒရုဖ်) မောင်းလာသော ယောကျ်ားလေးအုပ်စုတစ်စုဟုသိရလျှင် သုဒ္ဓါပိုပြီး မျက်နှာကို တည်ထားမိတော့သည်။





"ဟေး…ဘယ်သွားမလို့လဲ"

"Hello...Lady"

"ရင်ခုန်စရာများပေးခဲ့သူလေးရေ"

"ဖြည်းဖြည်းလျှောက် ချော်လဲနေမယ်…လှလှတွေ ပျက်ကုန်မယ်"

ကောင်လေးအုပ်စုတို့ရဲ့ထုံးစံအတိုင်း ဘာရယ်၊ ညာရယ်မဟုတ် လှမ်းနောက်သံများက သုဒ္ဓါ၏နောက်ကျောမှာ ကပ်ပါလာသည်။

ကားက ခုနကလို မြန်မြန်ကြီးမမောင်းတော့ဘဲ ဘီးလှိမ့်ရုံမောင်းသလိုလုပ်ကာ သုဒ္ဓါ၏နံဘေးမှာ ပါလာသည်။

"နာမည်လေး သိချင်တယ်"

"လှတယ်…ဒါပေမဲ့ ရိုးတယ်"

သုဒ္ဓါ မျက်နှာကို အစွမ်းကုန်ထပ်တင်းလိုက်ပြီး ဘေးဆီကိုဆတ်ခနဲ လှည့်ကြည့်လိုက်ပါသည်။

ရှေ့ခန်း၊ နောက်ခန်းတွေမှာ ပါလာသောကောင်လေးတွေခေါင်းထွက်ပြီး နောက်နေပေမဲ့ ကားမောင်းလာသူက တစ်ချက်မှပင်လှည့်မကြည့်ပါ။ သူက သူငယ်ချင်းတွေအလိုကျ ခပ်ဖြည်းဖြည်းမောင်းပေးနေပုံရသည်။

ဘေးတိုက်မြင်ရပြီး သေသေချာချာကြီးလဲ ကြည့်ဖြစ်တာ မဟုတ်၍ သုဒ္ဒါသည် သူ့ကို မိုးနတ်ဖြစ်နေမည်ဟု မထင်ခဲ့ပါ။

သုဒ္ဒါက ရုပ်ရည်ခပ်သန့်သန့်နှင့် သူမတို့လို ကျောင်းသားအရွယ် ကောင်လေးတွေလဲဖြစ်တာမို့ စိတ်ထဲမှာ သိပ်အကြောက်ကြီးဖြစ်မသွားဘဲ သူတို့ နာသွား၊ ရှက်သွားအောင် ပြောထည့်လိုက်ဖို့ စကားလုံးကို ရွေးချယ်ပြီးနေပြီ။

"မိကောင်းဖခင် သားသမီးပီသတဲ့လူတွေက လမ်းပေါ်မှာ ဒီလိုမျိုး ရိုင်းစိုင်းတဲ့အပြုအမူမျိုး လုပ်ကြမှာမဟုတ်ပါဘူး။ ကိုယ့်သိက္ခာကိုယ် ထိန်းတတ်ရင် ကောင်းမယ်"

"အိုး…အို"

ကောင်လေးတွေ ရှက်သလိုဖြစ်ပြီး အောက်ဆင်းသွားသည်။ အဲ့ဒီမှာ ကားမောင်းနေသောသူက ဖျတ်ခနဲ ဒီဘက်လှည့်ကြည့်လာသည်။

သုဒ္ဒါ…သူ့ကို မမြင်ရတာကြာပေမဲ့ ချက်ချင်း မှတ်မိသွားသည်။ သုဒ္ဒါ…အံ့သြသလိုဖြစ်ပြီး ငေးကြည့်နေသလို သူကလည်း သုဒ္ဒါကို အလွယ်တကူ မှတ်မိသွားနိုင်ခဲ့သည်။

သုဒ္ဒါကို တစ်ခါလောက်မြင်ရုံနဲ့ မှတ်မိဖို့ဆိုတာ တော်တော့





ို မဖြစ်နိုင်ပါ။ သုဒ္ဒါ လှပါသည်။ တခြားမိန်းကလေးတွေလိုပဲ သင့်သလောက်လှသော အနေအထားမှာပေမဲ့ သုဒ္ဒါကိုယ်တိုင်က တ်မီမီ ဝတ်စားဆင်ယင်ပြင်ဆင်ရသည်ကို သိပ်စိတ်မဝင်စားလေရာ ုဒ္ဒါ၏ အပြင်အဆင်မျိုးက ခပ်ရိုးရိုးပင်။

သုဒ္ဒါဆံပင်တွေက ကျောလယ်လောက်မှာပေမဲ့ ဆံပင်တွေက ိုင်းတွန့်လေးတွေပါသော ဆံပင်မျိုးကိုပဲ နားရွက်နှစ်ဖက်နောက်မှာ ကျောက်စီကလစ်လေးနှစ်ခုထိုးပြီး သိမ်းထားရုံ။ အခု ခေတ်စားနေ သော ပျော့စင်းဖြောင့်သွယ်သော ဆံပင်မျိုးမဟုတ်တာကတစ်ကြောင်း၊ ဝတ်အစားပုံစံ ခပ်ရိုးရိုးဝတ်တာက တစ်ကြောင်းတို့ကြောင့် သုဒ္ဒါဟာ ှတော့လှပေမဲ့ တစ်ခါမြင်ဖူးရုံနဲ့ နောက်တစ်ခါ ပြန်တွေ့ရင် ချက်ချင်း ှတ်မိနိုင်မည့်ရုပ်မျိုး မဟုတ်ခဲ့ပါ။

သို့သော် မိုးနတ်က အလွယ်တကူပင် မှတ်မိနေခဲ့သတဲ့…။

"ဩော်…ဩော် မိုးနတ်ကိုတော့ ကြည့်သွားပဲ"

"ဘာပြောတယ်"

ကောင်လေးတစ်ယောက်က ခနဲ့သလိုလို အသံမျိုးဖြင့် မိုးနတ်ကိုမှ သေသေချာချာ စိုက်ကြည့်နေပါသည်ဟု စွပ်စွဲကာလှမ်းပြောလိုက် ျှင် သုဒ္ဒါ ဒေါသထွက်ပြီး ပြန်အော်ပစ်လိုက်ပါသည်။

အဲ့ဒီမှာ မထင်မှတ်စွာပင်…

"ဟေ့ကောင်တွေ တော်ကြကွာ"

ဟု မိုးနတ်ထံမှ အသံထွက်လာပြီး ထိုအသံ၏နောက်မှာ ဆက်တိုက်ပင် သုဒ္ဓါကို သေသေချာချာ ပြန်စိုက်ကြည့်လျက်…

"ဆောရီး မသုဒ္ဓါ…မသုဒ္ဓါမှန်း ကျွန်တော် မသိလို့ပါ။ ကျွန်တော့်သူငယ်ချင်းတွေက ပျော်တတ်တာပါ…အနှောင့်အယှက်ပေး လောက်အောင် နောက်တာမျိုးတော့ မလုပ်ပါဘူး။ ဆောရီး…သူတို့ ကိုယ်စား ကျွန်တော် တောင်းပန်ပါတယ်"

သုဒ္ဓါ…ဘာပြောရမှန်းမသိဖြစ်အောင် သူက အစီအစဉ် ကျနစွာ ပြောသွားပါသည်။

ပြောပြီးပြီးချင်း သူ့ကားက အရှိန်မြင့်စွာ မောင်းထွက်သွား ခဲ့ပါသည်။

လမ်းမကျယ်လေးရဲ့ ဘေးတစ်နေရာမှာ သုဒ္ဓါတစ်ယောက် တည်း ဘာကို…အခဲမကြေမှန်းမသိ၊ ဘာကို…အလိုမကျမှန်းမသိ၊ ဘာကို…အပြစ်ပုံချရမှန်းမသိ…စသည့် 'မသိ'ပေါင်းများစွာတို့ဖြင့် လျှောက်လာခဲ့ပါသည်။

အဲ့ဒီမှာ…သူနဲ့သုဒ္ဓါ မှတ်မှတ်ရရ…ဆုံသွားခဲ့ရတာ ဖြစ်ပါ သည်။

×××





(၂)

နီမာ နေမကောင်းဘူးဟု သိရ၍ သုံးယောက်သား နီမာ့အိမ် ကို ချီတက်သွားကြသည်။ စန္ဒီက ကားယူလာ၍ စန္ဒီ့ကားကိုကပ်စီးပြီး နီမာတို့နေရာ တိုက်ခန်းကိုရောက်လာတော့ သူငယ်ချင်းတွေလာမည်ဟု ကြိုတင် အကြောင်းကြားထား၍ နီမာ ကြိုစောင့်နေပါသည်။

"ကျောင်းတောင် မလာနိုင်အောင် နေမကောင်းဖြစ်နေတယ် လို့ ဖုန်းထဲမှာပြောတော့ ငါက နင် အိပ်ရာထဲလဲနေမယ်ထင်တာ… ခုကျတော့ အကောင်းကြီးပါလား"

သုဒ္ဓါက နီမာ့ကိုယ်ကိုစမ်းရင်း ကိုယ်လဲ မပူပါဘူးဟု ဆက်ပြောသည်။

"ဟီ...ဟီ"

"ဘာ...ဟီဟီလဲ...ဟမ်း နင့်ကြည့်ရတာ ခိုးထုပ်ခိုးထည်မိတဲ့ရုပ်နဲ့"

ယဥ်ယဥ်က အကဲခတ်နေရင်း...

"ငါ မှန်းကြည့်ပြီးသားပါ"

သူ့အိမ်ရောက်ကတည်းက ပုံစံက မလုံမလဲဖြစ်နေတော့ သူတို့ လူဦးရေတိုးမဲ့အကြောင်းအရာပဲ ဖြစ်မှာပေါ့"

"ဟယ်..."

"ဟုတ်ပါ့...ယဥ်ယဥ်မှန်းတာ မှန်နေတာပဲ။ ဗေဒင်ဟောစားဖို့ ကောင်းနေပြီ"

"နီမာ...နင်နော်...ငါ့ကိုပြောတော့ ကျောင်းပြီးအောင်တက်ပြီးမှ ကလေးယူမှာဆို"

သုဒ္ဓါက စိတ်တိုသလို ပြောမိသည်။

"အေးဟယ်...ငါ ပေါ့ဆတာပါ"

"ဘာလဲ"





"နင်တို့က အပျိုတွေ...ဘယ်သိပါ့မလဲ"

"အံမယ်..."

စန္ဒီက...

"ငါ ဆရာဝန်သမီးပါဟဲ့...နည်းနည်းပါးပါးတော့ ကြားဖူးရှိပါတယ်။ ဘာလဲ...နင်...ကြိုတင်မကာကွယ်ထားမိလို့လား"

သုဒ္ဓါနဲ့ယဥ်ယဥ်တို့က ဒီလိုကြားရတာ ရှက်သလိုဖြစ်ပြီး ...တိတ်နေသည်။ အမှန်တော့ စန္ဒီက သူမကိုယ်တိုင်လည်း အဖေလို ဆရာဝန် ဖြစ်ချင်ခဲ့တာပေမဲ့ ဆယ်တန်းအောင်တော့ အမှတ်မမှီ၍ ...ိုးမေဂျာပဲ တက်လိုက်ရသူ ဖြစ်ပါသည်။

သို့သော်...သူမက ဆေးပညာနဲ့ပတ်သက်ရင် ဆော်တော့်ကို ...သန့်ကြီးလှ၍ တော်တော်ကြီး လေ့လာထားနိုင်ရာ ဘာလေးပဲ ...ဖြစ် ပြောပြနိုင်၊ ဆွေးနွေးနိုင်၊ အကြံပေးနိုင်လောက်အောင် ကျွမ်း ...ျင်နေပါသည်။

"ကာကွယ်ထားပါတယ်ဟယ်...။ ငါက...သိပ်မေ့တတ် ...က...ဆေးကို အချိန်နဲ့သောက်ဖို့လဲမေ့၊ ဒီနေ့မသောက်မိတာနဲ့ နောက် ...မှ ပြန်သောက်တာနဲ့...လွှန်ခဲ့တဲ့ သုံး၊ လေးလအတွင်း အမြဲတမ်း ...သနာဖြစ်နေတာ။ ဆေးမှန်မှန် မသောက်မိတိုင်း O.Gမမဆီ သွားရ

လွန်းလို့ အဆူခံရပေါင်းလဲ မနည်းတော့ဘူး။ ဆေးလဲ မထိုးချင်ဘူ လေ။ သောက်ဆေးက ပိုကောင်းမယ်ထင်လို့ စမ်းကြည့်တာပါ ခုတော့ ငါ မေ့လျော့တတ်တဲ့အကျင့်ကြောင့် ကိုယ်ဝန်ကရှိသွားပြီတဲ့ စ,စချင်းတော့ ပျို့တာ၊ အန်တာ မဖြစ်သေးဘူး။ အခုမှ…ခြောက် ပတ်ရမှ စဖြစ်တာ"

"ဟင်…ဒါဆို…နင် လွန်ခဲ့တဲ့လထဲက ကိုယ်ဝန်ရှိနေတာ ပေါ့"

"ဟီ ဟီ…သုဒ္ဓါ ဆူမှာစိုးလို့ မပြောရဲတာနဲ့…။ အစက တော့ ဗိုက်ပူလာမှပဲ ပြောတော့မလို့ပါပဲ။ ဒါပေမဲ့…ငါ နေမကောင်း ဘူးကြားတာနဲ့ နင်တို့က မသင်္ကာတွေဖြစ်ပြီး စစ်ဆေးမေးမြန်းကုန်တော့ အလိမ်ပေါ်တော့တာပဲ"

"အေးလေ…ဘာလုပ်လို့ရမှာလဲ။ ငါက နင် ပင်ပန်းမှာ စိုးလို့ပါ။ ကလေးတစ်ဖက်နဲ့ ကျောင်းလဲ ပြီးအောင်တက်ရမှာ သနား လို့ပါ"

"ကိုကြီးကတော့ ငါ့သဘောပဲတဲ့။ ကျောင်းဆက်မတက် နိုင်လဲ အဝေးသင် ပြောင်းလိုက်ပေါ့လို့…ပြောပါတယ်။ ငါကတော့ အင်း…ဗိုက်ပူကြီးနဲ့ ကျောင်းလာတက်ရမှာ ရှက်တယ်ဟာ…။ အဝေး





င်ပဲ ပြောင်းမလား စဉ်းစားနေတယ်"

"အေးပါ…နင် အဆင်ပြေသလိုပဲ လုပ်ပေါ့။ ငါတို့က… ဆီ အမြဲလာနေမှာပါ။ ဖုန်းလဲ အမြဲဆက်မှာပါ"

နီမာက ကြိုပြီးဘွတ်ကင်လုပ်နေပြန်သေးသည်။

"ငါ့ ကလေးလေးမွေးရင် မွေးခါစပုံ၊ တစ်နှစ်သားပုံ… ပုံလေးတွေကို နင် ခဲပန်းချီပုံတူ ဆွဲပေးမှာလား သုဒ္ဓါ"

"ဆွဲပေးမှာပေါ့ နင့်ကလေးလဲ ငါက ချစ်မှာပဲ…။ ငါက ချစ်တဲ့၊ ခင်တဲ့လူပဲ ဆွဲပေးမယ်။ မုန်းတဲ့လူ၊ ကြည့်မရတဲ့လူ၊ အမြင် ပ်တဲ့လူဆို လုံးဝမဆွဲပေးဘူး"

ထိုသို့ စကားကောင်းနေစဉ် နီမာ့တိုက်ခန်းတံခါးဝမှာ ဘဲလ် မြည်လာပါသည်။

"ကိုကြီး…နေ့လယ် ထမင်းစားပြန်လာပြီ ထင်တယ်"

ယဉ်ယဉ်နှင့်စန္ဒီတို့က ပြူးပြူးပျာပျာတွေ လုပ်ရင်း…

"ဟယ်…ငါတို့ ပြန်မှ ဖြစ်မှာပေါ့"

"ဟုတ်တယ်…အားနာစရာကြီး"

"ရပါတယ်ဟာ…ထမင်းစားတာပဲ၊ ငါ ခူးခပ်ပြင်ဆင်ပေး ိုက်ရင် သူ့ဘာသာ စားလို့ရပါတယ်"

သုဒ္ဓါကတော့ သားရေအိတ်ကို ကောက်လွယ်နေပြေ

"ဘယ်ဟုတ်မလဲ…ငါတို့ကြောင့် သူ မနေတတ်ဘဲနေမ ငါတို့နဲ့က သိပ်မှမရင်းနှီးတာ ပြန်မှပါ။ ခဏနှုတ်ဆက်ပြီး ပြန် နော် နီမာ…နင် ဇွတ်တားမနေနဲ့"

နီနီမာက ခေါင်းညိတ်ပြကာ တံခါးသွားဖွင့်နေသည်။

သုဒ္ဓါတို့သုံးယောက်သား မျက်နှာပိုးသတ်ကာ နီနီမာ့ခါ အယ်လ်ဘမ်ကိုပဲ ဝိုင်းအာရုံစိုက်ကြည့်နေခဲ့ပါသည်။

"ဟော…ဧည့်သည် ပါလာတာကိုး"

"ကိုကြီး…ထမင်း မစားဖြစ်တော့ဘူး နီမာ။ အလုပ်အ ယူစရာလေးတွေရှိလို့ ခဏအိမ်ဘက်ပြန်ဝင်လာတာ…။ နီမာ မှ လား။ ဒါ…ကိုကြီးတို့ မင်္ဂလာဆွမ်းကျွေးတုန်းကလာတဲ့ ကိုမိုး လေ။ အခု…သူတို့ကုမ္ပဏီကိစ္စနဲ့ အလုပ်မပြတ်လို့ ဝင်လာတာ ကိုမိုးနတ်က သူ့ကားနဲ့ လမ်းကြုံလို့ ပို့ပေးတယ်လေ"

"ကိုဇင်သန့်ကားက ညနေမှပြီးမယ်ဆိုလို့ ကျွန်တော်ပဲ ပေးပါ့မယ်ဆိုပြီး လိုက်ပို့တာပါ"

"ဝပ်ရှော့မှာ ဆုံလာတာလေ…ဟော…အလုပ်ကိစ္စ အ များနေတာ နီမာ့သူငယ်ချင်းတွေ ရောက်နေတာတောင်…မနှုတ်ဆ အားဘူး…ဆောရီး"





မိုးနတ်နှင့် ထိုသို့ အမှတ်မထင် ဆုံတွေ့ခြင်းတွင် သုဒ္ဓါနဲ့သူ နှစ်ယောက်သား မျက်လုံးချင်းခဏဆုံကာ ရယ်လဲမရယ်၊ ပြုံးလဲ မပြုံး မျက်နှာတည်တွေနှင့် အသီးသီး မသိဟန်ဆောင်မိပါသည်။

"ထိုင်ပါဦး ကိုမိုးနတ်…။ အရည်တစ်ခုခုသောက်ပါနော်၊ ဘာကြိုက်တတ်လဲ…အအေး၊ အပူ တစ်ခုခုပေါ့"

"ရပါတယ် မနီနီမာ…"

"ဟာ ဘယ်ဟုတ်မလဲ…ကိုမိုးနတ်၊ တစ်ခုခု သောက်မှာ ပေါ့ဗျာ"

"ဒါဆိုလဲ ကော်ဖီပဲလုပ်ပါ ရပါတယ်၊ ကျွန်တော်က ချေး မများတတ်ဘူး။ အကုန်သောက်ပါတယ်"

"ကိုမိုးနတ်…ဒါ…နီမာ့သူငယ်ချင်းတွေလေ…"

မိုးနတ်က အသာပြုံးရင်း…

"ဟုတ်ကဲ့…မှတ်မိပါတယ်"

ဟု တစ်ခွန်းသာ ပြောပါသည်။

ကိုဇင်သန့်က သုဒ္ဓါကို ဦးတည်ရင်း…

"နီမာက ပြောနေတယ်…မသုဒ္ဓါဆီမှာ နောက်ထပ်ပုံတူ တစ်ခု အပ်ရဦးမယ်တဲ့…။ သူ…ပြောပြီးပြီ ထင်တယ်"

မိုးနတ်က စိတ်မဝင်စားဟန်ဖြင့် ကော်ဖီကိုအသာငုံသောက်နေပါသည်။

"ဟုတ်ကဲ့…ပြောပြီးပါပြီ"

"ကျေးဇူးပဲဗျာ…ကျွန်တော်တို့နှစ်ယောက် ပုံတူလေးကိုလဲ အိမ်လာတဲ့လူတိုင်း သဘောကျကြတယ်။ မသုဒ္ဓါက ပရော်ဖက်ရှင်နယ် လုပ်တာ မဟုတ်လို့ ကျွန်တော်တို့က မကြော်ငြာရဲဘူး ဖြစ်နေတယ်"

မိုးနတ် ဒီလိုကြားလိုက်ရတော့ သုဒ္ဓါကို တစ်ချက်ကြည့်ပါသည်။ ကိုဇင်သန့်က မိုးနတ်ဘက်လှည့်ရင်း…

"ကိုမိုးနတ်ကတောင် သူ့မိဘတွေရဲ့ anniversary (အင်နီဗာဆေရီ)ကျရင် ပုံတူလက်ဆောင်ပေးချင်လို့ စုံစမ်းနေလေရဲ့"

မိုးနတ်က ဝန်ခံသလို ခေါင်းညိတ်ပြလျက်…

"ဟုတ်တယ်…ကျွန်တော် ဖေဖေနဲ့မေမေကို တအံ့တသြနဲ့ အမှတ်တရဖြစ်မဲ့ လက်ဆောင်လေး ပေးချင်နေတာ။ ကိုဇင်သန့်ဆီမှာ ခဲပန်းချီပုံတူကားလေးတွေ့တာနဲ့ ပုံတူဆွဲမဲ့လူကို စုံစမ်းမိတယ်။ မသုဒ္ဓါက အခကြေးငွေယူပြီး မဆွဲပေးတတ်ဘူးလို့ ပြောပြပါတယ်။ ကိုဇင်သန့် ပြောပြတော့ မသုဒ္ဓါအဖေကလဲ ပန်းချီဆရာကြီးဦးဘောဂလို့ သိရတယ်။ ဆရာကြီးကရော…ပုံတူဆွဲပေးလား"





သူက အားလုံးကို သူသိထားဟန်ဖြင့် သုဒ္ဓါကို တည့်တည့် ကြည့်ကာ ပြောပါသည်။

"ဖေဖေကလဲ…လူပုံတူပန်းချီ သိပ်မဆွဲပါဘူး။ မှတ်မှတ်ရရ ဆွဲဖူးတာဆိုလို့ အဘိုးအဘွားတွေရဲ့ ပုံတူလောက်ပါပဲ။ ကျန်တဲ့ ကားတွေက ရှုခင်းပုံ၊ မြန်မာ့ရိုးရာ လက်မှုပညာလုပ်ငန်း မြင်ကွင်းပုံလေးတွေ…အဲဒါမျိုးပဲ ဆွဲလေ့ရှိတယ်"

"ပြပွဲတွေမှာ ရောင်းဖို့လား"

"ဟုတ်တယ်…ဖေဖေရဲ့ အသက်မွေးဝမ်းကြောင်းက ဒီအလုပ်ပါပဲ။ ပန်းချီကားဝယ်စုတဲ့လူတွေနဲ့ နိုင်ငံခြားသားတွေကြိုက်မဲ့ ပန်းချီကားမျိုးပဲ ဆွဲလေ့ရှိတယ်။ ပုံအပ်လို့ ဆွဲပေးတာတော့ သိပ်မရှိပါဘူး"

"မသုဒ္ဓါ…စိတ်ပါတယ်ဆိုရင်တော့…ကျွန်တော့် မိဘစုံတွဲပုံ…ခဲပန်းချီပုံတူ အပ်ချင်တယ် လက်ခံမလား"

သုဒ္ဓါ ရုတ်တရက်တော့ အဖြေရ ကြပ်သွားပါသည်။ သုဒ္ဓါ အားနာတတ်ပါသည်။ သို့သော် တစ်သက်လုံး ကိုယ် မလုပ်ပေးဖူးတဲ့ အလုပ်ကိစ္စတစ်ခုမို့ လုပ်လဲမလုပ်ချင်။ မလုပ်လိုပါ။ ငြင်းရမှာ အားနာနာနှင့်ပင် ဖြတ်ငြင်းရပါမည်။

“သုဒ္ဓါ အပြင်လူသူစိမ်းတွေကို ပုံတူဆွဲလေ့မရှိပါဘူ
ဆောရီး”

မိုးနတ်မျက်နှာက မကျေနပ်သလိုလိုတော့ ဖြစ်သွားပါသည
ဒါပေမဲ့ သူက…တော်တော့်ကိုလျင်မြန်စွာပင် ဟန်ဆောင်လိုက်
ကာ လှိုက်လှဲစွာ ပြုံးပါသည်။

သူ..ဘာကိုပြုံးသလဲ…သုဒ္ဓါ မသိခဲ့ပါ။ အမှန်တော့ မိုးန
ဟာ သူ့ကိုယ်သူ အင်မတန်မှ အထင်ကြီးတတ်ကြောင်း၊ မိန်းကလေ
တွေဟာ သူ့ကိုမို့ဆိုလျှင် အရေးပေးအရောတဝင် နေတတ်ကြော
မိန်းကလေးတိုင်းဟာ သူနဲ့မိတ်ဆွေဖြစ်ရမဲ့ အခွင့်အရေးမျိုး၊ ရင်း
ကျွမ်းဝင်ခွင့်ရမဲ့ အခြေအနေမျိုးဆို လက်လွှတ်မခံကြကြောင်း စသဖြ
အကြောင်းအရာတွေကို လက်ခံပိုင်ဆိုင်ထားသူ ဖြစ်ရကား သူဟ
သုဒ္ဓါကိုလဲ ဤသို့ထည့်တွက်လျှက် သူ့အရေးတယူတောင်းဆိုမှု
လက်ခံသွားလိမ့်မည်ဟု ကြိုပြီးထင်နေခဲ့သူပင်။

သူ့မိဘပုံတူလေးဟာ သုဒ္ဓါအတွက် ဘာမှအခက်အခဲ မ
ပေမယ့် သုဒ္ဓါ ဆွဲမပေးချင်ပါ။ သုဒ္ဓါ…ဖြောင်ပင်ငြင်းလိုက်တေ
သူ မျှော်လင့်သလို မဖြစ်လေရာ ကသိကအောက်နှင့် အခံရခက်သွ
တာပဲ ဖြစ်လေသည်။ ထိုသို့ဖြစ်ခဲ့ကြောင်း နောက်များမှ တွေးတေ
ဆက်စပ်ကြည့်မိတာ ဖြစ်ပါသည်။





အဲ့ဒီအချိန်တွေတုန်းကတော့ သုဒ္ဓါက မိုးနတ်အကြောင်း ဘာမှ သိပ်မသိထားလေရာ မိုးနတ် ဘယ်လိုလူစား၊ ဘယ်လိုကျော်ကြားမှု တွေ ပိုင်ဆိုင်ဆိုတာကို လုံးလုံးမသိပါ။

သုဒ္ဓါ စ,သိသော မိုးနတ်က သူမတို့အိမ်ဘေးနားကို ပြောင်း လာသော မိသားစုမှတစ်ဦးတည်းသောသား သူဌေးသားလေးတစ် ယောက်အဖြစ်သာ။

မိုးနတ်ကို မိန်းကလေးတွေ ဘယ်လောက် သဘောကျကြမှန်း မိုးနတ်ဟာ သူ့ပတ်ဝန်းကျင်မှာတော့ သူ့ဟာနဲ့သူ ကျော်ကြားမှန်း သုဒ္ဓါ တကယ် မသိထားခဲ့ပါပေ။

သူဟာ…ဘာမဟုတ်တဲ့ အကြောင်းအရာလေးနဲ့ အဲ့ဒီထဲက သုဒ္ဓါကို စေးမှတ်သွားခဲ့သည်ဆိုတာလဲ သုဒ္ဓါ နောက်များမှ သိခွင့် ရခဲ့ပါသည်။

×××

နောက်တော့···သူကပဲ ဖန်တီးသလား။ တကယ်ပဲ တိုက်ဆိုင်ပြီး ဆုံကြသလား မသိရပါဘဲ သုဒ္ဒါ ကျောင်းအသွားအပြန်တွေမှာ သူကလဲ သူ့အိမ်ကနေ သူ့ကားနဲ့အဝင်အထွက်များ၊ သုဒ္ဒါတို့ရဲ့ ခြံဝန်း ခပ်သေးသေးလေးထဲမှာ ထွက်ထိုင်ဖြစ်သည့်အခါတိုင်း ပန်းပင်ရေလောင်းသည့်အခါတိုင်းတွေမှာ သူကလဲ သူ့အိမ်ရဲ့ဝရန်တာမှာ ရှိနေတာမျိုးဖြစ်ဖြစ်၊ ထွက်လာတာမျိုးဖြစ်ဖြစ် စသဖြင့် ကြုံရပေါင်း အကြိမ်တွေ များလာခဲ့ပါသည်။

မတော်တဆဆုံတိုင်း သူက သုဒ္ဒါကို အသိအမှတ်ပြုဟန် မျက်လုံးတွေနဲ့ကြည့်ပြီး ပြုံးရုံနှုတ်ဆက်ကာ မည်သည့်စကား ဖိတ်မန္တ များ ထွက်မလာပါ။ သူက သူ့ဟာနဲ့သူတော့လဲ သိပ်ကို မာနကြီးသည် တဲ့လေ···။





တဖြည်းဖြည်းနဲ့ အဲ့ဒီလို မျက်လုံးချင်းဆုံကြ၊ ပြုံးပြမိကြရင်းနဲ့ပဲ စကားတွေအများကြီးမပြောဖြစ်ကြပါဘဲ တစ်ယောက်ကို တစ်ယောက် ရင်းနှီးစပြုလာချိန်တွင် သုဒ္ဒါ အလန့်တကြား ကိုယ့်ကိုယ်ကို သတိပြုမိလာသည်မှာ သုဒ္ဒါ သူ့ကို ပုံတူဆွဲချင်လာမိတာပင်။

သူ့ရုပ်ပုံဟာ ဓါတ်ပုံပေးစရာမလိုပါဘဲ သုဒ္ဒါ၏အာရုံတွင် တစ်နေ့တာရဲ့ နာရီတော်တော်များများမှာ မှတ်မိစွာတွေးတောနေမိသည် ဖြစ်ရာ သုဒ္ဒါသည် တစ်သက်လုံးမှာ မလုပ်ဖူးခဲ့သည့် အလုပ်တစ်ခုကို လုပ်မိလေပြီ။

သုဒ္ဒါ···သူ့ရဲ့ပုံတူခဲပန်းချီလေးတစ်ပုံကို စပြီးခိုးဆွဲမိပါသည်။

မိုးနတ်ရဲ့ ရယ်မလို၊ ပြုံးမလို တည်ပဲတည်သလိုလို မျက်နှာလေးကို အမိအရဖမ်းယူလိုက်နိုင်ကာ သုဒ္ဒါ သူ့ပုံတူလေးကို စိတ်ပါလက်ပါ ဆွဲမိပါသည်။

ဒီအကြောင်းကို···သုဒ္ဒါ ဘယ်သူ့ကိုမှ မပြောပါ။ ဘယ်သူ့ကိုမှလဲ မပြပါ။ သုဒ္ဒါ သူ့ပုံလေးကို စိတ်ကြိုက်ခြယ်မှုန်းပြီးလျှင်··· ဖိုင်တွဲလေးတစ်တွဲလုပ်ပြီး ပုံတူစာရွက်ကို ညှပ်သိမ်းထားလိုက်ပါသည်။

ထိုပုံလေးကို ဆွဲပြီးသည့်နေ့က သုဒ္ဒါရင်ထဲတွင်···ငိ ~ ၀ၞ ချင်သော အရာဝတ္ထုတစ်ခုကို ပိုင်ဆိုင်ခွင့်ရလိုက်သလိုပဲ ခံ၏

နောက်တော့…သူကပဲ ဖန်တီးသလား။ တကယ်ပဲ တိုက်ဆိုင်ပြီး ဆုံကြသလား မသိရပါဘဲ သုဒ္ဒါ ကျောင်းအသွားအပြန်တွေမှာ သူကလဲ သူ့အိမ်ကနေ သူ့ကားနဲ့အဝင်အထွက်များ၊ သုဒ္ဒါတို့ရဲ့ခြံဝန်း ခပ်သေးသေးလေးထဲမှာ ထွက်ထိုင်ဖြစ်သည့်အခါတိုင်း ပန်းပင်ရေလောင်းသည့်အခါတိုင်းတွေမှာ သူကလဲ သူ့အိမ်ရဲ့ဝရန်တာမှာရှိနေတာမျိုးဖြစ်ဖြစ်၊ ထွက်လာတာမျိုးဖြစ်ဖြစ် စသဖြင့် ကြုံရပေါင်းအကြိမ်တွေ များလာခဲ့ပါသည်။

မတော်တဆဆုံတိုင်း သူက သုဒ္ဒါကို အသိအမှတ်ပြုပြာန် မျက်လုံးတွေနဲ့ကြည့်ပြီး ပြုံးရုံနှုတ်ဆက်ကာ မည်သည့်စကား ဖိတ်မန္တများ ထွက်မလာပါ။ သူက သူ့ဟာနဲ့သူတော့လဲ သိပ်ကို မာနကြီးသည်တဲ့လေ…။





တဖြည်းဖြည်းနဲ့ အဲ့ဒီလို မျက်လုံးချင်းဆုံကြ၊ ပြုံးပြမိကြရင်းနဲ့ပဲ စကားတွေအများကြီးမပြောဖြစ်ကြပါဘဲ တစ်ယောက်ကို တစ်ယောက် ရင်းနှီးစပြုလာချိန်တွင် သုဒ္ဒါ အလန့်တကြား ကိုယ့်ကိုယ်ကို သတိပြုမိလာသည်မှာ သုဒ္ဒါ သူ့ကို ပုံတူဆွဲချင်လာမိတာပင်။

သူ့ရုပ်ပုံဟာ ဓါတ်ပုံပေးစရာမလိုပါဘဲ သုဒ္ဒါ၏အာရုံတွင် တစ်နေ့တာရဲ့ နာရီတော်တော်များများမှာ မှတ်မိစွာတွေးတောနေမိသည် ဖြစ်ရာ သုဒ္ဒါသည် တစ်သက်လုံးမှာ မလုပ်ဖူးခဲ့သည့် အလုပ်တစ်ခုကို လုပ်မိလေပြီ။

သုဒ္ဒါ…သူ့ရဲ့ပုံတူခဲပန်းချီလေးတစ်ပုံကို စပြီးခိုးဆွဲမိပါသည်။

မိုးနတ်ရဲ့ ရယ်မလို၊ ပြုံးမလို တည်ပဲတည်သလိုလို မျက်နှာလေးကို အမိအရဖမ်းယူလိုက်နိုင်ကာ သုဒ္ဒါ သူ့ပုံတူလေးကို စိတ်ပါလက်ပါ ဆွဲမိပါသည်။

ဒီအကြောင်းကို…သုဒ္ဒါ ဘယ်သူ့ကိုမှ မပြောပါ။ ဘယ်သူ့ကိုမှလဲ မပြပါ။ သုဒ္ဒါ သူ့ပုံလေးကို စိတ်ကြိုက်ခြယ်မှုန်းပြီးလျှင်…ဖိုင်တွဲလေးတစ်တွဲလုပ်ပြီး ပုံတူစာရွက်ကို ညှပ်သိမ်းထားလိုက်ပါသည်။

ထိုပုံလေးကို ဆွဲပြီးသည့်နေ့က သုဒ္ဒါရင်ထဲတွင်…ပိုင်ဆိုင်ချင်သော အရာဝတ္ထုတစ်ခုကို ပိုင်ဆိုင်ခွင့်ရလိုက်သလိုပဲ ခံစားရသည့်

ဝီတိဖြင့် ကိုယ့်ရဲ့ရင်ခုန်သံ၊ ကိုယ်ပြန်သံသယရှိလာပါသည်။ ပြီးတော့ စိတ်ထဲမှာ သူ့ကိုပိုပြီးရင်းနှီးသလိုဖြစ်လာခဲ့မိတာလဲ မငြင်းလို့။

တစ်ရက်မှာတော့ သုဒ္ဓါ…ကျူရှင်မှဆင်းလျှင် အဲဒီနေ့က တစ်ယောက်တည်း ဖြစ်နေသည်။ ယဉ်ယဉ်လဲ မလာ။ စန္ဒီလဲ မလာ။ နီမာကတော့ ပြောမနေနဲ့…။ တစ်လမှာ ကျူရှင် ဆယ်ရက်တက်ရလျှင် ငါးရက်လောက်ပျက်နေသူပီပီ…ထိုနေ့ကလဲ မလာဖြစ်ပါ။

သုဒ္ဓါ တစ်ယောက်တည်း အိမ်ပြန်ဖို့ ဘတ်(စ်)ကားဂိတ်ဆီ လျှောက်လာရင်း မိုးတော်တော်ရွာလာသဖြင့် ကော်ဖီဆိုင်မှာ ခဏဝင် ထိုင်ပြီး ကော်ဖီလဲသောက်ကာ မိုးခိုလိုက်ပါသည်။

သုဒ္ဓါ…ကော်ဖီတစ်ခွက် မုန့်တစ်ပွဲမှာပြီးချိန်တွင်…

"ကျွန်တော် ဒီမှာ ခဏထိုင်ရမလား"

ဟု မေးသံတစ်သံနှင့်အတူ သုဒ္ဓါ…တစ်ခါမှမမြင်ဖူးသည့် သုဒ္ဓါတို့နဲ့ရွယ်တူ ကောင်လေးတစ်ယောက်က အနားလာရပ်ပြီး မေးပါ သည်။

"ကျွန်တော့်နာမည် ကျော်ကြီးပါ"

"မဟုတ်သေးဘူး၊ ရှင့်ကို ကျွန်မ သိစရာမလိုပါဘူး။ ပြီးတော့…ဒီဆိုင်ထဲမှာ စားပွဲလွတ်တွေအများကြီးလေ…။ အဲ့ဒီမှာ





းထိုင်လို့ရတာပဲ။ ဒီမှာ ဘာမှလာထိုင်စရာအကြောင်းမရှိဘူး"

"ကျွန်တော်…မသုဒ္ဓါကို မိတ်ဆွေဖွဲ့တာပါ"

"ကျွန်မ…လူတိုင်းနဲ့ မိတ်ဆွေမဖြစ်ချင်ဘူး။ အထူးသဖြင့် ာကျိုးလေးတွေနဲ့…"

"ကျွန်တော် နှောင့်ယှက်တာ မဟုတ်ပါဘူး…ခင်မင်တာပါ။ …မသုဒ္ဓါရဲ့စားပွဲမှာနေရာမပေးရင်လဲရပါတယ်။ ကျွန်တော် မသုဒ္ဓါနဲ့ ်ရက်ဝိုင်းမှာထိုင်လိုက်ရင်လဲဖြစ်တာပဲ"

သုဒ္ဓါ တော်တော်စိတ်ပျက်လာသည်။ ဘယ်ကဘယ်လို က်လာမှန်း မသိရဘဲ…ကိုယ့်နာမည်ကိုလဲသိပြီးနေသည့် လူ ်ယောက်က ကိုယ်နဲ့မလှမ်းမကမ်းလေးမှာထိုင်ကာ တစိမ့်စိမ့် ည့်နေလျှင် သောက်လက်စ ကော်ဖီပင်မကုန်ခင် ထပြန်ဖို့စဉ်းစားမိ ည်။

အကယ်၍သာ ထိုလူ တစ်ကောက်ကောက် ပါနေသေးရင် ာ့ ကကတက္ကစီငှားပြီး ပြန်မှပါပဲ…ဟု တွေးလိုက်သေးသည်။

အပြင်မှာ မိုးဖွဲဖွဲသာရွာနေတော့ရာ သုဒ္ဓါ ကျသင့်ငွေပေးပြီး ်အပြင် မြန်မြန်ထွက်လာပါသည်။ ထိုသူက ထင်တဲ့အတိုင်း ထ, က်လာသည်။

သုဒ္ဓါ...ခေါက်ထီးဖွင့်ဆောင်းပြီး ကားငှားဖို့ ကြိုးစားနေစဉ်

ထိုသူက...သုဒ္ဓါအနား လာရပ်ရင်း...

"စိတ်မရှိပါနဲ့၊ ကျွန်တော့်ကားနဲ့ လမ်းကြုံခေါ်ပါရစေ၊ မသုဒ္ဓါ ကားငှားနေတဲ့အတူတူ ကျွန်တော့်ကားကို ငှားတဲ့သဘော နဲ့..."

ထိုသူ့စကားမဆုံးခင်မှာ သူ့ပခုံးကို ခပ်ဆတ်ဆတ်ပုတ် ကာ...

"ဒီမှာ"

ဟု ခေါ်လိုက်သံတစ်ခုကြောင့် ထိုသူ့စကားလဲ တစ်ပိုင်းတစ် စနှင့် ရပ်သွားပါသည်။

သုဒ္ဓါ...လှည့်ကြည့်လိုက်သောအခါ မိုးဖွဲဖွဲအောက်မှာ မိုးနတ်ကို တွေ့လိုက်ရပါသည်။

"သူ့ကို ရင်းနှီးအောင်လုပ်မယ်၊ ရည်းစားဖြစ်အောင် လုပ် နိုင်မယ်ဆိုရင် မင်း ဘယ်က ဘယ်လောက် လောင်းကြေးနဲ့ နိုင်မှာ တဲ့လဲ"

သုဒ္ဓါ နားမလည်ဘဲ မိုးနတ်ကို ကြောင်ကြည့်နေသည် သို့ပေမဲ့... ကျော်ကြီးဆိုသူကတော့ ရယ်ကျဲကျဲမျက်နှာပေးလုပ် လျက်...





"ဘာတွေ လာပြောနေတာလဲကွာ၊ ကိုယ့်လမ်းကိုယ်သွား ါ။ မင်းနဲ့ မဆိုင်ပါဘူး"

"မဆိုင်ပေမဲ့ ငါ ကြားထားတယ်လေကွာ။ သုဒ္ဓါကို... ိုက်နိုင်ရင် လောင်းကြေး ဘယ်လောက်ဆိုတာမျိုး...ငါ ကြားထား တယ်"

"ငါ...ဘာလို့ ဖြေရမှာလဲ၊ မင်းက ဘာကောင်မို့ မင်း စ်ဆေးတာကို ငါက ဖြေရမှာလဲ"

"ဟေ့...ဒီမှာ အေးအေးဆေးဆေး မေးလို့မရရင် တွေ့ ား"

မိုးနတ်က ဖြန်းဆို ကျော်ကြီး၏ အင်္ကျီရင်ဘတ်ကို စု,ကိုင် ိုက်ပါသည်။ ကျော်ကြီးက မိုးနတ်လက်ကို ဆတ်ခနဲပုတ်ချရင်း

"မင်းကရော...သူ့ကို ဝင်ကယ်ရင်...ဘယ်လောက်ရမှာ ဲ့လဲ"

"ဟေ့ကောင်...မင်းနဲ့ငါ့မှာ သူ ဘယ်သူ့ကိုသိသလဲ... ရင်မေးကြည့်ဦး"

"မသုဒ္ဓါ...ဒီလူ့ကို သိသလား"

သုဒ္ဓါသည် ဘာပြဿနာတွေမှန်း မသိပေမဲ့ ခုလောလေ

ဆယ် သုဒ္ဒါသိသူမှာ…မိုးနတ်ပဲဖြစ်လေရာ သုဒ္ဒါ…ခပ်ပြတ်ပြတ်ပင်…

"သူက…ကျွန်မရဲ့ အိမ်နီးချင်းပါ"

ဟု အမှန်ဆုံးအဖြေကိုသာ ဖြေလိုက်ပါသည်။ မိုးနတ်က သုဒ္ဒါကိုကြည့်ကာ…

"မသုဒ္ဒါ ဒီကောင်တွေအုပ်စုက ကော်ဖီဆိုင် လာထိုင်တဲ့ မသုဒ္ဒါကို လိုက်နိုင်ရင် သုံးလေးရက်အတွင်း ရည်းစားဖြစ်ပြီး ကော်ဖီဆိုင်မှာ အတူတူလာထိုင်ပြနိုင်ရင် တစ်ဝိုင်းကျွေးကြေးဆိုပြီး လောင်းထားတယ်…။ အဲဒါ ကျွန်တော် သိထားလို့…ဝင်ပါတာပါ"

သုဒ္ဒါ ကျော်ကြီးဆိုသူကို တင်းထန်စွာ ကြည့်ပစ်လိုက်ပါသည်။ ရုတ်တရက်တော့ စိတ်ထဲမှာ ခံပြင်းသွားပါသည်။ သုဒ္ဒါ ဘယ်တုန်းကမှ သိမထားခဲ့သည့် ယောက်ျားလေးအုပ်စုက ဘာကြောင့် လောင်းကြေး၊ စားကြေးတွေနဲ့ အပျော်သဘော ကစားလိုသနည်းဆိုတဲ့ မေးခွန်းကို သုဒ္ဒါ ဘယ်လိုမှ…အဖြေရှာမရခဲ့။

(တကယ်တော့ အဲဒါဟာလဲ မိုးနတ်ကပဲ ဖန်တီးထားသော ဇာတ်ကွက်တစ်ခုဖြစ်ကြောင်း နောက်များမှ သိလာရတာ ဖြစ်သည်)

"တော်တော့်ကို စိတ်ဓာတ် အောက်တန်းကျတဲ့လူ"





"ဆောရီး…မသုဒ္ဒါ။ သူငယ်ချင်းတွေက မြှောက်ပေးတော့ အပျော်ဆိုပြီး ဝင်ပါတာမပါပဲ…။ ဒါပေမဲ့ အနီးကပ်တွေ့ပြီး စကား နည်းနည်းပြောခွင့်ရတော့ ကျွန်တော် တကယ်ကြွေသွားပါတယ်"

"ရှင့်ပါးစပ် ပိတ်ထားစမ်း"

ထိုအချိန်တွင် ခပ်ဖွဲဖွဲရွာနေသောမိုးက ပိုသည်းလာပါသည်။ သုဒ္ဒါကတော့ ထီးဆောင်းထား၍ မစိုပေမဲ့ မိုးနတ်ကတော့ ဘာအဆောင်းအကာမှ မပါလေရာ…သူက မိုးရေတွေကိုကြည့်လျှက်…

"မသုဒ္ဒါ ကျွန်တော် အိမ်ပြန်မှာပါ လိုက်ခဲ့ပါလား"

ဟု စပြီး ခေါ်ပါသည်။

ကျော်ကြီးဆိုသည့်လူကလဲ…မိုးနတ်ကို ထီမထင်ဟန်ပြပြီး သုဒ္ဒါ့အနားက ထွက်မသွားသေးရာ သုဒ္ဒါသည် အဲ့ဒီအခိုက်အတန့်မှာတော့ မိုးနတ်ကိုပဲ အားကိုးမိပြီး သူခေါ်တာကို ငြင်းလိုက်ဖို့ လုံးဝ စိတ်ကူးမရှိခဲ့ပေ။

သုဒ္ဒါ…သူ့ကားပေါ်ထိုင်မိချိန်တွင် လမ်းဘေးမှာရယ်ကျဲကျဲ မခိုးမခန့်လုပ်ရင်းကျန်ခဲ့သော ကျော်ကြီးကို မြင်ဖြစ်အောင် မြင်လိုက်ပါသည်။

မိုးနတ်က ကားမောင်းထွက်လာပြီး တော်တော်ကြာမှ -

ခေါင်းပေါ်က မိုးရေတွေကို မွေးပွလက်ကိုင်ပုဝါဖြင့် လက်တစ်ဘက်က သုတ်၊ ကျန်လက်တစ်ဘက်ကတော့ ကားစတီယာရင်ကို ကိုင်မောင်းလျှက် စကားစ,ပြောပါသည်။

"ဒီကောင်တွေအုပ်စုကို ကျွန်တော် သိတယ် မသုဒ္ဓါ"

"သုဒ္ဓါလို့ပဲ ခေါ်ပါ⋯ရပါတယ်"

"အိုခေ"

"ကိုမိုးနတ်က ဘယ်လို သိတာလဲ"

"သူတို့က ဒီနားတစ်ဝိုက်မှာ ထိုင်,ထိုင်နေတတ်တဲ့ ပွဲစားလိုလိုကောင်တွေပါ။ သုဒ္ဓါတို့က ဒီနားကဖြတ်ပြီး ဘတ်(စ်)ကားဂိတ်သွားနေကျဆိုတော့ သူတို့က သိနေတယ်။ သုဒ္ဓါတို့ထဲက သုဒ္ဓါကို သူတို့ရွေးပြီး ရည်းစားဖြစ်၊ မဖြစ် လောင်းထားကြတာကို တစ်ရက်မှာ ကျွန်တော် ကားပစ္စည်းလာဝယ်ရင်း ကြားသွားပါတယ်။ ဩော်⋯ ပြောရဦးမယ်။ ကျွန်တော်ကလဲ ဒီနားက ကားပစ္စည်းဆိုင်ကို ခဏခဏ ရောက်ဖြစ်တယ်။ သူတို့နဲ့ မျက်မှန်းပန်းမိနေတဲ့ သဘောပေါ့။ သုဒ္ဓါတို့ကိုလဲ အဲဒီနားကဖြတ်သွားတာ ကျွန်တော် နှစ်ခါလောက် တွေ့ဖူးပါတယ်။ အမြဲတမ်းတော့ သူငယ်ချင်းတွေပါပြီး⋯အခု ဒီနေ့ကျမှ သုဒ္ဓါတစ်ယောက်တည်းနော်"





"ဟုတ်တယ်။ သူငယ်ချင်းတွေ ဒီနေ့မှ တစ်ယောက်မှ မလာကြဘူးလေ"

"ဒီနားမှာ ဘာသင်တန်း လာတက်တာလဲ"

"ကျူရှင်ပါ၊ မေဂျာဘာသာကို ကျူရှင် လာတက်ကြတာပါ"

"ကျွန်တော်⋯သုဒ္ဓါရဲ့ ကိုယ်ရေးကိုယ်တာကို ဝင်ပါမိတာ ဆောရီးနော်"

"အို⋯ရပါတယ်။ ဘာမှ တောင်းပန်စရာ မလိုပါဘူး။ ကျွန်မက⋯အဲ သုဒ္ဓါကတောင် ကိုမိုးနတ်ကို ကျေးဇူးတင်ရဦးမှာပါ။ သုဒ္ဓါ တက္ကစီငှားမလို့ပါပဲ။ မငှားဖြစ်မချင်း ဘေးကနေ ဘယ်လောက် နှောင့်ယှက်ခံရမလဲ မသိဘူး။ အမြဲတမ်းကတော့ သူငယ်ချင်းတွေနဲ့ သွားလာနေတော့လေ။ အခုလို တစ်ယောက်တည်းကျမှ အနှောင့်အယှက် ကြုံရတော့တာပဲ"

မိုးနတ်က နားလည်သလိုလေး ပြုံးပါသည်။ သူပြုံးလျှင် မျက်ဝန်းအိမ်လေးက ရှည်ရှည်မျောမျောလေး ပိတ်ကျကာ တစ်မျိုး ကြည့်ကောင်းလှသည်။ တကယ်တော့ မိုးနတ်ဟာ လူချောလေးတစ်ယောက်ဖြစ်ရုံမက ဆွဲဆောင်မှုတစ်မျိုးပါပိုင်ဆိုင်ထားသော ယောကျ်ားတစ်ယောက်ပင် ဖြစ်လေသည်။

အဲဒီနေ့ကစပြီး သူနဲ့ သုဒ္ဒါတို့ဟာ ပွင့်လင်းစွာ ရင်းနှီးဖြစ်သွားကြပါသည်။

×××





နောက်တော့…အသွားအပြန်တွေမှာ ကြုံတိုင်း မိုးနတ်က သူနဲ့ ကားကြုံလိုက်ဖို့ ခေါ်တတ်လာသည်။

အရင်ကတော့ တွေ့လျှင်ရယ်ပြုံးနှုတ်ဆက်ပြီး ဖါသိဖါသာပင် သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွား နေလာခဲ့ကြရာမှ…နောက်ပိုင်းတော့ ဆုံတိုင်း သူကပဲ ကားရပ်စောင့်ပြီး…

"ဘယ်သွားမှာလဲ သုဒ္ဒါ…ကျွန်တော် လိုက်ပို့ပေးမယ်လေ"

ဟု ရိုးသားစွာ ခေါ်တတ်ပါသည်။ သုဒ္ဒါဟာလည်း မာနကြီးကြီးနဲ့ ငြင်းဆန်ပစ်ဖို့ ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့သည်ဖြစ်ရာ သူ နှစ်ခါလောက်ခေါ်လျှင်ပဲ အားနာလို့နေတတ်ပြီ။

များသောအားဖြင့် ကျောင်းသွားချိန်တွေမှာ ဆုံတတ်ပါသည်။ ကျောင်းပြန်ချိန်တွေကတော့ ကြုံရင်ကြုံသလို ပြန်နေကျမို့ သိပ်မဆုံ ဖြစ်ပေမဲ့ ကျောင်းသွားချိန်ကတော့ ညှိထားသလိုလို တိုင်ပင်ပြီးထွက် သလိုလို ထင်ရအောင်ပင် ဆုံဖြစ်နေသည်မှာ တကယ်တော့ မိုးနတ်က ဖန်တီးခဲ့တာ ဖြစ်လိမ့်မည်ဟု ကြာတော့ တွေးကြည့်တတ်လာပါသည်။

မိုးနတ်ကားပေါ်က ဆင်းဆင်းလာတတ်သော သုဒ္ဓါကို သူငယ်ချင်းတွေက မြင်ပါများတော့ ဟိုမေးဒီမေး လုပ်လာကြသည်။

"ခင်ရုံခင်တာနဲ့တော့ မိုးနတ်က လမ်းမကြုံဘဲနဲ့ အဲ့ဒီလောက် ကြီး လိုက်ပို့မှာ မဟုတ်ပါဘူး။ သူ…တစ်ခုခု အကြံအစည်ရှိလို့ပါ သုဒ္ဓါရယ်…။ နင်က အ,ချင်ယောင်ဆောင် မနေစမ်းပါနဲ့"

နီမာက…ယဉ်ယဉ်နဲ့စန္ဒီဆီက ပြန်ကြားပြီး တစ်ရက်ကျတော့ ကျူရှင်မှာဆုံလျှင် အဲ့ဒီအကြောင်းကို ထုတ်ပြောလာပါသည်။ နီမာ ကလဲ ဗိုက်တော်တော် ထွက်နေပြီဖြစ်ရာ ကျောင်းကို ပရက်တီကယ် ကျူတိုရီယာယ်လောက်သာလာပြီး စာမေးပွဲဖြေဖို့ ကျူရှင်တော့ မှန်မှန် တက်လာသည်။ ဒီနှစ်ပြီးရင်တော့ အဝေးသင်ပြောင်းရန် ပြင်ဆင်ထား ပြီးနေပြီ။ ဒါကြောင့် သုဒ္ဓါအကြောင်းတွေကို ယဉ်ယဉ်တို့ ပြန်မပြော ဘဲနဲ့ နီမာ ဘယ်လိုမှ မသိနိုင်။





"မ,အပါဘူး…ငါက မိန်းကလေးပါဟဲ့၊ ယောကျ်ားလေး တစ်ယောက်ဟာ…ကိုယ့်အပေါ် ရိုးသားသလား၊ မရိုးသားဘူးလား ဆိုတာတော့ ခန့်မှန်းတတ်ပါတယ်။ ကိုမိုးနတ်က ငါ့အပေါ် ခပ်ရိုးရိုးပဲ ဖြစ်မယ်လို့ ထင်ထားတယ်"

"မိုးနတ်က ရည်းစားတော်တော် ရှိထားတာနော်။ သူ့ ရည်းစားလေးတွေက အပျိုစားချည့်ပဲတဲ့…ကိုကြီး ပြောပြောနေတာ။ အပျိုစားဖြစ်မှာပေါ့လေ…ရုပ်ချောပညာတတ် သူဌေးသားဆိုတော့ တကယ့်အချောအလှလေးတွေကိုပဲ ရွေးမှာပေါ့"

သုဒ္ဓါက…ထိုသို့ကြားရလျှင် ရယ်နေမိပါသည်။

"နီမာရဲ့…နင်ပြောပုံနဲ့တင် သိသာနေပါပြီ။ ငါက အပျိုစား စာရင်းထဲမှာမှ မပါတာ သူက ဘယ်စိတ်ဝင်စားပါ့မလဲ"

ယဉ်ယဉ်က…မခံချင်သလို အသံဖြင့်…

"သုဒ္ဓါရယ်…နင်ကလဲ ချောပါတယ်ဟဲ့။ နင်က ခပ်ရိုးရိုး နေတတ်လို့ပါ။ တကယ့်တကယ်တော့ ချောပါတယ်နော်"

"ငါးကျည်း၊ ငါးခူတွေ ကျနေတာပဲ ဟီဟီ…ချောတယ် ဆိုတော့"

"ရယ်စရာ လုပ်မ နေနဲ့၊ နင့်ကို ဟိုကရည်းစားစကားပြော လာရင်ပဲ ဘာပြန်ဖြေမလဲ၊ စဉ်းစားထား"

"ဟယ်...မဖြစ်နိုင်တာတွေ...Mars(မားစ်)ဂြိုဟ်ပေါ်ကို တစ်နေ့ ငါ ရောက်မယ်ဆိုတာကမှ ပိုပြီးဖြစ်နိုင်သေးတယ် နီမာရယ်"

"ဒါဖြင့် သူက ဘာလို့ နင့်ကို ကျောင်းပို့ပေးရသလဲ...။ ငါတို့နဲ့ လမ်းမကြုံတဲ့နေ့တွေကိုပြောပါ၊ သူ လာခေါ်ပြီး အိမ်အတူ ပြန်ပါ့မယ်လို့ ကြိုပြောထားသလဲ"

သုဒ္ဓါ စိတ်ရှုပ်ရှုပ်ဖြင့် ခေါင်းတခါခါ လုပ်နေမိတော့သည်။

"ငါ...တကယ် ဘာမှ မတွေးတတ်ပါဘူး နီမာရယ်...။ သူ ငါ့ကို ရည်းစားစကားပြောရင်တောင် ငါ့မှာ အဖြေမရှိပါဘူး။ အဲ့ဒီကျမှပဲ...စဉ်းစားရမယ်။ ယောကျ်ားလေးတစ်ယောက်ကို ဘာမှန်း ညာမှန်းမသိ မျှော်လင့်သလိုကြီးနဲ့ စိတ်ကူးမယဉ်ချင်ဘူး"

သို့သော်...နောက်ပိုင်း အတွေ့အမြင်များလာ၍ သုဒ္ဓါထံမှာ မိုးနတ်ရဲ့အမူအယာမျိုးစုံ၊ မျက်နှာရှုထောင့်မျိုးစုံတို့ရဲ့ ခဲပန်းချီပုံတူ စာရွက်များလည်း တစ်စထက်တစ်စ များလာပါပြီဆိုတာတော့ သုဒ္ဓါ ဝန်မခံဖြစ်၊ ထုတ်မပြောဖြစ်၊ ထုတ်လဲ ထုတ်မပြောချင်ပါ။

သုဒ္ဓါသည် ဘယ်တုန်းကမှ သိပ်ပြီးမျှော်လင့်တကြီး ထားတတ်တာမျိုးလည်း မရှိခဲ့ပါ။ စိတ်ထဲမှာ ဖြစ်ပေါ်လာတတ်သည့် အမည်မသိခံစားချက်တွေကို ပုံတူချဆွဲခြင်းဖြင့် စိတ်ဖြေတတ်လေသည်။





ဒါကြောင့် မိုးနတ်အပေါ် ဘယ်လိုစိတ်သဘောမျိုး ရှိနေသည် ကိုလည်း သူမကိုယ်သူမ အဖြေရှာမထားခဲ့တော့ပါ။

"သူ့ဘက်က ငါ့အပေါ် ရိုးရိုးသားသား ခေါ်တယ်၊ ပြုတယ် ဆက်ဆံတယ်ဆိုရင် ငါက ဘာကြောင့်...လက်မခံစရာရှိလဲ။ သူနဲ့ ငါက ရန်သူလည်း ဟုတ်မှမဟုတ်တာ။ ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်ဟာ ရိုးရိုးသားသား မိတ်ဆွေသူငယ်ချင်းဖြစ် လို့ ရပါတယ်...။ အဲဒါ...ဘာမှမဆန်းတဲ့ အကြောင်းအရာပါပဲ"

"အေးလေ...မိုးနတ်ကလဲ၊ ဒီလိုသဘောနဲ့ဆိုရင်လည်း ကောင်းပါတယ်။ သူက လူကောင်းပါ။ စိတ်သဘောလဲ မဆိုးပါဘူး။ ဒါပေမဲ့...သိတဲ့အတိုင်းပဲလေ...၊ တစ်ဦးတည်းသောသား သူဌေးလေး ဆိုတဲ့ဂုဏ်က သူ့ကိုယ်သူ အထင်ကြီးဘဝင်မြင့်စေတယ်ပေါ့။ သူက သူ့စိတ်ထဲမှာတော့ မိန်းကလေးတော်တော်များများက သူ့ကိုဆို သိပ် လိုလားကြတယ်လို့ အလိုလို ထင်နေတာမျိုးပေါ့"

သုဒ္ဓါက...ထိုအခါ ပြတ်သားစွာပင် ပြောမိပါသည်။

"ငါ့ကို အဲဒီလို လာထင်လို့ကတော့ ဆောရီးပဲ။ သူ ဘာ ကောင်ကြီးဖြစ်နေနေ။ သူ့ဘာသာ ဘယ်လောက်ပဲချမ်းသာသာ ဂရုကို မစိုက်ဘူး"

သုဒ္ဓါရဲ့အာရုံထဲမှာတော့ မိုးနတ်ထံမှ အေးချမ်းသော ရိုးရိုး
သားသား မျက်လုံးများနှင့် ခင်မင်ဖော်ရွေသည့် အပြုံးတို့ကို မြင်ယောင်
ကာ သူ ငါ့ကိုတော့ အဲ့ဒီလိုထင်မှာ မဟုတ်ပါဘူးရယ်လို့ အတိအကျ
ပြောနိုင်နေခဲ့ပါသည်။

×××





## အပိုင်း (၂)

## (မိုးနတ်)

(၃)

သုဒ္ဓါ…ဟူသော အမည်နာမတစ်ခုကို ကျွန်တော် စတင်ကြားဖူးသည့်အချိန်မှာပဲ တစ်ပြိုင်နက်တည်း လူကိုပါ မြင်ဖူးတာဖြစ်သည်။

အဲဒီနေ့က ကျွန်တော့်ရဲ့ ရည်းစားအသစ်လေးဖြစ်သော ယုဇနှင့် ကျွန်တော် ဗိုလ်ချုပ်ဈေးကိုလာတာ ဖြစ်သည်။

ဗိုလ်ချုပ်ဈေးက ပန်းချီကားပြပွဲ ကျင်းပရာရှေ့ဖြတ်တော့ သုဒ္ဓါဟု ကျွန်တော် အမည်မသိသေးသော…မိန်းကလေးတစ်ယောက်





ကို ပြပွဲကျင်းပရာအပေါက်ဝမှာ ဖိုင်လ်တွဲလေးပိုက်ပြီး ရပ်နေသည်ကို ယုဇနက အရင်မြင်တာ ဖြစ်လေသည်။

"ကိုမိုး…အဲဒါ…သုဒ္ဓါတဲ့"

ယုဇန…ညွှန်ပြသော မိန်းကလေးက ဘာမှ သိပ်ပြီးမထူးခြားလှသော မိန်းကလေးပဲ ဖြစ်ပါသည်။

လှိုင်းတွန့်ကလေးတွေဖြစ်နေသော ကျောလယ်ရှိ ဆံပင်ရှည်ရှည်တို့ကို ခပ်ရိုးရိုးပင် နားရွက်နှစ်ဘက်အေးမှာသိမ်းပြီး ကျောက်ရောင်စုံကလစ်လေးဖြင့် သိုးပြီးထိန်းထားသည်။

ခရမ်းနုရောင် ဘလောက်(စ်)ပွပွ…အင်္ကျီလက်ရှည် လက်စည်းလေးကို ခရမ်းရောင်အပွင့်လုံချည်ရှည်ဖြင့် တွဲဝတ်ကာ ဒေါက်အသေးလေးပါသော ကြိုးသိုင်းဖိနပ်ပါးကို စီးထားပါသည်။

ဘာမှ ပြင်ဆင်မထားသော မျက်နှာပြင်မှာ သနပ်ခါးတော့ လိမ်းထားဟန်တူသည်။ ဝါဝါပြေပြေမှုန်မှုန်လေး ဖြစ်နေသည်။ မျက်ခုံးတွေက သဘာဝအတိုင်း သန်စွမ်းနက်မှောင်ပြီး ဖြောင့်စင်းနေသည်။ အဲ့ဒီမျက်ခုံးမျိုးက ဆုံးဖြတ်ချက်တွေကို ရဲရဲချရဲ၊ ပြတ်သားရဲသော လူတစ်ယောက်မှာရှိတတ်သည့် မျက်ခုံးများဟု ကျွန်တော် စာအုပ်တချို့မှာ ဖတ်ဖူးပါသည်။

သုဒ္ဒါပဟာ အသားအရေ ဝါပြေပြေလေးနှင့် သဘာဝအတိုင်း အရောင်သန်းနေသော နှုတ်ခမ်းပန်းနုသွေးတို့ကြောင့် ရုပ်ရည်ချောမော သော မိန်းကလေးမှန်း ဘယ်သူမေးမေး ဖြေမှာပင်။

ဒါပေမဲ့…ဘယ်လိုပြောမလဲ။ ပြင်ဆင်ဝတ်စားဟန်က သိပ်ကို ရိုးသားအေးဆေးနေလေရာ ယောကျ်ားလေးတစ်ယောက်ရဲ့ အမြင် အာရုံကို ကြာကြာမဆွဲဆောင်နိုင်လှပါ။

"သူက…ဘာမို့လို့လဲ"

"သူက…ယုဇနတို့အိမ်နားက မစန္ဒီဆီ လာလာနေတဲ့ သူငယ်ချင်းပါ…ယုဇနနဲ့လဲ မသိပါဘူး။ ဒါပေမဲ့ အဲ့ဒီသုဒ္ဒါက နာမည် ကြီး ပန်းချီဆရာကြီးဦးဘောဂ သမီးတဲ့…။ အခု…သူ့အဖေ ပန်းချီ ပြပွဲလုပ်နေလို့ သူ ရောက်နေတာ ထင်တယ်"

"သူကရော…ပန်းချီဆရာမလား"

"အင်း…အဲ့ဒီလိုပြောလဲရတော့ရပါတယ်။ ဒါပေမဲ့… သူက ပန်းချီကားကြီးတွေဆွဲတာမဟုတ်ဘူးလေ…။ ဝါသနာပါလို့ ခဲပန်းချီလေးတွေပဲ ဆွဲတာတဲ့။ မစန္ဒီဆီက တစ်ခါမြင်ဖူးတယ်။ မစန္ဒီကို ပုံတူဆွဲပေးထားတာလေ… အရောင်တွေမပါပေမဲ့ တော်တော်လေး လှတာပဲ။ အရမ်းလက်ရာကောင်းတယ် သိလား"

"ယုဇနရော ပုံတူအပ်ဖူးလား"

ယုဇနက…ချစ်စဖွယ်နှာခေါင်းလေးရှုံ့ရင်း ပခုံးပါတွန့်ကာ…

"သူက မာနကြီးတာလားတော့ မသိဘူး။ အခကြေးငွေ ယူပြီး ပုံတူဆွဲလေ့မရှိဘူးတဲ့…။ သူစိမ်းတွေကိုလဲ မဆွဲပေးဘူး။ သူနဲ့ ခင်တဲ့သိတဲ့လူမှ ဆွဲပေးတာမျိုးပေါ့"

"ကိုယ်ကတော့ ပန်းချီပုံတွေကို Crazy (ခရေဇီ) မဖြစ်ပါ ဘူး။ ဘာလုပ်မှာလဲ ပုံတူလိုချင်မှတော့ ကင်မရာကောင်းကောင်းနဲ့ ကိုယ့်ပုံ ကိုယ်ရိုက်မှာပေါ့"

အဲ့ဒီလို မလှမ်းမကမ်းကနေတွေ့ပြီး…မကြာမီမှာ အဲ့ဒီအမည် ကို ဒုတိယအကြိမ် ထပ်ကြားရတာကတော့ မေမေ့ထံမှ ဖြစ်ပါသည်။

"ပန်းချီဆရာကြီးမှာ သမီးလေးနှစ်ယောက်ပဲ ရှိတယ်။ သုဒ္ဒါ တဲ့…ဒါလီတဲ့။ ကောင်မလေးတွေကခပ်အေးအေးလေးတွေ…။ တော် တော်လေး ရိုးပုံရတယ် အစ်ကိုရဲ့။ ပြီးတော့…သူ့အမေ ဒေါ်မြတ်နှယ် ကြည့်ရတာ ဘာတွေမာနရှိနေမှန်း မသိဘူး…။ တစ်မျိုးပဲ သိလား"

မိုးနတ်က သုဒ္ဒါပဟူသောအမည်ကို ထပ်ကြားရလျှင် ခေါင်း ထောင်သွားမိသည်။ အိမ်အသစ်ပြောင်းလာပြီးခါစ အိမ်ဘေးပတ်ဝန်း ကျင်မှာ ဘယ်သူရှိတယ်ဆိုတာ အခုမှပဲ ကြားသိရလေရာ သူ နည်းနည်းတော့ အံ့သြသလိုလို ဖြစ်သွားသေးသည်။

"ပိုက်ဆံ သိပ်မချမ်းသာတဲ့ လူလတ်တန်းစားတွေရဲ့ မာနမျိုး ဖြစ်မှာပေါ့ကွာ။ ကိုယ်လဲ…ကြုံဖူးပါတယ်။ သူတို့တွေက သူတို့ထက် သိပ်မြင့်တဲ့လူတန်းစားနဲ့ ဆက်ဆံရရင် သူတို့မှာရှိပြီးသားမာနကို ပိုပြီး အရောင်တင်တတ်ကြတယ်ကွ။ ဆင်းရဲတဲ့ လူတန်းစားနဲ့ မတူဘူး။ ဆင်းရဲတဲ့လူက သူဌေးဆိုအထင်ကြီးပြီး အားကိုးယုံကြည် ခင်မင်လို ကြတယ်။ အဲ့ဒီ လူလတ်တန်းစားတွေကျတော့ ဘာတွေမာနကြီးမှန်း မသိ စွတ်ကြီးနေတတ်ကြတယ် မိမိ…။ မင်းက အလကားနေရင်း သဘောမနော ကောင်းနေတာ သတိထားပေါ့။ ကိုယ်က သဘောရိုး ပေမဲ့ သူတို့တွေက အထအန ကောက်ကုန်လိမ့်မယ်"

မိုးနတ်ကတော့ ကြားထဲက နားထောင်သမားလုပ်ကာ အခြေ အနေကို ဝေဖန်ကြည့်နေမိပါသည်။ သုဒ္ဓါဆိုတာက အဲ့ဒီလိုပုံစံမျိုးလား။ စက္ကန့်ပိုင်းမျှသာ ကျွန်တော် မြင်ဖူးလိုက်တဲ့ သုဒ္ဓါဟာ လူလတ်တန်းစား မာနမျိုးတွေ အလျှံပယ်မွေးမြူထားတဲ့ မိန်းကလေးလား…။

နောက်တော့ ကျွန်တော်နဲ့ သုဒ္ဓါဟာ အကြောင်းအရာများစွာ တိုက်ဆိုင်ကာ တစ်ယောက်နဲ့တစ်ယောက် သိလာကြသော အခြေအနေ တစ်ခုကို ကြုံတွေ့လာရပါသည်။

သုဒ္ဓါ့သူငယ်ချင်းဖြစ်သူ နီနီမာနှင့် ကျွန်တော်တို့ကုမ္ပဏီနဲ့





အလုပ် လာတွဲလုပ်ခါစ ကိုဇင်သန့်တို့ကြောင့် သုဒ္ဓါ ကျွန်တော့်ကို သိလာခဲ့သလား…။ ဟိုဘက်အိမ်၊ ဒီဘက်အိမ် ကပ်ရက်လူတွေမို့ မှ ကျွန်တော့်ကို သိနှင့်နေသလားတော့ မရေရာပါ။

သို့သော်…ကျွန်တော့်စိတ်ထဲမှာ ဖေဖေနဲ့မေမေ့စကားတွေ ကြောင့် အလိုလို အထင်လွဲချင်နေခဲ့သော မိသားစုဝင်မိန်းကလေးကို ကြိုတင်ပြီး ဘာကိုမခံချင်စိတ်ဖြစ်မှန်းမသိ ဖြစ်နေခဲ့ပါသည်။

တစ်ရက်မှာတော့ မှတ်မှတ်ရရ ကျွန်တော် ခံလိုက်ရသည်။

ယုဇနေ…ပြောဖူးသောစကား၊ တခြားလူတွေ ပြောဖူးသော ကားကို မမှတ်ပါဘဲ ကိုဇင်သန့်တို့အိမ်မှာဆိုတော့ ဖေဖေနဲ့မေမေ မင်္ဂလာနှစ်ပတ်လည်ကို လက်ဆောင်ပေးလို၍ ပုံတူခဲပန်းချီလေးဆွဲ ပေးဖို့ ဘယ်လိုကဘယ်လိုစိတ်ကူးနဲ့ ပြောထွက်သွားခဲ့သည် မသိ။

သုဒ္ဓါကလည်း နာမည်တစ်လုံးနဲ့နေသော သုဒ္ဓါဖြစ်လေရာ ဆွဲပေးနိုင်ပါဘူးဆိုကာ မဆိုင်းမတွ အားနာမှုမရှိစွာ ငြင်းလိုက်ပါ သည်။

ဒီလိုငြင်းပယ်တာဟာ သူများတွေအတွက်တော့ ဘာမှ ထူးခြားတာပေမဲ့…ကျွန်တော့်အတွက်တော့ တော်တော့်ကို ဆိုးရွား သော အရှုံးပင်။

မိုးနတ်ဆိုလျှင် ဘယ်မိန်းကလေးမဆို သူနဲ့…မိတ်ဆွေဖြစ်ခွင့် ခင်မင်ခွင့်ရကြဖို့ အင်မတန်မှ လိုလားကြသလို သုဒ္ဓါလဲ အနည်းနဲ့ အများတော့ လိုချင်တပ်မက်လိမ့်မည်ဟု ကျွန်တော် မျှော်လင့်ယုံကြည် ထားမိပါသည်။ အပြင်ပန်းမှာ မာနကြီးသယောင်ယောင် ဟန်ဆောင် ထားရပေမဲ့ သုဒ္ဓါကရော ဘာသားနဲ့လုထားတာမို့ ကျွန်တော့်ကို မပတ် သက်ချင်ရမှာလဲလို့ ကျွန်တော် တွေးတောမှန်းဆကြည့်ဖူးပါသည်။

တကယ်တမ်းမှာတော့ ထင်သလိုဖြစ်မလာလျှင် ကျွန်တော် ဒါကို တော်တော်ကြီး နာကျင်သွားမိသည်။

ပြီးတော့ ကျွန်တော့်ကိုဆို သိပ်အထင်ကြီး အားကျလေ့ရှိသော ကိုဇင်သန့်ရှေ့မှာ အငြင်းခံရ၍ ရှက်သလိုလို ဖြစ်သွားသည်။

အဲဒီမတိုင်ခင်က ကျွန်တော်နဲ့ ကိုဇင်သန့်တို့ ပြောခဲ့ဖူးသော စကားတွေကြောင့်လဲ ပါသည်။

ကိုဇင်သန့်တို့စုံတဲ့ ပုံတူပန်းချီကားငယ်ကိုတွေ့ပြီး မေးဖြစ် ပြောဖြစ်တုန်းက ဖြစ်လေသည်။

"ဒီပုံတူလေးက နီမာ့သူငယ်ချင်း သုဒ္ဓါက လက်ဖွဲ့ဆွဲပေး တာလေ။ ဓါတ်ပုံပေးလိုက်ရုံပဲ သူက ဆွဲလို့ရတယ်။ ဘောင်တွေ ဘာတွေ အကျအနလုပ်ပြီး လက်ဖွဲ့တာပဲ"





"ဟုတ်လား…ကျွန်တော်လဲ ဖေဖေနဲ့မေမေ့ anniversary အတွက် လက်ဆောင်တစ်ခုခု ပေးချင်နေတာ…သူတို့က ဒီနှစ် ငွေရတု လေ…။ အမှတ်တရလေးဖြစ်အောင် သားက လက်ဆောင်ဖန်တီးပေး လို့ပေါ့။ ဖြစ်နိုင်မယ်ဆိုရင်…ကိုဇင်သန့်တို့လို ခဲပန်းချီနဲ့ဆွဲထားတဲ့ ပန်းချီကားပုံစံမျိုးလေး လုပ်ပေးချင်တယ်။ အိမ်မှာ အရောင်တွေ ခြယ် ထားတဲ့ ပုံတူပန်းချီကား အကြီးကြီးတော့ ရှိတယ်…။ သူတို့ မင်္ဂလာ ဆောင်တုန်းက ပုံပေါ့။ ကျွန်တော် လုပ်ပေးချင်တာကတော့ အခုအရွယ် ပုံ ပန်းချီကားလေးလေ…။ ကိုဇင်သန့်တို့ရဲ့ "မသုဒ္ဓါကို အပ်လို့ ရမလား"

ကိုဇင်သန့်က နည်းနည်းစဉ်းစားသလိုလုပ်ရင်း…

"နီမာပြောတော့…သုဒ္ဓါက သူနဲ့မခင်ရင် ဆွဲမပေးဘူးတဲ့။ သူက အခကြေးငွေယူပြီးဆွဲတဲ့ Profressional လုပ်တာ မဟုတ်ဘူး လေ"

"ကျွန်တော် ပြောကြည့်ရင်ရော…"

"ကိုမိုးနတ်နဲ့ ခင်လို့လား…"

"သူ…ကျွန်တော့်ကို ကြိုသိထားရင် သိထားမှာပါ။ ကိုဇင်သန့်တို့ မင်္ဂလာဆွမ်းကျွေးမှာ စတွေ့တုန်းက ကျွန်တော့်ကို သိပြီးရင် သိပြီးနေလိမ့်မယ်"

"ဪ…ဒီလိုတွေလား"

"တစ်မျိုး မထင်ပါနဲ့ဗျာ၊ သူနဲ့ကျွန်တော်က ခြံချင်းကပ်ရ ပဲဗျ၊ ကျွန်တော်တို့ အသစ်ပြောင်းသွားတဲ့နေရာက သူတို့နဲ့ကပ်ရက် အချင်းချင်းတော့ မမြင်ဖူးကြသေးပေမဲ့ သိနှင့်နေပါတယ်"

ကျွန်တော်က မယုတ်မလွန် ပြောပါသည်။

ကိုဇင်သန့်က ဘယ်လို သဘောတွေပေါက်သွားသည်မသိ ဪ…ဪ…လုပ်လို့ မဆုံးဖြစ်နေပြီး…

"အေးဗျ…၊ ကိုမိုးနတ်ဆိုရင်တော့လဲ သူက ချွင်းချက် လက်ခံရင် လက်ခံမှာပေါ့။ ကျွန်တော် သိပါတယ်…ကိုမိုးနတ် အရမ်းစွံတဲ့လူပဲ။ ဘယ်နေရာမှာမဆို မိန်းကလေးတွေက ကိုမိုးနတ် မိတ်ဆွေဖြစ်ဖို့ဆိုရင် သိပ်လိုလားကြတယ်ဆိုတော့လဲ"

ကျွန်တော်က ကျွန်တော့်ရဲ့ဉာဉ်အတိုင်း ယောကျ်ားချင်း တောင် ဤသို့အားကျပြီး ချီးကျူးလျှင် အလိုလိုဂုဏ်ယူတတ်စွာ ပီတိကို ခံစားနေခဲ့ပါသည်။

နောက်တော့…ကျွန်တော့်ကို ကြိုတင်အထင်ကြီးထားခဲ့သော ကိုဇင်သန့်ထင်သလို ဖြစ်မလာဘဲ သုဒ္ဒါကပြင်းသည်ကို သူတို့အားလုံ ရှေ့မှာ ခံလိုက်ရသောအခါ ကျွန်တော် ဖြစ်သင့်တာထက်ပိုပြီး ဒေါသ





ဖြစ်လိုဖြစ်၊ ရှက်သင့်တာထက်ပိုပြီး ရှက်လိုရှက်နဲ့ သူက ဘာကောင်မ မို့လဲဟု အငြိုးအတေး ထားလိုထားမိဖြစ်ကာ…ဒါကို တနုံ့နုံ့ ပြန်ခံစား မိသွားခဲ့ပါသည်။

အဲဒီကစပြီး ကျွန်တော် သူ့ကို စောင့်ကြည့်မိလာသည်။ တကယ်ပင် တကူးတက စောင့်ကြည့်ရတာ ဖြစ်သည်။ ပြီးတော့ သူနဲ့တမင်ဆုံအောင် ကြိုးစားပါသည်။ ဆုံတိုင်း စကားပြောနှုတ်ဆက် ကားကြဲလိုက်စီးဖို့မခေါ်ဘဲ ပြုံးပြရုံလေးသာ အသိအမှတ်ပြုခြင်းဖြင့် ကျွန်တော့်ရဲ့ ပဥ္စလက်ရုတ်ရှက်တားသွားကို တီးဖို့စောင်းကြိုးတစ်ကြိုး စပြီး ညှိပါသည်။

နောက်တော့…ရက်များမကြာမီမှာ ကျွန်တော့်ကုမ္ပဏီက လုယုံဖြစ်သည့် တပည့်တစ်ယောက်ကို ဓာတ်လမ်းတစ်ပုဒ် ဖန်တီးပေး ကာ သုဒ္ဒါရဲ့ အခက်အခဲတစ်ခုကိုဝင်ပြီး ကယ်တင်ရှင်လိုလို လုပ်ပြ ခြင်းဖြင့် နောက်ထပ်ကြိုးတစ်ကြိုး ထပ်တင်လိုက်ပါသည်။

ထိုက…ထိုကနေစပြီး တစ်ကြိုးပြီးတစ်ကြိုးသော စောင်း ကြိုးများကို ညှိလိုက်၊ တင်းလိုက်ဖြင့် သုဒ္ဒါဟူသော မိန်းကလေး တစ်ယောက်ကို ညှို့ငင်ဖြားယောင်းမည့် ပဥ္စလက်တေးသွားတစ်ပုဒ် အား ကျွန်တော် စတင်ပြင်ဆင်လာခဲ့ပါပြီ။

သချာစွာပြောရဲတာကတော့ ကျွန်တော့်ရဲ့တေးသွား မစခင်မှာဘဲ သုဒ္ဒါဟာ စောင်းကြိုးညှို့သံနဲ့တင် ဖြားယောင်းခံနေရပြီ။ တေးသွားကိုသာ သုဒ္ဒါ တကယ်ကြားရလျှင်တော့ ဘယ်သို့နေမည်မသိ။

×××





""မင်းကို ကောင်မလေးတစ်ယောက်နဲ့ တွဲတွေ့လိုက်တယ် မိုးနတ်""

ထိုနေ့က···ကျွန်တော် ကျောင်းရောက်တော့ အတန်းမတက်ခင် သူငယ်ချင်းတွေနဲ့ ဆုံနေကျကင်န်တင်းကို ရောက်ရောက်ချင်း ဖိုးသော်တာက စပြီးပြောပါသည်။

နန္ဒက···ဖိုးသော်တာပခုံးကို ဖျတ်ခနဲတွန်းသလိုလုပ်ရင်း···

""မိုးနတ်ဘေးမှာ မိန်းကလေးတစ်ယောက်ပါတာ ဆန်းသလားကွာ···။ မိုးနတ်က သိပ်စွံတဲ့ကောင်ပဲ···။ ပြီးတော့ သူက ရည်းစားမရှိရင် မနေတတ်တဲ့ ကောင်လေ။ ဟား···ဟား""

ရယ်သလို၊ မောသလို လှောင်သလိုဖြင့် ပြောလိုက်ခြင်းဖြ
သည်။ သူငယ်ချင်းပေမဲ့ ကျွန်တော့်ကို ဤသို့ကျိတ်ပြီး မနာလို
ချင်သော သူငယ်ချင်းတချို့လဲ ရှိသည်။ အဲ့ဒီထဲမှာ နန္ဒလဲ ပါသည်၊
နန္ဒကတော့ ကျွန်တော်နဲ့ နေရာများစွာတွေမှာ မသိမသာရော၊ သိသိ
သာသာပါ ပြိုင်လိုသူ ဖြစ်သည်။

"မင်း တွေ့လိုက်တာ သုဒ္ဓါ ထင်တယ်"

"သုဒ္ဓါတဲ့လား"

"နာမည်ကတစ်မျိုးပါလား၊ နတ်သုဒ္ဓါဆိုတဲ့ သဘောလား"

"မဟုတ်ဘူး···သတစ်ချောင်းငင်နဲ့ ဒဒွေးနှစ်လုံးဆင့်ရေးရ
ဒါနဲ့ပေါင်းတာ သုဒ္ဓါတဲ့···။ ရှေးတုန်းက မိဖုရားကြီးတစ်ပါးနာမည်လို့
ပြောတာပဲလေ"

ကျွန်တော့်မေမေ တစ်ခါက ကြားသိလာသော သုဒ္ဓါရဲ့အမည်
ဖွင့်ဆိုချက်ကို သူတို့သိအောင် အသေအချာ ရှင်းပြမိသည်။

"လှလား"

နန္ဒက···ထပ်ပြီးမေးသည်။

"မိုးနတ် အသိဆုံးပဲလေ···။ မိုးနတ်ကို မေးပေါ့ကွ"

"မင်း မြင်တဲ့အတိုင်း ဝေဖန်လိုက်ပါ ဖိုးသော်ရာ···"





ကျွန်တော် ခပ်ပြုံးပြုံးနှင့် ဖိုးသော်တာ၏ဝေဖန်ချင်လိုမှုကို
လမ်းဖွင့်ပေးလိုက်ပါသည်။

"ခပ်ရိုးရိုးပုံစံလေး···အား ငါ သူ့ကို မြင်ဖူးသလိုလိုတော့
ရှိတယ်ကွ၊ စဉ်းစားမရဘူး။ သူ့လိုပုံစံမျိုး ငါ မြင်ဖူးတယ်"

"မြင်ဖူးမှာပေါ့ မင်းတို့ ဟိုးတစ်ခါ···တော်တော့်ကို ကြာပြီ
ကွာ၊ ငါ့အိမ်သစ်ကို လိုက်လည်ကြတဲ့နေ့တုန်းက ဝိုင်းနောက်လိုက်တဲ့
ကောင်မလေးလေ။ မင်းတို့···အဲဒီတုန်းက သူ့အကြောင်း ငါ့ကို
မေးတော့ ငါ ဘာမှ မပြောပြချင်ဘူးလို့ ပြောခဲ့ဖူးတယ်။ အဲဒါ
သူပဲ"

နန္ဒ၊ ဇာနည်၊ မင်းနိုင် စသည့် သူငယ်ချင်းတွေက ဇဝေဇဝါ
ဖြင့် စဉ်းစားနေသည်။

သုဒ္ဓါဟာ သူတို့အားလုံးအာရုံထဲမှာ များစွာနေရာမယူနိုင်ခဲ့
သော မိန်းကလေးတစ်ယောက်လဲ ဖြစ်တာမို့ လွန်ခဲ့တဲ့ခြောက်လနီးပါး
လောက်က လမ်းမှာဆုံဖူးခဲ့တဲ့···မိန်းကလေးအဖြစ် ဘယ်လိုမှ ပုံဖေါ်
လို့ ရနိုင်မည် မထင်ပါ။

"သိပ်တော့ မမှတ်မိဘူး။ သူ့ပုံလေးက ရိုးရိုးလေးဆိုတာပဲ
မှတ်မိတယ်"

"ဟုတ်တယ်။ ငါလဲ ဖျတ်ခနဲတွေ့လိုက်တော့ မိုးနတ်မှ ဟုတ်ပါလေစဆိုပြီး အံ့သြသွားတယ်"

"မင်းတို့က ဘယ်လိုလဲ…"

ကျွန်တော် ပခုံးတွန့် လက်ခါပြရင်း…

"ဒီလိုပါပဲ ခင်ရုံပဲပေါ့…"

ဟု မယုတ်မလွန်ပင် ပြောလိုက်ပါသည်။

"ဘာလို့ တွဲနေတာလဲ"

"မတွဲဖြစ်ပါဘူး…အိမ်ချင်းကပ်ရက်ကွာ၊ ကျောင်းသွားတဲ့ အချိန်လဲ တိုက်,တိုက်နေတော့ သူက လမ်းလျှောက်ပြီး ကားဂိတ်ကို သွားနေကျဆိုတော့ ငါက မိန်းကလေးတစ်ယောက်ကို အသိလဲဖြစ်ရက်နဲ့ မသိချင်ယောင်ဆောင်ပြီး မခေါ်ဘဲ မနေချင်လို့ ကားကြုံလိုက်စီးဖို့ ခေါ်တာပါ ဒါပါပဲ"

"မင်းတို့ ဘယ်လိုလုပ် သိတာလဲ"

"ဒီလိုပဲ…သူ့သူငယ်ချင်း တစ်ယောက်နဲ့ ဆက်စပ်ပြီး သိသွားကြတာပဲ။ သိပ်တော့ မဆန်းပါဘူး"

"မင်းဥစ္စာကလဲ ဒီလိုပဲ…ဒီလိုပဲနဲ့။ ဆန်းတော့မဆန်းဘူး ပေါ့။ ငါတို့ကလဲ ဒီလိုပဲ…ဟဲဟဲ…မင်းစကားကိုယူသုံးတာလေကွာ။ သိချင်လို့ မေးတာ ဒီလိုပဲ…ဟဲဟဲ"





ကျွန်တော့်မှာ ဘာမှဖြေစရာ မရှိပါ။ ကျွန်တော် သုဒ္ဓါအပေါ် တစ်စုံတစ်ရာသော အကြောင်းကြောင့် ပတ်သက်နေသည်မှန်သော်လည်း သူ့ကွယ်ရာမှာ မဟုတ်တမ်းတရားတွေတော့ လျှောက်မပြောချင်။ ကျွန်တော့်စရိုက်ကိုက ပြောလဲမပြတတ်။

"သူက…ဘယ်ကျောင်းကလဲ"

"စက္ကူင်းရီးယား ဖီးဆစ်"

"ဒါဆို…ငါတို့နဲ့ အသက်တူလောက်ပဲဖြစ်မှာပေါ့"

"ဟုတ်မှာပေါ့…"

"အခုထိတော့…ခင်ရုံပဲလား"

ဖိုးသော်တာက မနေနိုင်တော့ဘဲ…

"နန္ဒရာ…ခင်ရာကစရမဲ့ ဇာတ်လမ်းမျိုးပေါ့ကွ၊ မေးနေရသေးလား"

ဟု ဝင်ဖြေပါသည်။

"ဒါဖြင့်…ခင်ရှုပါကရော…"

ခင်ရှုပါမှာ…ကျွန်တော်နဲ့ ခုလောလောဆယ် ထား,ထားနေတဲ့ ရည်းစားကောင်မလေးတစ်ယောက်ဖြစ်ပါသည်။

"ခင်ရှုပါ…ရှိသားပဲ၊ သုဒ္ဓါက…မိတ်ဆွေသူငယ်ချင်းပါ၊ ခင်ရှုပါကတော့ ရည်းစားပေါ့"

"ခင်ရှုပါ···သိရင် ဘယ်ကြိုက်မလဲ"

"မသိပါဘူး···သူတို့ချင်းက ဘာမှဆုံစရာမရှိဘူး။ သိလဲ သိကွာ···ဘာဖြစ်လဲ သူနဲ့ရည်းစားထားတာနဲ့ပဲ တခြားမိန်းကလေး သူငယ်ချင်း မထားရဘူးဆိုတာမျိုးတော့···မဟုတ်သေးပါဘူး။ သူ တောင်···ယောကျ်ားလေးသူငယ်ချင်းတွေ ရှိသေးတာပဲ။ ငါ ဘာပြော လို့လဲ···သူလဲ ပြောမယ် မထင်ပါဘူး"

"ခင်ရှုပါက အရမ်းသဝန်တိုတာနော်၊ ငါတို့ သုံးလေးခါဆုံ ဖူးပြီး သိနေတာပဲ။ သူငယ်ချင်းမိန်းကလေးရှိတာက အကြောင်းမဟုတ် ဘူး။ အခု···မင်းကိစ္စကကျတော့ နေ့တိုင်းကျောင်းပို့ပေးနေတာကွ။ သူနဲ့အပြိုင် နောက်တစ်ယောက်တွဲတယ်ထင်နေဦးမယ်···။ ထင်လဲ ထင်စရာကိုး···"

—"နေပါစေကွာ···အကြောင်းမဟုတ်ပါဘူး။ သူမကြိုက်လဲ မတတ်နိုင်ဘူး။ ငါ ဘယ်သူ့ကိုမှ ဂရုစိုက်ခဲ့တဲ့ကောင် မဟုတ်ဘူး။ ငါ···လုပ်တာမကြိုက်ရင် မတွဲရုံဘဲ···"

"သုဒ္ဓါက···ကျတော့ရော"

ဇာနည်က စိတ်ဝင်စားပြီး မေးသည်။

"သူကလား···မင်း ဘာကို မေးချင်တာလဲ"





"မင်းအပေါ်မှာ သူ့သဘောက ဘယ်လိုမျိုးလဲ"

"အဲဒါတော့ ငါ မသိဘူး"

"မလိမ်ပါနဲ့ကွာ···မင်းက ဆရာကြီးပဲ···သိနေမှာပါ"

"မဟုတ်ဘူး···ငါ ဘာမှမသိပါဘူး။ တကယ်ပြောတာ"

ကျွန်တော်···ဘာမှမပြောပေမဲ့ သူတို့အားလုံးကတော့ ကောက်ချက်ချတာ တစ်ညီတည်းပင်။

"မိုးနတ်ပဲကွာ၊ သူ့ကိုမှမကြွေရင် ဒီကောင်မလေးကို ပြတိုက် မှာ ထားရလိမ့်မယ်"

ကျွန်တော်···ရယ်မောမိပါသည်။ ကျွန်တော့်ကို အဲဒီလို အပြောခံနေရသော ပီတိကိုပဲ ကျွန်တော် မက်မောနေတာ။

"ငါကတော့ သူ့ကိုဘယ်တော့မှချစ်လာမိမယ် မထင်ဘူး။ ငါ···တကယ်လက်တွဲဖို့ စဉ်းစားရင်တောင် သူပါမှာ မဟုတ်ဘူးလေ။ သူက ငါ့ရဲ့အသိမိတ်ဆွေပါ။ မင်းတို့လဲ အမြင်ရှင်းစေချင်တယ်။ သုဒ္ဓါက ငါ့ရဲ့ရည်းစား မဟုတ်ဘူး။ ငါ ချစ်လာမဲ့မိန်းကလေး မဟုတ် ဘူး။ ငါရွေးချယ်မဲ့ပုံစံမျိုးမဟုတ်ဘူး"

ကျွန်တော် သိနေပါသည်။ ကျွန်တော် ဒီစကားကိုအနိုင် အမာပြောတော့ သူငယ်ချင်းတွေရဲ့မျက်လုံးထဲမှာ 'ဒါဖြင့် ဘာလို့

အရေးပေးပြီး တွဲနေသလဲ' ဟူသော မေးခွန်းများကို သိမြင်နေခဲ့သည်။

အဲ့ဒီမေးခွန်းကို ကျွန်တော် ဘယ်တော့မှ ဖြေမှာမဟုတ်ဘူး ဆိုတာလဲ သူတို့သိနေလိမ့်မည်။

ထို့နောက်မှာတော့ ကျွန်တော်တို့အုပ်စုကြားမှ သုဒ္ဓါဟူသော အမည်နာမတစ်ခုကိုဖယ်ထုတ်ပစ်လိုက်ပါသည်။

ကျွန်တော်ဟာ…စိတ်ထား သိပ်ကိုကောင်းမွန်မြင့်မြတ်နေသော ယောကျ်ားမျိုးတော့ မဟုတ်ပါ။ သို့သော်…ကျွန်တော်နဲ့ပတ်သက်ပြီး တခြားမိန်းကလေးတစ်ယောက်ရဲ့သိက္ခာကို ထိခိုက်ပွန်းပဲ့မဲ့ အကြောင်းအရာ၊ အပြောအဆိုမျိုးကိုတော့ တတ်နိုင်သမျှ မလုပ်မိအောင် ကြိုးစားတတ်ပါသည်။ ကျွန်တော်နဲ့ပတ်သက်ရလို့…သုဒ္ဓါလဲ ဘာသိက္ခာမှ မပွန်းပဲ့သွားစေလိုခဲ့တာတော့ အမှန်ပဲ ဖြစ်ပါသည်။

×××





နောက်ရက်တွေမှာ ကျွန်တော် ကားကြုံခေါ်နေကျအတိုင်း သုဒ္ဓါကို ခေါ်နေရင်းမှ…တစ်ရက်မှာ သုဒ္ဓါက ကားရပ်ပေးလျှင် ကားပေါ် မတက်တော့ဘဲ…

"သုဒ္ဓါ မလိုက်တော့ဘူး…မိုးနတ်"

ဟု စပြီး ငြင်းပါသည်။

အခုတော့…သူတို့ တော်တော်လည်း ရင်းနှီးလာပြီဖြစ်ရာ သုဒ္ဓါဟာ သူ့ကို 'ကိုမိုးနတ်' ဟု မခေါ်တော့ဘဲ 'မိုးနတ်' ဟု တရင်းတနှီးပင် ခေါ်ပါသည်။

"ဘာဖြစ်လို့လဲ"

"ဟို…သုဒ္ဒါ ပြောရမှာတော့ အားနာတယ်…မိုးနတ်ရယ်"

"ပြောပါ…ဘာဖြစ်လို့လဲ"

"ဖေဖေနဲ့မေမေက…မကြိုက်ဘူး။ သူစိမ်းယောကျ်ားလေး တစ်ယောက်ရဲ့ ကားပေါ်ပါပါသွားတယ်ဆိုတာ…မဖြစ်သင့်ဘူးလို့ ပြောကြတယ်"

ကျွန်တော် မျက်ခုံးပင့်မိ၏။

"ခင်မင်လို့ပဲဖြစ်ဖြစ်…အိမ်နီးချင်းမို့လို့ပဲဖြစ်ဖြစ် ကားကြုံ လိုက်မစီးသင့်ဘူးလို့ ပြောပြပါတယ်။ စိတ်မရှိနဲ့နော်။ မိုးနတ်ကို မယုံကြည်လို့ မဟုတ်ပါဘူး။ တခြားသူစိမ်းတွေအမြင်မှာ တစ်မျိုး ဖြစ်မှာစိုးလို့ပါ…တဲ့"

"ကျွန်တော်တို့ ရိုးရိုးသားသား လူမြင်သူမြင် ကားပေါ်မှာ ထိုင်သွားတာပဲ…။ ပြီးတော့ ကျောင်းသွားချိန်တွေကလွဲရင်…သုဒ္ဒါနဲ့ ကျွန်တော် တခြားတစ်နေရာကို သွားမှမသွားတာဗျာ"

"ဟုတ်ပါတယ်…သုဒ္ဒါလဲ မိုးနတ်ရဲ့စိတ်သဘောကို သိပါ တယ်။ ဒါပေမဲ့လေ…"

ကျွန်တော်…စိတ်ထဲမှာ တစ်မျိုးတော့ ခံစားရသည်။ သူ… ကျွန်တော့်ကို မျှော်တလင့်လင့်နဲ့ ကြွေနေရုံလောက်သာ ဖန်တီးလိုပြီး





သူ့ကို ဆက်ဆံနေခဲ့တာပါ။ အခုတော့…သူ့သဘောကို ကျွန်တော် ဘာမှမသိသေးခင် ဒီလိုကြီး ပြန်စိမ်းသွားရမယ်ဆိုရင် ကျွန်တော် ကြိုးစားရသမျှ…အလကား ဖြစ်တော့မှာပေါ့"

"အိုကေလေ…ဒါဆိုလဲ…ကျွန်တော် စိတ်မကောင်းပါဘူး။ နောက်မှ…ဆုံကြရတာပေါ့ သုဒ္ဒါ…။ ကျွန်တော် သုဒ္ဒါဆီ လာလည် မယ်လေ။ အဲဒါဆိုရင်ရော…ရလား။ ကျွန်တော့်ကားနဲ့ လိုက်မစီးတော့ ဘဲ အပြင်မှာ တခြားတစ်နေရာရာမှာ စကားခဏလာပြောရင်ရော ရလား"

သုဒ္ဒါ…ကျွန်တော့်ကို တွေတွေဝေဝေဖြင့် အကဲခတ်နေ သည်။ ကျွန်တော်လဲ…သုဒ္ဒါရဲ့ မျက်ဝန်းအိမ်နက်နက်လေးကို အသေ အချာ ပြန်စိုက်ကြည့်လိုက်မိပါသည်။ မှန်တာပြောရရင်…သူနဲ့ ဒီလောက်တွေ့နေရတာတောင်…ကျွန်တော် သူ့ကို အခုတစ်ခါ လောက် စေ့စေ့မကြည့်မိဖူးပါ။

စေ့စေ့ကြည့်တော့မှ သုဒ္ဒါဟာ အသားအရေ တော်တော် လေးလှလျက် မျက်ဝန်း၊ မျက်အိမ်၊ မျက်ဆန်တို့ရဲ့ ဖွဲ့စည်းမှုဟာ လှပလွန်းနေတာကိုသိလိုက်ရသည်။ ပြီးတော့ သူမမှာ ဘုန်းကံတစ်ပါး ပါးပိုင်ထားသလိုလို ထင်ရစေသော နှုတ်ခမ်းလွှာနှစ်ထပ်တို့ရဲ့ စေ့စေ့

ဖိတ်ထားမှုက မာနလေးတစ်မျိုး ပါဝင်နေခဲ့သည်။ ဩော်…ဒါကြောင့်လဲ ရှေးခေတ်က မိဖုရားကြီးတစ်ပါးနာမည်ကို သူမ ပိုင်ဆိုင်ထားတော့တာပဲကိုး…။

ကျွန်တော် ပြန်စိုက်ကြည့်လိုက်မှ သုဒ္ဓါလဲ ချက်ချင်းမျက်နှာလွှဲလိုက်ကာ ခပ်တိုးတိုး ဖြေပါသည်။

"သုဒ္ဓါ အားတဲ့အခါတွေတော့ မိုးနတ်နဲ့ စကားပြောနိုင်မှာပါ"

ကြည့်စမ်း…ကောင်မလေးဆီမှာ လိုက်လျောမှုလေးတွေတော့ ရှိနေသားပဲ။ သေချာပါပြီ…ငါဟာ သူ့ရင်ထဲမှာ နေရာတော်တော်များများ ယူထားနိုင်ခဲ့ပြီ။ ဆောရီးပဲ‥သုဒ္ဓါ ကျွန်တော်…ခင်ဗျားကို ချစ်လာဖို့၊ ချစ်သွားဖို့၊ ချစ်မိစေဖို့…စိတ်ကူးများ လုံးဝမရှိခဲ့ပါခင်ဗျာ။

နောက်တော့လဲ ကျွန်တော်တို့ ကိုယ့်လမ်းကိုယ် သွားကြရပြီဖြစ်ရာ ကျွန်တော်လည်း အရင်ကလို သုဒ္ဓါရဲ့အရိပ်အယောင်ကို စောင့်ပြီး ကျောင်းသွားတာမျိုး မလုပ်ဖြစ်တော့ပါ။ ကိုယ့်ဘာသာ သွားချင်တဲ့အချိန်သွားပြီး…မသွားချင်တဲ့နေ့မသွားဘဲ နေလို့ရသွားပါသည်။





သို့သော်…ကျွန်တော် သုဒ္ဓါရှိရာကျောင်းဘက်ကိုတော့ နှစ်ပတ်ဆယ်ရက် တစ်ခါလောက် ရောက်အောင်သွားပြီး သူနဲ့တွေ့ဖို့၊ ဆုံဖို့၊ စကားပြောရဖို့ကို ပြန်ပြီးကြိုးစားဖန်တီးရမည့် အလုပ်တစ်ခုက ပိုလာခဲ့လေပြီ။

ပထမဆုံးအကြိမ်…သူ့ဆီကို ကျွန်တော် ရောက်သွားတဲ့နေ့က သူ ပြောပြထားတတ်တဲ့ စာသင်ဆောင်တွေဘက်ကို လှမ်းလာခဲ့လျှင် တိုက်တိုက်ဆိုင်ဆိုင် သူတို့ကို စာသင်ဆောင်၏ သီရေတာအလွတ်တစ်ခုမှာ စု၊ထိုင်နေတာ တွေ့ရ၏။

အပြင်က…ဖြတ်သွားဖြတ်လာတွေကို သိပ်ဂရုမထားမိကြတဲ့ သုဒ္ဓါတို့သုံးယောက်ကို ကျွန်တော် တန်းတန်းမတ်မတ် တွေ့လျှင်ပဲ ဝမ်းသာပြီး သူတို့ဆီကို လျှောက်သွားလိုက်ပါသည်။

"ဩော်…လူဝင်လာသံကြားလို့ မော့ကြည့်လိုက်တာ ကိုမိုးနတ် ဖြစ်နေတာကိုး"

ရုပ်ရည် မွန်မွန်ရည်ရည်နဲ့ ကြည်လင်လှသော ကောင်မလေးနှစ်ယောက်ရဲ့နာမည်ကိုတော့ ကျွန်တော် သိပ်မမှတ်မိပါ။ သို့သော် သူတို့နဲ့သုဒ္ဓါ အမြဲတွဲတယ်ဆိုတာတော့ သိထားပါသည်။

"အတန်း အားနေကြတာလား"

"ဟုတ်တယ်…တစ်ချိန်ပဲ အားတယ်လေ၊ အဲဒါ…နော
တစ်ချိန် တက်၊ မတက် ထိုင်ချွေးနွေးနေတာ…"

"မတက်ဘဲ…ဘယ်သွားကြဖို့ စိတ်ကူးနေလို့လဲ"

"အဲဒါ…မဲခွဲနေတာလေ၊ သုဒ္ဓါက (…)ဆိုတဲ့ ရှော့ပ
စင်တာအသစ်ကို သွားချင်လို့၊ ယဉ်ယဉ်ကကျတော့ ရုပ်ရှင်ရုံမှ
ရုပ်ရှင် သွားကြည့်ချင်နေတာလေ။ သူက…ရုပ်ရှင်သူရဲ။ စန္ဒီကတေ
ဘယ် ဘက်လိုက်ရမှန်းမသိဖြစ်ပြီး တွေဝေနေတယ်"

ယဉ်ယဉ်ဆိုတာ ဆံပင်ရှည်ကြီးကို အမြဲတမ်းကလစ်တစ်
ဖြင့် စည်းနှောင်ထားတတ်ပြီး ဆံပင်ကိုဖြန့်ချထားတာ တစ်ခါမှ မတွေ
ရတဲ့ မိန်းကလေးကိုး။ စန္ဒီဆိုတာကတော့ ကလေးရုပ်လေးနဲ့ အမြဲတ
နားကွင်းလေးတွေ၊ နားဆွဲလေးတွေ တလှုပ်လှုပ်နဲ့တွေ့ရသူ။ ကျွန်တေ
ဒီတော့မှ နာမည်နဲ့လူတွဲသိ၊ မှတ်သားမိတော့လေသည်။

"ကျွန်တော်ပါ ရောက်လာတော့ မဲခွဲရ ခက်သွားတော့မှာ
နော်။ အရင်က သုံးယောက် အခု လေးယောက်ဖြစ်သွားပြီဆိုတော့

သုဒ္ဓါက ကျွန်တော့်ကို အကဲခတ်ရင်း…,

"ကိုမိုးနတ်က…"

ဟု တစ်ပိုင်းတစ်စ စကားဆိုကာ ဘာမှ ဆက်မပြောပြန်ပါ





သူမဆီ လာတာလားဟု မေးချင်သလား။ ကျွန်တော် ဒီကျောင်းဘက်
ကို ရောက်လာတယ်ဆိုတာဟာ သုဒ္ဓါကို လာတွေ့တာပါလို့
ကျွန်တော့်ကို ဝန်ခံစေချင်သလား သုဒ္ဓါရယ်…။ မိန်းကလေးတွေရဲ့
စရိုက်က ဒီလိုချည့်ပဲလား။ ကိုယ့်ဆီ…ယောကျ်ားလေးတစ်ယောက်က
တကူးတက လာလည်တယ်ဆိုပြီး ဖွင့်ဟဝန်ခံစေချင်သလား။
ကျွန်တော်ဟာ စိတ်ထဲမှာမခံချိမခံသာဖြစ်နေသော မေးခွန်းပေါင်း
များစွာနှင့်…

"သုဒ္ဓါတို့ သုံးယောက်စလုံး ဆုံးဖြတ်ရအဆင်ပြေသွား
အောင် ရှော့ပင်းစင်တာကို အရင်လိုက်ပို့ပေးပြီး ရုပ်ရှင်ပါ ကျွန်တော်
လိုက်ကြည့်ပေးမယ်လေ"

ကောင်မလေးသုံးယောက် တိတ်ဆိတ်သွားပါသည်။
ကျွန်တော် ပြောပြီးမှ သတိရသည်။ သုဒ္ဓါက ကျွန်တော့်ကားနဲ့ မလိုက်
နိုင်တော့ပါလို့ ပြောထားပြီးပြီပဲ။ အခုလဲ…ကျွန်တော့်ကားနဲ့ သွားရမဲ့
အဖြစ်ကို သူ…ဘယ်လက်ခံပါ့မလဲ။

"အဲ့ဒီလောက်တော့လဲ အချိန်ကုန်မခံနိုင်ဘူး ကိုမိုးနတ်ရယ်။
ရပါတယ်…မသွားတော့ပါဘူး။ ဪ…ကိုမိုးနတ် ဒီလာလည်တာ
မုန့်လိုက်ကျွေးရမှာပေါ့နော်"

"ရတယ်လေ...သုဒ္ဒါတို့ သွားစရာရှိရင် သွားပါ။ ကျွန်တော့်ကြောင့်တော့ မဖျက်ပစ်ပါနဲ့"

ယဉ်ယဉ်ဆိုတဲ့ ဆံပင်ရှည်ရှည်ကောင်မလေးက ဝင်ပြောပါသည်။

"သုဒ္ဒါ...နင့်ဧည့်သည်ကို ဧည့်ခံလိုက်လေ၊ ငါတို့...ဘယ်မှမသွားတော့ပါဘူး။ နောက်တစ်ချိန် ပြန်တက်လိုက်တော့မယ်။ အခုတောင်...အတန်းစခါနီးနေပြီ...သွားရင်ကောင်းမယ်"

ပြောလဲပြော...သားရေအိတ်တွေကိုလဲ ကောက်လွယ်လိုက်ကြသည်။

"ကျွန်တော်လာလို့ အနှောင့်အယှက် ဖြစ်နေပြီထင်တယ်။ ဒီလိုလုပ်ပါလား...သွားစရာရှိတာ သွားလိုက်ကြပါ။ ကျွန်တော် ပြန်လိုက်မယ်"

"အို...မဟုတ်ပါဘူး၊ ရပါတယ်။ ယဉ်တို့က အတန်းတက်မလား၊ အပြင်ထွက်ရမလား ဝေခွဲမရဖြစ်နေတုန်းပါ...။ ကိုမိုးနတ်ရောက်လာတော့လဲ တစ်ခုခုဆုံးဖြတ်လို့ ရသွားတာပေါ့"

"သုဒ္ဒါ...ငါတို့ နင့်အတွက် ရီးလ်ရှိထ် ထိုးပေးထားလိုက်မယ်နော်"





သူတို့က...ချက်ချင်းလိုလိုပဲ ကျွန်တော်တို့ကိုထားကာ အတန်းပြင် ထွက်သွားကြတော့လေသည်။

"သူတို့...စိတ်ဆိုးသွားကြတာလား"

"မဟုတ်ပါဘူး...ကိုမိုးနတ်ရဲ့"

"သေချာရဲ့လား"

"သေချာပါတယ်...သုဒ္ဒါရဲ့သူငယ်ချင်းတွေက အရမ်းအားနာတတ်တာလေ...။ ဒါကြောင့်...ကိုမိုးနတ်ရောက်လာတုန်း အပြင်သွားစရာရှိတယ်။ တိုင်ပင်နေမှန်းသိသွားတော့ ကိုမိုးနတ်ကို မဆီမဆိုင်အားနာပြီး သူတို့ဘာသာမြန်မြန် ဆုံးဖြတ်သွားတာပါ"

"သုဒ္ဒါကရော..."

"ရှင်"

"ကျွန်တော်လာတော့ စိတ်အနှောင့်အယှက် ဖြစ်သွားလား"

"မဖြစ်ပါဘူး။ ကိုမိုးနတ် လာလည်မယ်လို့ ကြိုပြောထားဖူးတာပဲ။ လာလည်တာ ဘာမှပြဿနာ မရှိပါဘူး"

"ပြောထားပြီး မလာမှသာ ပြဿနာပေါ့လေ"

ကျွန်တော်မေးလိုက်တော့ သုဒ္ဒါတိတ်ဆိတ်စွာပင် ငေးကြည့်နေသည်။ သူ...ကျွန်တော့်ကို အကဲခတ်မည်။ လေ့လာမည်။ သူမ

အပေါ် ဘာကြောင့်ဒီလောက်အထိ လိုက်ပတ်သက်နေသည်။ အရေး
တယူ ရှိနေသည်တို့ကို မကြာခဏ အဖြေရှာချင်ရှာလိမ့်မည်။ သို့သော်
သူမ မျှော်လင့်ချင် မျှော်လင့်နေလိမ့်မည်ဖြစ်သော၊ ကြားလိုသော
စကားတစ်ခွန်းကိုတော့ ကျွန်တော် ဘယ်တော့မှပြောမှာမဟုတ်ပါ။
သူမလဲ ဘယ်တော့မှကြားခွင့်ရမည်မထင်ပါ။

နောက်တော့လဲ ကျွန်တော် သူ့ဆီ အကြိမ်များစွာ ရောက်
ဖြစ်လာသောအခါ ပထမအကြိမ် လာခါစကလောက် အဆန်းတကြယ်
ဖြစ်မနေတော့ပြန်ပါ။

ဒီနေရာကို…ဒီကျောင်းထဲကို မိုးနတ် ရောက်လာသည်မှာ
သူဒ္ဓါကိုတွေ့ဖို့ဆိုသော အကြောင်းအရာတစ်ခုအဖြစ် ခေါင်းစဉ်တပ်
လိုက်ကြပုံ ရပါသည်။

×××





(၄)

တစ်ရက်မှာတော့…ခင်ရွှေပါက မေးလာပါသည်။ ခင်ရွှေပါက
ဆယ်တန်းအောင်ပြီးပေမဲ့ ကျွန်တော်တို့လို တက္ကသိုလ်ဆက်မတက်ဘဲ
စက်ဘပူမှာ ကျောင်းသွားနေသူဖြစ်ရာ ကျောင်းပိတ်ချိန်တွေမှာ မြန်မာ
ပြည်ကို ပြန်လာတတ်ပါသည်။

သူ…ပြန်လာတုန်းအခိုက်မှာ မတော်တဆ ကျွန်တော်နဲ့ဆုံပြီး
ကျွန်တော့်ရည်းစားဖြစ်သွားရသော ကောင်မလေးပင်။

"ကိုကို (…)တက္ကသိုလ်ဘက်မှာ ခဏခဏတွေ့တယ်လို့
ရွှေပါ့သူငယ်ချင်းတွေက ပြောတယ်"

"အင်း…"

"သုဒ္ဒါဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်ဆို"

"သူငယ်ချင်းပါ…ရိုးရိုးခင်တာပါ"

"သူငယ်ချင်းဖြစ်ပြီး အဲ့ဒီလောက် ခဏခဏ သွားတွေ့ရရောလား၊ ပြီးတော့…သူများ ပြောတာကြားရတယ်။ သုဒ္ဒါက နာမည်မကြီးပါဘူးတဲ့"

ကျွန်တော် ခပ်ပြုံးပြုံးနှင့် ဘာမှမဖြေဘဲ နေနေတော့ ခင်ရူပါ စိတ်တိုလာပြီး ကျွန်တော့်လက်မောင်းကို ထုလိုက်ကာ…

"မထုံတက်တေးလုပ်မနေနဲ့။ ရူပါ…အဲဒီလိုရှုပ်တာ မကြိုက်ပါဘူးလို့…ပြောထားရက်နဲ့။ ကိုယ့်ဘာသာအရင်က ရည်းစား ဘယ်လောက်များများ ရူပါဂရုမစိုက်ဘူး။ ရူပါနဲ့တွဲတဲ့ အချိန်မှာတော့ ဟိုရှုပ်ဒီရှုပ်လုပ်တာ မကြိုက်ပါဘူးလို့ အစကတည်းက ကြိုပြောထားရက်နဲ့ လုပ်ရက်တယ်"

"သုဒ္ဒါက ကို့ရည်းစား မဟုတ်ပါဘူးလို့ ပြောထားပြီးပြီကွာ"

"အို…ရည်းစားမဟုတ်ဘဲ ဒီလောက်တွဲစရာလား…။ ဟိုကရော ယောကျ်ားလေးတစ်ယောက်နဲ့ ဘာမှမဆိုင်ဘဲ ဒီလောက်ကြီး





အတွဲခံရသလား…အံ့ပါရဲ့။ အေးလေ…မိုးနတ်ဆိုတဲ့ နာမည်တစ်လုံးက သူ့ကို ဆွဲဆောင်ထားတာ ဖြစ်မှာပေါ့။ ရူပါကတော့ မရဘူး။ ကိုယ်က…နိုင်ငံခြားမှာ ကျောင်းသွားနေရပေမဲ့ တွေ့ကရာလူနဲ့ boy friend (ဘွိုင်းဖရင့်) မထားဘူး။ ရည်းစားမဟုတ်ဘဲနဲ့ အတွဲမခံဘူး။ ကိုယ်နဲ့ ရည်းစားဖြစ်တဲ့လူလဲ ကိုယ့်ကွယ်ရာမှာ တခြားဇာတ်လမ်းရှုပ်တာ လုံးဝမကြိုက်ဘူး သိလား"

ကျွန်တော် စိတ်ညစ်လာပါသည်။ ကျွန်တော်က ရည်းစားထားတယ်ဆိုတာဟာ လူငယ်ပီပီ တက္ကသိုလ်တက်နေဆဲ ကျောင်းသားတစ်ယောက်ပီပီ၊ ကျွန်တော်ကိုယ်တိုင်ကလဲ စွံလှသူပီပီ စိတ်ပျော်ရာပျော်ကြောင်းအဖြစ် ရည်းစားထားလိုက်သူသာ ဖြစ်သည်။ ပြီးတော့ လှတဲ့မိန်းကလေးတွေဆို ချစ်မိသလိုလို၊ ကြိုက်မိသလိုလိုလေးတွေလဲ ဖြစ်မိ၍ 'ချစ်တယ်' ဆိုတဲ့စကားကို လွယ်လွယ်ကူကူပဲ ပြောလိုက်ပြီး ရည်းစားလဲ လွယ်လွယ်ကူကူ ထားလိုက်တာ ဖြစ်ပါသည်။

အခုလိုမျိုး ကောင်မလေးတွေက ဂျီကျတာ၊ စိတ်ကောက်တာ၊ ချုပ်ချယ်တာ၊ သဝန်တိုတာတွေ ကြုံရလျှင်တော့ ကျွန်တော်က သိပ်ပြီးခံနိုင်ရည်မရှိ။ စိတ်လဲမရှည်။ အရေးလုပ်ပြီး ကတိတွေပေးကာ ချော့မော့မနေချင်ပါ။ ပြီးတော့ ကျွန်တော့်ကို ချုပ်ချယ်တာလဲ ကျွန်တော်

သိပ်မကြိုက်တော့ပြန်ပါ။ တကယ်ချစ်တဲ့သူဆိုရင်တော့ ဒီလိုမျိုး ဖြစ်ချင်မှဖြစ်မည်။

"ကိုက…ရူပါ့ကိုရော ဘယ်လိုသဘောနဲ့ ချစ်လိုက်တာလဲ။ တကယ်ရောချစ်တာ ဟုတ်ရဲ့လား"

"ချစ်တယ်လို့…ပြောထားတယ်လေ"

"အဲဒါ…ရင်ထဲကပါရဲ့လား"

"ရူပါ…သံသယရှိနေရင် ကို့ကို ဘာလို့လက်ခံလဲ"

"အံမယ်လေး…ပြောတတ်လိုက်တာ။ ရူပါက ရှင့်ကို တကယ်ချစ်သွားတာကိုး…။ ရူပါက တကယ်ချစ်တဲ့လူကိုမှ ရည်းစားအဖြစ် လက်ခံတာ။ နောက်ပြီး…လက်ထပ်ဖို့အထိပါ ရည်ရွယ်ထားတာ"

"ကို့လို စိတ်မချရတဲ့လူကို လက်ထပ်ဖို့အထိပါ ရည်ရွယ်ရသလား ရူပါရယ်"

"ကဲပါ…စကားကို လွဲမနေပါနဲ့…ကို။ အဲ့ဒီသုဒ္ဓါဆီကို သွားသွားနေတာ ရပ်လိုက်ပါ။ ရူပါ မကြိုက်ဘူး…။ ရူပါ့သူငယ်ချင်းတွေက ပြောတယ်…။ နင့်လောက်တောင် မလှတဲ့သုဒ္ဓါနဲ့ ယှဉ်ရတာ နင် အောက်တယ်တဲ့…။ အဲဒီလိုကြားရတာ ရူပါ သိပ်ရှက်တာပဲ"





"ရူပါ…ကို့ကို လာ,လာမတားပါနဲ့ ကို…မကြိုက်ဘူး။ ကိုလဲ ကိုယ့်စိတ်နဲ့ကိုယ် ကိုယ့်ခန္ဓာကိုယ်နဲ့ ကိုပါ။ ရူပါလဲ ရူပါ့စိတ်နဲ့ရူပါ…ရူပါ့ခန္ဓာကိုယ်နဲ့ ရူပါ…ပဲ။ တစ်ယောက်နဲ့ တစ်ယောက်ဟာ တစ်စုံတစ်ခုအရ ပတ်သက်ကြတာပေမဲ့ တစ်ယောက်ကိုတစ်ယောက် မပိုင်ပါဘူး။ တစ်ယောက်စိတ်ကိုတစ်ယောက် လွှမ်းမိုးချုပ်ကိုင်လို့လဲ မရပါဘူး။ ကိုတော့ အဲဒီလို နားလည်ထားပါတယ်…။

ကိုလဲ…ရူပါ့ကို ဘာမှ မချုပ်ချယ်ဘူး မလွှမ်းမိုးဘူး။ ရူပါလဲ ကို့ကို အဲ့ဒီသဘောအတိုင်းပဲ ထားပါ။ အဲဒါဆို ကိုတို့ကြားမှာ ဘာမှ ပြဿနာ မရှိပါဘူး"

"ဩော်…ကိုက အဲ့ဒီလိုလား…"

ကျွန်တော် ဘာမှပြန်မပြောတော့သောအခါ ရူပါလဲ အသံတိတ်ပြီး စိတ်ကောက်ပါသည်။ ထိုနေ့က သူမဘာသာ စိတ်ကောက်ပြီး ပြန်သွားပါသည်။ ကျွန်တော် ထင်ထားတာက ဒီလိုပဲ ပြီးသွားလိမ့်မယ်ဟူ၍ပင်။

သို့သော်…အဲ့ဒီလို ဖြစ်မလာခဲ့ပါ။ ကျွန်တော် မျှော်လင့်ထင်မှတ်မထားသော အခြေအနေတစ်ခုထဲရောက်အောင် ရူပါက လုပ်ပြလိုက်ကြောင်း ကျွန်တော် နောက်မှသိရသည်။

ရှုပါက ကျွန်တော့်ကိုတားမရလျှင် မဆီမဆိုင် သုဒ္ဒါကိုမဲပြီး သွားတွေ့ခဲ့ကြောင်း ကျွန်တော် သုဒ္ဒါဆီ သွားဖြစ်သော ရက်တစ်ရက်ကျမှ သုဒ္ဒါက ပြန်ပြောပြခဲ့ပါသည်။

အဲ့ဒီမှာ…ကျွန်တော်နဲ့သုဒ္ဒါ ပြတ်သားစွာ မာနချင်းပြိုင်မိကြတော့သည်။

xxx





"သုဒ္ဒါကို…လာမတွေ့ပါနဲ့တော့ ကိုမိုးနတ်"

မှာ ကျွန်တော်ရောက်ပြီး သိပ်မကြာခင်မှာပင် သုဒ္ဒါက ပြတ်သားသောအသံဖြင့် စ,ပြောပါသည်။

များသောအားဖြင့် ကျွန်တော် သုဒ္ဒါထံလာတဲ့အခါတိုင်း ယဉ်ယဉ်နဲ့စန္ဒီကျော်တို့က ဘယ်တော့မှ အဖော်မပါတတ်လေရာ… ကျွန်တော်တို့နှစ်ယောက်ပဲ အမြဲကင်န်တင်းနံထိုင်ရင်း စကားပြောကြတာ ဖြစ်ပါသည်။ အဲဒါကလွဲရင် သုဒ္ဒါဟာ ကျွန်တော်နဲ့ ဘယ်တော့မှ တခြားတစ်နေရာရာကို တွဲသွား၊ တွဲလာတာမျိုးလဲ မလုပ်တတ်ပါ။ ကျွန်တော်ကလဲ ခေါ်ကိုမခေါ်ဖူးခဲ့ပါ။

“ဘာဖြစ်လို့လဲ သုဒ္ဒါမိဘတွေက…ကျောင်းမှာ လာတွေ့ပြီး စကားပြောတာကိုရော ခွင့်မပြုဘူးတဲ့လား”

“ဖေဖေနဲ့မေမေက ကိုမိုးနတ် သုဒ္ဒါဆီလာလာနေတာ မသိ ကြပါဘူး။ သိရင်တော့ ခွင့်ပြုမှာ မဟုတ်ဘူးထင်တယ်လေ။ သုဒ္ဒါ ကကို မိုက်ပြီးမပြောမိတာပါ။ အခုတော့ ကိုယ့်မိုက်ပြစ် ကိုယ် ခံရပြီ”

“ဘာလဲဟင်…ဘာဖြစ်သွားလို့လဲ၊ ကျွန်တော့်ကြောင့် သုဒ္ဒါ ဘာများ ပြဿနာဖြစ်လို့လဲ”

“ပြဿနာကို သုဒ္ဒါက အဖြစ်မခံချင်ပါဘူး”

“ကျွန်တော် ဘာမှမသိရသေးတော့ ပြောပြပါလား”

“ခင်ရူပါဆိုတဲ့ ကောင်မလေးက ကိုမိုးနတ်နဲ့ ဘာဆိုင် သလဲ”

ကျွန်တော် အံ့သြပြီး ငြိမ်သက်သွားရပါသည်။ ရူပါ ဒီအထိ တောင် ရောက်လာပြီးတော့များ…။ ကျွန်တော့်အတွေးမဆုံးခင်မှာ သုဒ္ဒါက ဆက်ပြောပါသည်။

“သုဒ္ဒါ…သူများရည်းစားကို ဆွဲဆောင်ပြီး လုယူတတ်တဲ့ မိန်းမမျိုး မဟုတ်ပါဘူး။ ခင်ရူပါက…ထင်တယ်။ သုဒ္ဒါက ကိုမိုးနတ် ကို သူ့ဆီက လုယူဖို့ကြိုးစားနေတယ်တဲ့…။ မိုးနတ်ဟာ သုဒ္ဒါလိုပုံစံ





မိန်းမမျိုးကို ဘယ်တော့မှချစ်လာမှာမဟုတ်ဘူးတဲ့…”

“ဟာ…ပြဿနာပဲ။ ရူပါက…ဒီလိုလာပြောလိမ့်မယ် တောင်မထင်ဘူး”

“သူက…သုဒ္ဒါကိုမပြိုင်ပါဘူးတဲ့လေ။ ဘာကြောင့်လဲဆို တော့ သုဒ္ဒါဟာ သူပြိုင်လောက်စရာ အရည်အချင်းမျိုး မရှိတာမို့ ပြိုင်ရတာ နိုင်မယ်မှန်းသိသိနဲ့ ပြိုင်ရမဲ့ပွဲမို့ မပြိုင်ချင်ဘူးတဲ့…၊ ကိုယ့် အဆင့်နဲ့ကိုယ် နေတာပဲ ကောင်းတယ်တဲ့။ ဒါတွေ သုဒ္ဒါ…ပြန်ပြော တာဟာ တစ်ဘက်လူကို ထိုးချပြီး ကိုယ့်ဘက်ကိုယ် အမှတ်ယူတဲ့ သဘောနဲ့တော့ မဟုတ်ဘူး…

ကိုမိုးနတ်ကြောင့် သုဒ္ဒါ သူများ အပြောအဆိုခံရတယ်ဆိုတာ သိစေချင်လို့ပါ”

“ဆောရီး…သုဒ္ဒါရယ်။ ကျွန်တော်…မပြတ်သားလို့ ဒီလို ဖြစ်ရတာ လုံးဝ စိတ်မကောင်းပါဘူး”

ကျွန်တော်က ပြေရာပြေကြောင်း ရှေးပြောပေမဲ့ သုဒ္ဒါက ကျွန်တော့်စကားကို အထအနကောက်ကာ ပက်ခနဲ ပြန်ချေပလိုက်ပါ သည်။

“အို…ပြတ်သားစရာ မလိုပါဘူး။ သုဒ္ဒါက အစကတည်း

က လူတစ်ယောက်ကို လူတစ်ယောက်လို့ပဲမြင်ပြီး ခင်မင်ခဲ့တာပါ။ အဲဒီလူတစ်ယောက်ရဲ့ ဘေးမှာရှေ့မှာနောက်မှာ ဘာတွေဝန်းရံနေသလဲ ဆိုတာ လုံးလုံးမကြည့်ခဲ့ပါဘူး။ အမှန်တော့ သုဒ္ဓါ မှားသွားတယ်…။ သုဒ္ဓါ အရင်ကတည်းက ကိုမိုးနတ်ကို ခပ်ကင်းကင်းနေခဲ့ရမှာ''

ကျွန်တော့်ရင်ထဲမှာ တော်တော်အောင့်သွားပါသည်။ မာ တစ်မျိုးဖြင့် အရောင်လက်နေသော သုဒ္ဓါရဲ့မျက်လုံးတွေကို ဖျတ်ခနဲ ကြည့်လိုက်မိကာ ဖေဖေနဲ့မေမေ ဝေဖန်ဖူးသော လူလတ်တန်းစား မိသားစုရဲ့ မာနတစ်မျိုးကို ပြန်သတိရလာသည်။ သုဒ္ဓါမှာလဲ အဲဒီလို မာနမျိုးတွေ များစွာရှိပုံရသည်။

''သုဒ္ဓါ…ကိုမိုးနတ်ဆီက ဘာမှမမျှော်လင့်ခဲ့ပါဘူး။ ခင်မ မင်ရုံကလွဲရင် ဘာမှ မမက်မောပါဘူး…။ အဲဒါကို ခင်ရှုပါသိအောင် ပြန်ပြောပေးပါ။ ပြီးတော့…ကိုမိုးနတ်လဲ သုဒ္ဓါဆီ ဘယ်တော့မှ မလာပါနဲ့။ ဆက်လာနေလဲ သုဒ္ဓါ အခုလို…လက်ခံတွေ့မှာ မဟုတ် တော့ဘူး။ အထင်သေးသလို ပြောဆိုခံရရက်နဲ့ ဘာ့ကြောင့်… ကိုမိုးနတ်ကို ဆက်ခင်နေစရာရှိလဲ…။ တစ်ယောက်နဲ့တစ်ယောက်က အရှင်းကြီးပါ။ သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွားတာပဲ ကောင်းပါ တယ် ကိုမိုးနတ်''





''ကျွန်တော်ကလဲ ကျွန်တော့်ဘဝမှာ သုဒ္ဓါလို ခင်မင်မိတဲ့ မိန်းကလေးမျိုး မရှိသေးလို့ ခင်မင်တဲ့သဘောနဲ့ လာလာလည်တာပါ သုဒ္ဓါ။ ဘာမှ…တစ်လွဲထင်မနေပါနဲ့။ ရှုပါ လာပြောဆိုသွားတာကလဲ သူနဲ့ ကျွန်တော် စကားပြောအဆင်မပြေဖြစ်ပြီး ကျွန်တော့်ကို မနိုင်လို့ သုဒ္ဓါကို လာမဲတာပါ''

''မနိုင်လို့ နိုင်ရာကို လာမဲတယ်လို့ မသတ်မှတ်ပါနဲ့။ သုဒ္ဓါက အလကားနေရင်း သူများနိုင်စားတာကို ငြိမ်ခံတဲ့မိန်းမမျိုး မဟုတ်ဘူး။ ပြီးတော့ သုဒ္ဓါ…သူများရည်းစားကို ဘယ်တော့မှ မလုဘူး''

ကျွန်တော်လည်း ကျွန်တော့်မာနနဲ့ ကျွန်တော်မို့ ချက်ချင်းပဲ စကားဖြတ်ပြီး ထိုင်ရာမှ ထရပ်လိုက်ပါသည်။

ပြီးတော့ ခပ်မှုန်မှုန် မျက်နှာဖြင့်…ထိုင်နေသော သုဒ္ဓါကို…

''သုဒ္ဓါ''

ဟု…နှုတ်ဆက်သလို တစ်ခွန်းခေါ်လိုက်ပါသည်။

သုဒ္ဓါ ခပ်ဖြည်းဖြည်းပြန်မော့ကြည့်ပါသည်။

ကျွန်တော်တို့နှစ်ယောက်ကြားမှာ ဘာရန်ညှိုးမှမရှိပါဘဲ အလို လိုနေရင်း တစ်ယောက်ကိုတစ်ယောက် မာနထားမိသွားကြပြီဖြစ် ကြောင်း ကျွန်တော် အလိုလိုခံစားလိုက်ရပါသည်။

ခင်ရှုပါ လာပြောသောစကားလုံးတွေကိုအခြေခံပြီး ကျွန်တော် တို့နှစ်ယောက်ကြားမှာအပြန်အလှန် စကားနိုင်လုခဲ့မိကြပါသည်။

"ကျွန်တော်ကလဲ သုဒ္ဓါပြောသလို…ဟိုလူယူ၊ ဒီလူယူနဲ့ ကြားထဲက အလုခံမဲ့ယောကျ်ားမျိုး မဟုတ်ပါဘူး။ ကျွန်တော့်စိတ် သဘောနဲ့ ကျွန်တော်ပဲ စဉ်းစားရွေးချယ်မှာပါ၊ ဆုံးဖြတ်မှာပါဆိုတာ သုဒ္ဓါသိအောင် ပြောပြထားခဲ့ပါ့မယ်…အခုလို ပြဿနာလေးတစ်ခု ဖြစ်ပြီး ခွဲရတာ စိတ်မကောင်းပါဘူး။ တကယ်တော့ ကျွန်တော်က တစ်သက်လုံး မိတ်ဆွေတစ်ယောက်လို ခင်မင်သွားဖို့ ရည်ရွယ်ခဲ့တာ ပါ"

ကျွန်တော် သူမအပေါ်ဘယ်လိုမှသဘောမထားပါဘူးဆိုတာ သုဒ္ဓါသိစေရန် တမင်ရွေးပြောလိုက်ပါသည်။

နောက်မို့…မိန်းကလေးတွေရဲ့စိတ်က မှန်းလို့ရတာလဲမဟုတ် ကိုယ်လိုရာဆွဲတွေးပြီး ငါ့ကို သဘောကျလို့ပဲ ဟိုဘက်က ရည်းစား အဆင်မပြေသလားလို့…ထင်သွားမှာမျိုး ကျွန်တော် မလိုလားပါ

"သုဒ္ဓါလဲ…ကိုမိုးနတ်ကို သူငယ်ချင်းလိုပဲ ခင်ခဲ့တာပါ"

သုဒ္ဓါကလဲ အားကျမခံ ပြန်ပြောပါသည်။

ထိုအခါ ကျွန်တော်က သူမရဲ့မျက်လုံးတွေထဲ ခပ်နက်နက် ပြန်စိုက်ကြည့်ပေးလိုက်ပါသည်။





သုဒ္ဓါရဲ့ရင်ထဲမှာ ကျွန်တော်နဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ မရှိဘဲ မနေ။ ရှိကို…ရှိရမည်ဟု ကျွန်တော် အသေအချာ သိထားပြီး နေကြောင်း သုဒ္ဓါသိစေရန် စိန်ခေါ်သလိုလို (သို့သော်…ဒါကို သုဒ္ဓါက ပျက်ရယ်ပြုသည်ဟု သတ်မှတ်ချင်သော) အပြုံးတစ်ခုဖြင့် စကားမပြောဘဲ 'သေချာရဲ့လား သုဒ္ဓါ' ဟု အမေးပါသည့် အနေ အထားနဲ့ နှုတ်ဆက်လိုက်ပါသည်။

ပြီးတော့…ကျွန်တော် အဲ့ဒီနေရာကို မေ့ထားခဲ့ဖို့ ခြေလှမ်း ပြင်ခဲ့ပါသည်။

မိန်းကလေးတစ်ယောက်ဟာ ယောကျ်ားလေးတစ်ယောက်ကို ခင်ရုံမင်ရုံနဲ့တော့ ဘာကြောင့် လက်ခံတွေ့နေမလဲ။ ငယ်ငယ်ကတည်း က ပေါင်းလာတဲ့ သူငယ်ချင်းလဲမဟုတ်…။ အခုမှ စတွေ့၊ စသိကြ တဲ့သူတွေချင်းပဲ…။ ဟာအကြောင်းကြောင့်မှမဟုတ်ဘဲ ဒီလောက်ကြီး ပတ်သက်ခံစရာရှိမလဲ။

သုဒ္ဓါဆီ သွားခွင့်မရတော့ပေမဲ့…ကျွန်တော် နည်းနည်းတော့ ကျေနပ်သွားတာတစ်ခု ရှိပါသည်။

အဲဒါကတော့ သုဒ္ဓါကို လေ့လာလို့ရသမျှနဲ့တင် သုဒ္ဓါ ကျွန်တော့်ကို ချစ်ခဲ့သည်ဟူ၍ သေချာစွာ ပြောနိုင်ခဲ့တာ ဖြစ်သည်။

ကျွန်တော်က သုဒ္ဓါ ဒီ့ထက်ကြွေသွားဖို့တောင် မျှော်လင့်ခဲ့တာပါ။ ရုပ်ါက စောစောစီးစီး ကြားထဲကဝင်ပါလာလို့ သုဒ္ဓါကလဲ မလာပါနဲ့တော့…၊ မပတ်သက်ပါနဲ့တော့တွေ…တားဖြစ်လာပြီမို့ ကျွန်တော်လဲ အောက်ကျနောက်ကျခံ ဒူးထောက်ပြီး ဘာကြောင့် သူမဆီ ဆက်သွားစရာ ရှိတော့မလဲ။

ကျွန်တော်…ချစ်တဲ့မိန်းကလေးဆိုရင် တစ်မျိုးပေါ့။ ခုတော့ သုဒ္ဓါကိုမှ ကျွန်တော် မချစ်ခဲ့တာ။ သေချာပါတယ်…။

×××





အဲ့ဒီနောက်ပိုင်းမှာတော့ ကျွန်တော်နဲ့သုဒ္ဓါ ဘယ်လိုမှကို မျက်နှာချင်းဆိုင် မဆုံတော့ပါဘူးပြောလျှင် တော်တော့်ကို အံ့သြစရာပင်။

သုဒ္ဓါကပဲ တမင်ရှောင်သလား မသိ။ အရင်ကလို…သူမတို့ အိမ်ရဲ့ခြံဝန်းလေးထဲမှာဆင်းပြီး သူ့ညီမလေးနဲ့ ထိုင်နေတာမျိုး…။ ပန်းပင်ရေလောင်းတာမျိုးတောင် မတွေ့ရ။ ကျွန်တော်ကလဲ မစောင့်ကြည့်ဖြစ်ပေမဲ့ မတော်တဆ သတိရလျှင်တော့ အဲ့ဒီအိမ်ဘက် လှမ်းကြည့်မိပါသည်။

ကျောင်းသွားကျောင်းပြန်လဲ မဆုံတော့သလို သုဒ္ဒါနဲ့ပတ်သက်ပြီး ဘာသတင်းမှကို မကြားသောအခြေအနေမျိုး ဖြစ်သွားပါသည်။

နောက်တော့ သုဒ္ဒါတို့အဖေ ပန်းချီဆရာကြီးဦးဘောဂကင်ဆာနှင့် ဆုံးပါးသွားကြောင်း သတင်းကြားရသည်။

အဲ့ဒီရက်တုန်းက ကျွန်တော်လဲ စာမေးပွဲရက်ဖြစ်နေ၍ အသုဘကိစ္စကို ဘာမှ မသိမမြင်လိုက်ရပါ။ စာမေးပွဲရက်မို့ သူငယ်ချင်းတွေနဲ့စုပြီး ကျွန်တော်သီးသန့်ငှားထားရာ ကွန်ဒိုအခန်းတစ်ခုမှာ စာသွားကျက်နေခဲ့၍ ဖြစ်သည်။

စာမေးပွဲပြီးတော့မှ အဲ့ဒီအိမ်ဘက် သတိတရကြည့်မိတော့ တိတ်ဆိတ်ကာ ခြံဝန်းတံခါးပါ သော့ခတ်ထားသည်ကို မြင်ရပါသည်။

“ခြံနဲ့အိမ်လေးကို ရောင်းမယ်လို့ ပြောသံကြားတယ် သားရဲ့။ သူတို့သားအမိတစ်တွေတော့ မြို့ထဲမှာ တိုက်ခန်းလေးတစ်ခန်းငှားပြီး နေတော့မယ်ဆိုလား ပြောတော့ပြောတာပဲ။ မေမေတို့ကို လာနှုတ်ဆက်ပါတယ်။ အဲဒီနေ့က ဖေဖေနဲ့မေမေ မရှိကြတော့ အိမ်ကလူတွေပဲ ပြောသွားတယ်။

ကြည့်ရတာ…ပန်းချီဆရာကြီး မမာတော့ တော်တော်လေး





အကုန်ခံပြီး ကုလိုက်ရတယ် ထင်တယ်ကွယ်။ လူလဲဆုံးရော…စုထား၊ ဆောင်းထားတာလေးလဲ ကုန်ရောထင်ပါရဲ့။ အဲဒီတော့ ဒီခြံနဲ့အိမ်လေးရောင်းပြီး ပြန်စုဆောင်းနေမှာပေါ့။ သမီးလေးတွေလဲ ကျောင်းမှမပြီးသေးတာ။ မမြတ်နွယ်ကလဲ ကျောင်းဆရာမလစာလေးနဲ့ အငယ်မလေးလဲ ဆေးကျောင်းတက်ရပြီလေ၊ ဘယ်လောက်ငှပ့ါမလဲ ဒီတော့ ရှိတာ ထုခွဲရပြီပေါ့”

မေမေကတော့ ဂရုဏာသက်သလိုဖြင့်…အသေအချာ ပြောပြပါသည်။ ကျွန်တော်ကတော့ ဒီလိုပြောသံကြားလျှင် သုဒ္ဒါကို ရင်ထဲမှာ အလိုလိုပင် ဂရုဏာ သက်မိပါသည်။

သို့သော်…သုဒ္ဒါလိုမိန်းကလေးမျိုးက သူမကို သဘောရိုးနဲ့ သွားအားပေးနှစ်သိမ့်လဲ လက်ခံမှာမဟုတ်ပါ။ သူမကို အထင်သေးတယ်ဟု ထင်ချင်ထင်ဦးမည်။

အဲ့ဒီနောက်ပိုင်း ဘယ်လိုမှ…မဆုံဖြစ်တော့တာ ခုတော့ ကြည့်စမ်း…ငါးနှစ်ကျော်တောင် ရှိပြီ။

ကျွန်တော်ကတော့ ဒီနေရာကို မိတ်ဆွေတစ်ယောက်ကြောင့် ရောက်လာရတာဖြစ်ပြီး သုဒ္ဒါကတော့ ကျွန်တော် မမျှော်လင့်ခဲ့စွာပင် ဒီနေရာနဲ့ အသက်ဆိုင်ဆုံးလူတစ်ဦး ဖြစ်နေခဲ့ပါသည်။

ကျွန်တော်…သူ့ကို စတွေ့တွေ့ချင်းတော့ အံ့သြပြီး ငေးမောမိပါသည်။ မတွေ့ရတာ ကြာလှပြီဖြစ်ပေမဲ့ ကျွန်တော် သုဒ္ဓါကို ကောင်းစွာပင် အလွယ်တကူ မှတ်မိလေသည်။

ကျွန်တော် သူ့ကို သတိကရနဲ့ ပြုံးပြလိုက်ရပေမဲ့ သုဒ္ဓါကတော့ ဘာကိုဘယ်လို အညှိုးကြီးနေမှန်းမသိစွာပင် ကျွန်တော့်အပြုံးကို အသိအမှတ်မပြုဘဲ ကျောခိုင်းလှည့်ထွက်သွားခဲ့လေသည်။ ဘာဖြစ်လို့လဲ…သုဒ္ဓါရယ်…။

ကျွန်တော်က အပြုံးနဲ့စပြီး နှုတ်ဆက်လိုက်တာပါ။

xxx





# အပိုင်း (၃)

## မိုးနတ်နှင့် သုဒ္ဓါ

## (၅)

တကယ်တော့ မိုးနတ်ဟာ အနုပညာတစ်ရပ်ဖြစ်သော ပန်းချီကို ခံစားတတ်သူ မဟုတ်ခဲ့ပါ။ သီချင်းနားထောင်ရတာ၊ ဆိုတာ တီးတာကိုတော့ လူတော်တော်များများ ဝါသနာပါတတ်ကြသလိုပဲ မိုးနတ်လဲ ဝါသနာပါပေမဲ့ ပန်းချီဆိုတာမျိုးကိုတော့ နည်းနည်းမှ စိတ်မဝင်စား၊ မခံစားတတ်ပါပေ။

ဒီ…ပန်းချီပြပွဲထဲကို ရောက်လာရသည်မှာလဲ မိတ်ဆွေ တစ်ဦးဖြစ်သော ကိုဝင်းနိုင်က ပန်းချီကားတွေဝယ်ယူပြီး နိုင်ငံခြားက သူ့မိတ်ဆွေတွေကို လက်ဆောင်ပေးလို၍ ဒီပြပွဲကြီးကို အဖေါ်လိုက်လာပေးတာ ဖြစ်ပါသည်။





မိုးနတ်ထက်စာလျှင် ကိုဝင်းနိုင်ကတော့ ပန်းချီကို ပိုပြီး ခံစားနားလည်တတ်သူဖြစ်ရာ ပန်းချီကားတွေကို တစိမ့်စိမ့်ကြည့်နေခဲ့ သလောက် မိုးနတ်ကတော့ သာမန်ကာလျှံကာမျှသာ ငေးမောသူပဲ ဖြစ်သည်။

သုဒ္ဓါကတော့ မိုးနတ်ကိုမြင့်လျှင်ပဲ တခြားတစ်နေရာမှာ သွားရှောင်နေပြီထင့်။ အစကတော့ ပန်းချီကားတွေကို သေသေချာချာ မကြည့်ခဲ့ပေမဲ့ ခုတော့ သုဒ္ဓါ…ဒီနေရာကို ရောက်နေတယ်ဆိုကတည်းက သူမရဲ့ပန်းချီကားတွေများ ပါမလားရယ်လို့ တွေးမိပြီး ပန်းချီကားတိုင်းရဲ့အောက်မှာ ရေးထိုးထားတတ်သည့် ရေးဆွဲသူအမည်များကို စေ့စေ့စပ်စပ် လိုက်ကြည့်မိတော့၏။

ပန်းချီဆွဲသူ လေးဦးတွင် သုဒ္ဓါရဲ့ပန်းချီကားတွေလည်း တော်တော်များများပါနေကြောင်း မိုးနတ် သိရှိသွားသည်။

သုဒ္ဓါ…

နောက်ဆုံးတော့…ဖခင်ရဲ့အမွေအနှစ်ဖြစ်တဲ့ ပန်းချီဆွဲတဲ့ ပညာနဲ့ပဲ အသက်မွေးဝမ်းကြောင်း ပြုနေပြီလား…။

"ကျွန်တော်ကတော့ လေးကားလောက် သဘောကျတာ တွေ့တယ် ကိုမိုးနတ်"

"ဟုတ်လား…ဘယ်ကားတွေလဲ"

"ဒီမှာ ဒီဘက်အခြမ်းက နှစ်ကား၊ ဒါလေးတစ်ကားရယ်။ အဝင်ဝမှာ စတွေ့တော့ ကြည့်မိတဲ့ကားတွေထဲက တစ်ခုရွေးဖို့ စိတ်ကူး ထားတယ်"

ကိုဝင်းနိုင် ရွေးချယ်သည်မှာ သုဒ္ဒါ ရေးဆွဲထားသောနှစ်ကား ပါပါသည်။ မိုးနတ် ဝမ်းသာသလို ဖြစ်သွားသည်။ ဘာပဲဖြစ်ဖြစ် သုဒ္ဒါရဲ့ကားတွေပဲ ရောင်းရစေချင်တယ်လေ"

"ပန်းချီကားတွေက တော်တော်ဈေးကြီးတာပဲဗျ။ ကျွန်တော် အစက သိပ်မထင်ခဲ့ဘူး"

"ဈေးကြီးသင့်ပါတယ်…။ ဆေးတွေကလဲ ဈေးကြီးကုန် ပြီလေ။ ပညာရှင်ကြေးလဲ ထည့်တွက်ရတော့ ဈေးကြီးသလို ဖြစ်နေ တာပေါ့။ တကယ့်တကယ်တော့ ရင်းနှီးရတာ တော်တော်များပါ တယ်"

"ကိုဝင်းနိုင်က အရမ်းသိထားတယ်နော်"

"သိပါတယ်…။ ကျွန်တော်က ပန်းချီကို ငယ်ငယ်က အတော့်ကို စိတ်ဝင်စားခဲ့တာဗျ။ မိဘမျိုးရိုးက ကုန်သည်တွေ၊ စီးပွား ရေးသမားတွေမို့သာ အဲ့ဒီပန်းချီကို တစိုက်မတ်မတ် မလုပ်မိဘဲ စီးပွား ရေးသမားပဲ ဖြစ်လာခဲ့တာပါ"





ကိုယ်တိုင် မဆွဲတတ်ပေမဲ့ အမြဲလေ့လာထားမိတယ်။ ပန်းချီနဲ့ ပတ်သက်တဲ့စာအုပ်တွေလဲ အမြဲဖတ်ဖြစ်တယ်။ ဒါကြောင့် ဘယ်ကား ကိုကြည့်ရင် ဘယ်လိုခံစားပြီး ဆွဲထားသလဲဆိုတာ အနည်းအကျဉ်း လောက်တော့ ခန့်မှန်းလို့ရသွားပါတယ်"

"ဒီကားတွေက ရိုးရိုးပန်းချီတွေပေါ့…။ မော်ဒန်အတ်ဆိုတာ ရော…ကိုဝင်းနိုင် ခံစားတတ်လား"

"ဟာ…အဲဒါတော့ ဉာဏ်မမီသေးဘူးဗျ၊ လေ့လာလိုက်ဦး မယ်"

မိုးနတ်ကတော့ ဘာရယ်ညာရယ် မဟုတ်ဘဲ…သုဒ္ဒါကို အားပေးသည့်အနေနဲ့ သုဒ္ဒါရဲ့လက်ရာ ပန်းချီကားတစ်ကားကို ဝယ်ယူ ဖို့ ကျိတ်ပြီးဆုံးဖြတ်မိပါသည်။

"ကိုဝင်းနိုင် ဒီပန်းချီကားလေးဆိုရင် ခင်ဗျား ဘယ်လို ဝေဖန်မလဲ"

သုဒ္ဒါ၏ ပန်းချီကား (မိုးနတ်လဲ ရွေးချယ်ပြီးသည့်ပန်းချီကား) ကို ပြပြီး မေးလိုက်မိပါသည်။ ဘယ်လိုမှ ခံစားလို့မရသည့်သဘောမို့ ကိုဝင်းနိုင် ဘာပြောမလဲဟု သိလဲသိချင်မိသည်။

"ကိုမိုးနတ်က ဘာလုပ်မလို့လဲ"

"ကျွန်တော်လဲ တစ်ကား ဝယ်မလို့ပါ"

"ဟာ…ဟုတ်ရဲ့လား။ ကိုမိုးနတ်က ပန်းချီကိုမှ စိတ်မဝင်စားတာ"

"မဟုတ်ဘူးဗျ…ဒီလိုပါ၊ ဘာကြောင့်လဲ မသိဘူး။ ဒီပန်းချီကားလေးရဲ့အဓိပ္ပါယ်ကို မသိပေမဲ့ ကျွန်တော် အလိုလို သဘောကျမိလို့ပါ"

"ကောင်းပါတယ်…။ ရှုခင်းလေးတစ်ခုကို အရောင်တွေ ခပ်များများသုံးပြီး ဆွဲထားတာပဲ။ အရောင်ခပ်ဆန်းဆန်းလေးတွေ သုံးထားတာမို့ မြင်ရတာဆန်းသစ်နေတာပေါ့။ အမျိုးသမီးပန်းချီဆရာမ ဆွဲတာထင်တယ်…သုဒ္ဒါတဲ့၊ နာမည်က တစ်မျိုးပဲ"

မိုးနတ်က သုဒ္ဒါကို သူသိကြောင်းမပြောဘဲ ငြိမ်နေမိပါသည်။ သူတို့ ဝယ်မည်ဟူသော အကြောင်းအရာကို ပန်းချီပြပွဲကျင်းပရာ နေရာမှာပင် သီးသန့်စားပွဲကုလားထိုင်ချကာ ထိုင်နေကြသော လူအုပ်စုလေးထံသွားပြီး အကြောင်းကြားရပါသည်။

"သုဒ္ဒါ…ဘယ်ရောက်သွားလဲ၊ သူ့ကားသုံးကားတောင် ထွက်သွားတယ်ဆိုတာ မသိသေးဘူးထင်တယ်။ ကျွန်တော်တို့ထဲမှာ သုဒ္ဒါက ဝါအနုဆုံး၊ အငယ်ဆုံးပေါ့…။ အခုမှ ကားတွေစ,တင်တာ





ပါ။ ဆွဲနေတာတော့ တော်တော်ကြာပြီ။ ပွဲထဲကို ခုမှဝင်တာလေ…"

အသက်ခပ်ကြီးကြီး ပန်းချီဆရာကြီးက သုဒ္ဒါအကြောင်းကို လှမ်းပြောပြပါသည်။

"ပြပွဲက သုံးရက်တည်းဆိုတော့ ရောင်းထားပြီးသားလဲ ပြပွဲပြီးတဲ့အထိ ဆက်တင်ထားရပါမယ်။ ဒါပေမဲ့ ကားအောက်မှာတော့ ရောင်းထားပြီးဆိုတဲ့ စာလေးကပ်ထားမှာပါ"

"ဩော်…ရပါတယ်၊ ကျွန်တော် နားလည်ပြီးသားပါ"

ကိုဝင်းနိုင်က မဆန်းတော့ဟန်ဖြင့် ပြောပါသည်။ မိုးနတ်ကတော့ ဝယ်ပြီးလဲ ချက်ချင်းယူသွားလို့မရဘူးဆိုတာ ခုမှသိရသူဖြစ်သည်။

"သုဒ္ဒါတော့ ဈေးထဲလျှောက်နေပုံရတယ်၊ မရှိဘူး…အဘညို"

"အေး…ဒါဖြင့်လဲ ဒီလူကြီးမင်းတွေကို ကားလာယူနိုင်းတဲ့နေ့မှာပဲ မိတ်ဆက်ပေးရတာပေါ့။ ကျွန်တော်က ဦးနေညိုပါ"

"ဩော်…ဟုတ်ကဲ့။ ကျွန်တော် ဝယ်ထားတဲ့ကားထဲမှာ နေညိုဆိုတာလဲ ပါပါတယ်၊ အန်ကယ့်လ် လက်ရာကို…နာမည်က နေတော့ လူငယ်ထင်နေတာ စိတ်မရှိပါနဲ့"

"ရပါတယ်…လူဆိုတာ နပျိုတာကိုပဲ လိုချင်တော့ တမင်

သက်သက် နာမည်ရှေ့မှာ "ဦး" မထည့်တာပါကွာ"

"ဟော…သုဒ္ဒါ လာနေပြီ"

မိုးနတ်ရင်ထဲ တစ်ခုခုစိမ့်ဝင်လာသလို ခံစားလိုက်ရပါသည်။ သူ့ကိုရှောင်ထွက်သွားသော မိန်းကလေးကို တွေတွေဆိုင်ဆိုင် ပြန်ဆုံရတော့မည်။

"ကျွန်တော်က မောင်ပုချိုပါ"

"ဟုတ်ကဲ့…ကိုပုချိုရဲ့ကားတစ်ကားလဲ ကျွန်တော် ဝယ်ထားပါတယ်။ အခုလို…သိရတာ ဝမ်းသာပါတယ်။ ကျွန်တော်က ဦးနေညိုတစ်ကား၊ ကိုပုချိုတစ်ကား၊ သုဒ္ဒါ…အဲ မသုဒ္ဒါ နှစ်ကား ဝယ်တာပါ။ ဒီက…ကျွန်တော့်မိတ်ဆွေ ကိုမိုးနတ်ကတော့ ပန်းချီကို သိပ်နားမလည်ဘဲနဲ့ မသုဒ္ဒါရဲ့ကားတစ်ကားကို ဘယ်လိုကဘယ်လို မျက်စိကျပြီး ဝယ်လိုက်သလဲ မသိဘူး"

စကားဆုံးလျှင် သုဒ္ဒါလဲ အနားရောက်လာပါသည်။ သုဒ္ဒါက မိုးနတ် ဒီမှာ ဘာလုပ်နေသလဲဆိုတဲ့မျက်လုံးတွေဖြင့် ကြည့်လေသည်။

"သုဒ္ဒါ…သမီးရဲ့ကား သုံးကား ရောင်းရပြီ"

"ဟုတ်လား အဘညို"





"ဒီနှစ်ယောက် ဝယ်တာလေ…။ သူက ကိုဝင်းနိုင်တဲ့ လေးကားဝယ်တဲ့ထဲမှာ သမီးကားနှစ်ကားတောင် ပါတယ်။ သူက…ကိုမိုးနတ်တဲ့…။ သူက သမီးရဲ့ကားတစ်ကားပဲ ဝယ်တယ်။ အဲဒါ သမီးနဲ့ မိတ်ဆက်ပေးရအောင် စောင့်ခိုင်းထားတာလေ"

သုဒ္ဒါသည် မိုးနတ်က ငါ့ကားမို့ဝယ်တယ်ဟု သံသယဖြင့် တွေးလိုက်ပေမဲ့ ကိုယ့်အမူအရာတွေ လူမသိအောင် ဟန်ဆောင်နိုင်ခဲ့ပါသည်။ မိုးနတ်က ပန်းချီဝါသနာပါသည်၊ မပါသည်ကို သုဒ္ဒါ သေချာစွာ မသိခဲ့ပေမဲ့…မိုးနတ်ဟာ ဒီပညာကို ဘယ်လိုမှ အထင်ကြီးမှာ မဟုတ်ပါဘူးဆိုတာတော့ အလိုလိုသိနေခဲ့သည်။

"ဟုတ်ကဲ့…အားပေးတာကို ကျေးဇူးတင်ပါတယ်၊ ကျွန်မ သုဒ္ဒါပါ"

"ဖေဖေက…ပန်းချီဆရာကြီးဦးဘောဂဆိုတာ ပြောလိုက်ပါ သမီးရဲ့…"

"ဩော်…မျိုးနဲ့ရိုးနဲ့ကိုး…"

ကိုဝင်းနိုင်က သုဒ္ဒါကို တော်တော်လေး ငေးနေကြောင်း တ် သတိထားမိသည်။ သုဒ္ဒါသည် အသက်နှစ်ဆယ့်ငါးနှစ်ကျော် ယ်ပေမဲ့ လွန်ခဲ့တဲ့နှစ်များစွာတုန်းကလို နပျိုနေဆဲ…။ ဆံပင်ပုံစံ

ကအစ ဝတ်စားဆင်ယင်မှုအဆုံး မပြောင်းလဲဘဲ ရှိနေခဲ။ သို့သော် သုဒ္ဒါဟာ အပြင်အဆင်ရိုးပေမဲ့ နဂိုကတည်းက တော်တော့်ကို လှထား ပြီးသားဆိုတာ မိုးနတ်လည်း အသိအမှတ် ပြုထားတာမို့ ကိုဝင်းနိုင်လဲ ဒီလိုပဲ အသိအမှတ်ပြုလိမ့်မည်ဆိုတာ ယောကျ်ားချင်းမို့ မိုးနတ်အလိုလို လေ့လာလို့ ရသွားပါသည်။

"ဒါ…ကျွန်တော့် Visiting Card (ဗစ်ဇစ်တင်းကတ်ဒ်) ပါ မသုဒ္ဒါ။ ကျွန်တော်က ပန်းချီကို တော်တော်ဝါသနာ ပါပါတယ်။ ပန်းချီပညာနဲ့ ပတ်သက်တဲ့စာအုပ်တွေလဲ အမြဲဖတ်ဖြစ်ပါတယ်။ ပန်းချီ ပြပွဲတွေကိုလဲ အမြဲရောက်ဖြစ်ပါတယ်"

"ဩော်…ဟုတ်ကဲ့"

သုဒ္ဒါသည် သူစိမ်းယောကျ်ားတစ်ယောက်နဲ့ စ,သိခါစမှာ စကားပြော နည်းတတ်လေရာ ဘာမှ ပြန်မပြောတတ်သလို ဖြစ်နေ သည်။

သုဒ္ဒါကို အကဲခတ်လွန်းလှသော မိုးနတ်ကိုရော သုဒ္ဒါ ဘယ်လို မျက်နှာအမူအရာနဲ့ ဆက်ဆံရမလဲ။ သိနှင့်ကြပြီးသား မိတ် ဟောင်း ဆွေဟောင်းတွေလို ဆက်ဆံဖို့လဲ မရဲ။ သူကိုယ်တိုင်ကိုက မသိသလို၊ သိသလိုကြီး လုပ်ပြနေတာမို့ သုဒ္ဒါဟာ…သူမကို စကား





စခန်းမှ မပြောလေသည့်မိုးနတ်ကို အရေးလုပ်မနေတော့ပါ။

စကားအနည်းငယ် ထပ်ပြောကြသည့်ထဲတွင် ကိုဝင်းနိုင်က ဟ ဦးဆောင်ပြောသူဖြစ်ပြီး သုဒ္ဒါက နားထောင် ခေါင်းညိတ်သမား၊ မိုးနတ်က ဒီဘက်ငေး ဟိုဘက်ငေး၊ ပြုံးစရာရှိလျှင်ပြုံးနှင့် အင်မတန်မှ တိတ်ဆိတ်လှပါသည်။

သူတို့ နှုတ်ဆက်ပြီး ပြန်လာကြသောအခါမှာ ကိုဝင်းနိုင်က ကားပေါ်မှနေ၍ အဲ့ဒီပတ်ဝန်းကျင်တစ်ဝိုက်ကို သံယောဇဉ်မကုန်စွာ ငေးဝဲကြည့်လျှက်…

"ကိုမိုးနတ် ဘယ်လိုမြင်လဲ"

ဟု…စပြီး မေးပါသည်။

"ဘာကိုလဲ…ကိုဝင်းနိုင်"

"ပန်းချီဆရာမလေးကို…"

မိုးနတ်ရင်ထဲမှာ တစ်စုံတစ်ခု ထကြွလာသလိုပဲ ခံစားလိုက် ရပါသည်။

"မသုဒ္ဒါကို ပြောတာလေ"

"အသက် ခပ်ငယ်ငယ်ပါပဲ…"

"လှတယ် မဟုတ်လား"

"လှပါတယ်"

"သူ လှတာက တစ်မျိုးလေး…။ ရုတ်တရက်ကြည့်ရင် မမြင်ဘူးဗျ။ ပြီးတော့…မြင်တတ်တဲ့လူမှ မြင်တတ်တဲ့အလှမျိုး… လျှို့ဝှက်တဲ့အလှလို့ ခေါ်တယ်"

"ခင်ဗျားစကားက ပန်းချီကားလို ဖြစ်နေပြီ"

"အပြင်အဆင်က ရိုးတော့ရိုးတယ်ပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော် သိလိုက်တယ်။ သူက ချစ်ခြင်းမေတ္တာနဲ့သစ္စာတရားကို သိပ်တန်ဖိုးထားတတ်မဲ့ မိန်းကလေးမျိုးဗျ။ ကျွန်တော် သူ့ကို လှလို့တင် မကပါဘူး။ အဲ့ဒီလို စိတ်ဓာတ်မျိုးလေး ရှိမယ်ဆိုတာ ခန့်မှန်းလို့ရနိုင်သွားပြီး ရင်ထဲမှာ အလိုလိုမြတ်နိုးသွားမိတယ်"

မိုးနတ် ဘာပြောရမှန်းမသိဖြစ်ပြီး ပြုံးရုံပြုံးနေရပါသည်။ သုဒ္ဓါကို ဒီလိုပဲ သဘောကျနေကြတဲ့ ယောကျ်ားတွေ ဘယ်လောက်တောင် ရှိကြမလဲ။ အဲ့ဒီထဲက ဘယ်သူ့ကိုများ သုဒ္ဓါ ရွေးချယ်လိမ့်မလဲ။ သုဒ္ဓါရဲ့ချစ်သူဖြစ်ခွင့်ရသူဟာ ကိုဝင်းနိုင်ဝေဖန်သလိုပဲ ချစ်ခြင်းမေတ္တာနဲ့ သစ္စာတရားကို သိပ်တန်ဖိုးထားတတ်တဲ့ မိန်းကလေးတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရသူမို့ အင်မတန်မှ ကံကောင်းတာပဲပေါ့။

"ကျွန်တော် သူရှိမဲ့ပြပွဲတိုင်းကို သွားဖြစ်ဖို့က သေချာနေပြီဗျာ"





"ခင်ဗျား သူ့ကို တကယ်ပဲ ရွေးချယ်တော့မှာလား"

"မသိသေးဘူးဗျ၊ သူ့ကို ကျွန်တော်…ရွေးတော့ ရွေးချင်ပေမဲ့ မားသားကြီးက လက်ခံဦးမှ။ မေမေက သူ့ဘာသာ စပ်ဟပ်ထားတဲ့ မိန်းကလေးတွေမှ မနည်းဘူးပဲ။ ရှင်းရှင်းပြောရရင်ဗျာ မသုဒ္ဓါဟာ အဲ့ဒီမိန်းကလေးတွေလောက်တော့ ဥစ္စာနေတော့ မပြည့်စုံဘူးပေါ့။ အကယ်၍သာ ကျွန်တော် သူ့ကို လက်ထပ်ချင်တယ်ဆိုရင် မေမေ့ကိုတော့…တော်တော်ရင်ဆိုင်ရမယ် ထင်တယ်။ အခြေအနေမကောင်းရင် ကျွန်တော် အားလုံးကို စွန့်ချင်စွန့်ရမှာ…"

"ဟာ…အဲ့ဒီလောက်တောင်ပဲလား"

"မေမေက ပြောပြီးသားလေ…။ သားတွေအားလုံး သူသဘောတူလို့ ပေးစားတဲ့မိန်းကလေးကို ယူရင်ယူ၊ မယူဘဲ ကိုယ်ဘာသာရွေးလာတဲ့မိန်းကလေးဆိုလဲ သူရွေးထားတဲ့မိန်းကလေးနဲ့ တန်းတူဖြစ်ရမယ်၊ သာရင်လဲ သာရမယ်တဲ့။ အဲ့ဒီလိုမှမဟုတ်ရင် ကိုယ့်လမ်းကိုယ် ရွေးရုံပဲပေါ့။ သူရွေးထားတာထက် မသာရင် သူပေးမဲ့ အမွေကို မမျှော်လင့်နဲ့တဲ့"

မိုးနတ် ဒီတော့မှ ကိုဝင်းနိုင်တို့အကြောင်းကြားဖူးတာ ဖြစ်ပါသည်။

"ကိုဝင်းနိုင်က သုဒ္ဓါကို ချစ်တယ်ဆိုရင် အားလုံး စွန့်လွှတ်နိုင်ရမှာပေါ့။ အားလုံးကိုစွန့်ပြီး သုဒ္ဓါကိုပဲ ရွေးရဲရမှာပေါ့"

"ကျွန်တော် အဲဒါကို မသေချာတာဗျ။ ချစ်တော့ ချစ်နိုင်ပါတယ်···။ ဒါပေမဲ့ ကျွန်တော် ပြည့်စုံတဲ့ဘဝကလာပြီး မပြည့်စုံတဲ့ဘဝကို လျှောက်ရမှာ သတ္တိမရှိဘူးဗျ။ မိဘိုင်းလ်ဖုန်းကိုင်ပြီး PARADO မောင်းရတဲ့ဘဝကနေ···ခေါက်ထီးတစ်ချောင်းနဲ့ ဘတ်(စ်) ကားတိုးစီးဖို့ အဆင့်ကိုဆင်းဖို့ သတ္တိမရှိဘူးလို့ ကိုယ့်ကိုယ်ကို ဝေဖန်ရဲတယ် ကိုမိုးနတ်"

"ချီးကျူးပါတယ်···၊ လူတွေက ကိုယ့်စိတ်ကိုယ် ပြန်ညာနေတဲ့လူတွေ၊ အမှန်မပြောတဲ့လူတွေ များပါတယ်။ ကိုဝင်းနိုင်ကတော့ အမှန်အတိုင်းပြောတတ်တော့ အဲ့ဒီစိတ်ကို ကျွန်တော် မချီးကျူးဘဲ မနေနိုင်ဘူး"

"ဒါနဲ့ ကိုမိုးနတ်ကရော···"

"ခင်ဗျာ···ကျွန်တော့်ကို ဘာမေးတာလဲ ကိုဝင်းနိုင်"

"ကိုမိုးနတ်ရဲ့မိဘတွေကရော ဘယ်လို သဘောထားမျိုးတွေ ရှိကြလဲ"

"ဖေဖေနဲ့မေမေကလား···အင်း···ခုထိတော့ ကျွန်တော့်ကို





စပ်တာဟပ်တာတွေ မလုပ်ပေးသေးပါဘူး။ ကြည့်ရတာ အသက်အစိတ်ပဲ ရှိသေးလို့ထင်တယ်"

"အကယ်၍···ကိုမိုးနတ်ဆိုရင်ရော"

"ကျွန်တော့်မေမေကတော့ စိတ်မမာဘူး ပျော့တယ်။ ဖေဖေကတော့ စိတ်မာတယ်။ ဒါပေမဲ့···ကျွန်တော်က သားတစ်ယောက်တည်း ဆိုတော့လဲ ကျွန်တော်က သူတို့ သဘောမတူတာ လုပ်မိရင်တောင် အမွေဖြတ်တာမျိုးတော့ လုပ်မဲ့ပုံမရပါဘူး။ အဓိက,က မေမေပဲလေ···။ ဖေဖေ ဘယ်လောက် စိတ်မာပါစေ···မေမေ့စကားကိုတော့ သူ လက်ခံမှာပါပဲ"

မေမေက သုဒ္ဓါဆိုရင်လက်ခံမလား···။ မိုးနတ်သည် ကိုယ့်အတွေးကိုယ် ပြန်လန့်သွားပြီး ချက်ချင်း ဖျောက်ပစ်လိုက်ပါသည်။ သုဒ္ဓါကို တခြားလူတစ်ယောက်က သဘောကျတယ်ဆိုတာနဲ့ပဲ ငါက ဘာလို့ လိုက်သဘောကျစရာလဲ···။

သုဒ္ဓါကို···ငါ ဘယ်တော့မှ မချစ်ခဲ့ဘူးလေ။ ဒါပေမဲ့ သုဒ္ဓါ ဒုက္ခရောက်ရမဲ့အဖြစ်မျိုးကိုတော့ မမြင်ချင်ဘူး။

"ကျွန်တော် ကိုဝင်းနိုင်ကို တစ်ခုတော့အကြံပေးချင်တယ်"

"ဘာလဲ ပြောပါ ကိုမိုးနတ်"

“မိန်းကလေးတစ်ယောက်ကို တကယ်လက်ထပ်နိုင်၊ လက်မထပ်နိုင်…သူနဲ့ ပတ်သက်ရလို့ ကိုယ့်ဘက်က စွန့်နိုင်၊ မစွန့်နိုင်တွေ မသေချာဘဲနဲ့ သွားပြီးမပတ်သက်ပါနဲ့လား…။ သူ့ကို တမင်ဒုက္ခပေးရာရောက်တယ်။ သူ့ရဲ့ အေးချမ်းတည်ငြိမ်တဲ့ဘဝကို အနှောင့်အယှက်ပေးရာရောက်တယ်။ အထူးသဖြင့် သုဒ္ဒါကိုပေ့ါ…”

ကိုဝင်းနိုင်က တအံ့တသြဖြင့် မိုးနတ်ကို ကြည့်လိုက်ပါသည်။

“ဘာဖြစ်လို့ သုဒ္ဒါကိုမှမို့ ပြောတာလဲ ကိုမိုးနတ်။ သူနဲ့ ကိုမိုးနတ်က…”

ကိုဝင်းနိုင်က စကားတစ်ပိုင်းတစ်စဖြင့် ဆက်မပြောဘဲ မိုးနတ်ရဲ့အဖြေကို စောင့်စားနေခဲ့ပါသည်။

မိုးနတ်က အနိုင်ရထားသူ တစ်ယောက်လိုပဲ သေချာသောအသံဖြင့် ခပ်တိုးတိုး ရေရွတ်လိုက်ပါသည်။ အဲဒီလို ရေရွတ်ပြောဆိုအဖြေပေးလိုက်မိခြင်းရဲ့ ရည်ရွယ်ချက်အမှန်ကို…သူ ဘာမှ မစဉ်းစားဘဲ ရေရွတ်လိုက်တာပဲ ဖြစ်ပါသည်။

“သုဒ္ဒါက ကျွန်တော်နဲ့ လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကတည်းက သိကျွမ်းခဲ့ဖူးတဲ့ သုဒ္ဒါပါပဲ”





သူ့စကားကြောင့် ကိုဝင်းနိုင် ဘာမှဆက်မပြောတော့၊ ဆက်မမေးတော့ဘဲ တိတ်ဆိတ်သွားခဲ့ပါသည်။

×××

ကိုဝင်းနိုင်ဆိုသည်မှာ မိုးနတ်တို့လိုပဲ အရောင်းကုန်တိုက်ကြီး တစ်ခုပိုင်ဆိုင်ထားပြီး တခြားသော စီးပွားရေးလုပ်ငန်းတွေလဲ တော်တော်ပိုင်ဆိုင်ထားသည့် မိသားစုထဲမှဖြစ်ရာ ချမ်းသာသော စာရင်းဝင်ဖြစ်သည်။

ကိုဝင်းနိုင်ကနာမည်လဲခပ်ရိုးရိုး၊ လူကလဲ ခပ်ရိုးရိုး သာမာန်ရုပ်ရည်နှင့်ဖြစ်ပေမဲ့ အဆောင်အယောင်တွေရှိသူမို့ ကြည့်ကောင်းသူပင်။ ပြီးတော့ သူက လူရှုပ်လူပွေတစ်ယောက်လဲ မဟုတ်ပါ။ မိုးနတ်သိသမျှ သူ့မှာတက္ကသိုလ်တုန်းက ရည်းစားနှစ်ယောက်လောက် ထားခဲ့ဖူးတာပဲရှိသည်။ အခု လောလောဆယ်မှာ ရည်းစားလဲမရှိ။ သို့သော်





ကိုဝင်းနိုင်တို့မှာ ညီအစ်ကိုမောင်နှမ ငါးယောက်ရှိပြီး သူတို့အားလုံးက မိခင်ကို အင်မတန်မှ ကြောက်ရသူ၊ မိခင်စကားကို မြေဝယ်မကျနားထောင်ရသူ၊ မိခင်စိတ်ဆင်းရဲမှာမျိုး ဘာမှမလုပ်တတ်သူတွေဖြစ်သော သားသမီးလိမ္မာများတည်း။ သူတို့ငယ်ငယ်ကတည်းက အဖေဆုံးသွား၍ အမေကသာ ရှာဖွေကျွေးမွေးခဲ့တာမို့ အမေမှအမေ ဖြစ်နေသူတွေပင်။

အဲ့ဒီတစ်ခုကြောင့်...မိုးနတ်ဟာ သုဒ္ဓါကို တကယ်ယူရဲတာလဲ မဟုတ်ဘဲ ရည်းစားဖြစ်ချင်နေသော ကိုဝင်းနိုင်ကို ပိတ်ပင်တားဆီးလိုတာ ဖြစ်သည်။ မိုးနတ်ဟာ သူ့စိတ်ထဲမှာတော့ သုဒ္ဓါကို သူ စောင့်ရှောက်သင့်သည့် မိန်းကလေးဟု ခံစားရကာ သုဒ္ဓါဘက်မှ ကြိုတင်ကာဆီးပစ်မိတာ ဖြစ်သည်။

အမှန်တော့ သုဒ္ဓါ သိက္ခာကျအောင် လုံးဝရည်ရွယ်လိုစိတ် မရှိပါပေ။

ဒါပေမဲ့ အဖြစ်မှန်မှာတော့ သူမျှော်လင့်သလို ကိုဝင်းနိုင်က နည်းနည်းများ နောက်ဆုတ်သွားမလားဆိုတာ တကယ် အကောင်အထည် ပေါ်မလာခဲ့ပါ။

တစ်ရက်မှာ ကိုဝင်းနိုင်ထံ သူ ဖုန်းဆက်မှသာ တစ်ဘက်မှ အဲဒီလူရဲ့ ခြေလှမ်းတွေကို သိလိုက်ရတာတည်း။

ကိုဝင်းနိုင်ရဲ့ကုမ္ပဏီရုံးခန်းကို အလုပ်ကိစ္စတစ်ခုကြောင့် ဖုန်းဆက်မိလျှင်…

"ဦးဝင်းနိုင် မရှိပါဘူး။ ပန်းချီပြပွဲ သွားပါတယ်"

ဟု…စက္ကတေရီမှ ပြန်ပြောသံကို လက်ခံရပါသည်။

ပန်းချီပြပွဲဆိုတာနဲ့ သုဒ္ဓါကို တန်းခနဲပြေးမြင်ကာ မိုးနတ်စိတ်ထဲမှာ ချက်ချင်းဒေါသ ဖြစ်သွားမိပါသည်။ ဒီလူ…သုဒ္ဓါဆီကိုသွားတာပဲ…တောက်…။

"ဘယ်နားမှာ ပန်းချီပြပွဲ ရှိတာလဲ"

"(…)လမ်းမှာပါ။ ဦးမိုးနတ် မှာစရာရှိရင် မှာထားခဲ့ပါ။ ကျွန်မ ပြန်ပြောပေးပါ့မယ်"

"No...No မှာစရာမရှိပါဘူး။ ကျွန်တော် အခုပဲ အဲ့ဒီကို လိုက်သွားလိုက်ရင် ဖြစ်ပါတယ်။ အလုပ်ကိစ္စ မဟုတ်ပါဘူး"

မိုးနတ် စကားမြန်မြန်ဖြတ်ကာ လူက ဘယ်လိုကဘယ်လို ကားသော့ကောက်ကိုင်၊ ကားကို မောင်းထွက်လာမိသည်လဲ မသိတော့။

အဲ့ဒီနေရာကိုရောက်လျှင် မှတ်မိနေသည့် ကိုဝင်းနိုင်၏ကား နံပါတ်နှင့် PARADO နက်ပြာရောင်ကြီးကို တွေ့ရပါသည်။





သူ…ပြပွဲထဲ ဝင်သွားပါသည်။ ဒီနေရာက ပြပွဲကျတော့ လူတော်တော့်ကို များပါသည်။ နိုင်ငံခြားသားတွေလဲ တွေ့ရပါသည်။ အရင်တစ်ခါကထက် ပိုပြီးကြီးကျယ်ပုံရသည်။

မိုးနတ်ကတော့ ဒါတွေစိတ်မဝင်စား၍ နားစွင့်နေသူမဟုတ်ရာ ဘာမှမသိခဲ့ပါ။ ကိုဝင်းနိုင်ကတော့ အရင်တည်းကလဲ ဒီလိုပွဲတွေမကြာခဏ သွားနေကျဖြစ်ရာ ချက်ချင်းသတင်းရပုံရသည်။ အခုဆိုရင် အထူးသဖြင့် သုဒ္ဓါပါ…ပါနေပြီမို့ သူ ရောက်အောင်လာပုံရသည်။

မိုးနတ်ဝင်လာသည်ကို သုဒ္ဓါက အရင်စပြီးမြင်သွားပါသည်။ ကိုဝင်းနိုင်ကတော့ မမြင်။ သုဒ္ဓါကို တကြည့်ကြည့်နှင့် စကားတွေပြောနေသည်မှာ ပတ်ဝန်းကျင်ကိုပင် မေ့လျော့နေခဲ့သည်။ မိုးနတ်သည် စိတ်ကူးတစ်ခုပေါ်လာသဖြင့် ကိုဝင်းနိုင် သူ့ကိုမမြင်စေရန် ပုန်းကွယ်ပြီး လူကြားထဲ ကိုယ်ယောင်ဖျောက်လိုက်ပါသည်။

ပြခန်းလေးက အချိုးအကွေ့တွေ ထောင့်ချိုးတွေနဲ့မို့ သူ ရှောင်ပုန်းရတာ လွယ်သွားပါသည်။

သုဒ္ဓါသည် ပြခန်းထဲကို ကမူးရှူးထိုးပုံစံဖြင့် ဝင်လာပြီးမှ ရုတ်တရက် ဟိုကွယ်ဒီကွယ်ဖြင့်လုပ်ပြီး ဒီအခန်းထဲက ထွက်မသွား

သော မိုးနတ်၏လုပ်ရပ်ကို တအံ့တသြ ဖြစ်နေတော့သည်။

ငါ့ဆီလာတာတော့ မဖြစ်နိုင်ဘူး။ ကိုဝင်းနိုင်ဆိုတဲ့လူဆီ လိုက်လာတာပဲ။ ဒီလူလဲ ငါ့ဘေးမှာပဲ…သူလာခေါ်ရင်ရတာကို ဘာကြောင့် အဲ့ဒီလူ မမြင်စေချင်သလိုနဲ့ ပုန်းကွယ်နေရသလဲ…။

မိုးနတ်ရယ်…ရှင်က အခုထိ တစ်မျိုးပါပဲနော်။ အခုထိ… သုဒ္ဓါကို ပဟေဠိတွေ အများကြီးပေးတုန်းပဲ။

"တိုးရစ်(စ်)တွေကိုရောင်းရရင် ဒေါ်လာရတာပေါ့ မသုဒ္ဓါ။ မဆိုးဘူးဘဲ ဝင်ငွေဖြောင့်တာပေါ့"

သုဒ္ဓါသည် ဘေးကလူ၏စကားလုံးတွေကို ခုမှ ပြန်အာရုံ စိုက်လို့ ရသွားပါသည်။

"ရှင်…ဩော် ရတာလဲရတာပေါ့လေ…။ ဒါပေမဲ့ သုဒ္ဓါက ညီမလေးကို ကျောင်းထားရတယ်။ မေမေကလဲ ကျောင်းဆရာမဘာ၀ က အငြိမ်းစားယူလိုက်ရတယ်။ နှလုံးအားနည်းလို့လေ…။ ဒီတော့ မေမေ့ကို ဆေးကုဖို့ရယ်၊ ညီမလေးကျောင်းစရိတ်ရယ်၊ စားဝတ်နေ ရေးရယ်ကုန်ဖို့အတွက် ဒီလောက်ဝင်ငွေရမှ ဖြစ်မှာပါ"

"ညီမ ရှိတယ်လား"

"ဟုတ်ကဲ့…သူက ဆေးကျောင်းမှာပါ၊ နောက်ဆုံးနှစ်





ရောက်နေပြီ…။ နောက်နှစ်ဆိုရင်တော့ ဟောက်(စ်)ဆာဂျင်ပေါ့။ ခုတော့ ကျောင်းသူပေါ့"

"အဖေကရော…"

"ဆုံးသွားပြီလေ။ လွန်ခဲ့တဲ့လေးငါးနှစ်ကပါ…ကင်ဆာနဲ့ ဆုံးတာပါ"

"စိတ်မကောင်းပါဘူး"

"ကိစ္စမရှိပါဘူး"

"ကျွန်တော့်ကို အသိအမှတ်ပြုတယ်ဆိုရင် အဲ…မိတ်ဆွေ အဖြစ်ပေါ့ လက်ခံတယ်ဆိုရင် ပြပွဲပြီးမဲ့အချိန်လောက်မှာ ညနေစာ စားဖို့ လာခေါ်ပါရစေ…။ ကျွန်တော် လေးစားခင်မင်ရတဲ့ ပန်းချီ ဆရာမလေးကို ဖိတ်ခေါ်တဲ့ သဘောပါ"

သုဒ္ဓါက ဒီယောကျ်ားတစ်ယောက်ရဲ့ ပါးနပ်သောချဉ်းကပ်မှု ကို ကြိုမြင်ထားပြီတည်း။ သုဒ္ဓါကျိတ်ပြီး ပြုံးနေမိသည်။ ဒီလူဟာ စတွေ့ကတည်းက သုဒ္ဓါကို စိတ်ဝင်စားခဲ့သည်ဆိုတာ သုဒ္ဓါ အကဲ ခတ်နိုင်ပါသည်။

သို့သော် ဒီလောက်ကြီး မြန်မြန်ဆန်ဆန် ရောက်လာခဲ့လိမ့် မည်ဟု မထင်ခဲ့ပါ။ အဲ့ဒီလူနဲ့ မိုးနတ်ကရော ဘယ်လိုသိကျွမ်းပတ်

သက်နေသလဲဆိုတာ မသိချင်လှပေမဲ့ သုဒ္ဓါနဲ့ပတ်သက်ပြီး သူတို့ ဘာတွေပြောကြမလဲ။ မိုးနတ်ဆီက ဘာတွေကြားထားသလဲလို့တော့ တွေးတောကြည့်မိပါသည်။

ပြီးတော့ အခုပဲကြည့်။ သုဒ္ဓါနဲ့ ကိုဝင်းနိုင်တို့ကိုပဲရှာဖွေပြီး ဝင်လာတဲ့မိုးနတ်ဟာ တွေ့လဲတွေ့ရော ဘာကြောင့် ပုန်းကွယ်ရသလဲ။

"သုဒ္ဓါ···မအားပါဘူး"

"အားတဲ့နေ့ကျရင်···"

"မဟုတ်ဘူး···။ သုဒ္ဓါ···အဲ့ဒီလိုမျိုး ညစာထွက်စားဖို့ စိတ်မပါပါဘူး။ ပြီးတော့ မေမေကလဲ ကြိုက်မှာမဟုတ်ဘူး···။ ကိုဝင်းနိုင် သဘောပေါက်မှာပါ။ ခင်လို့မင်လို့ တွဲသွားတာပဲဖြစ်ဖြစ် ဘေးလူတွေက အမြင်တစ်မျိုးနဲ့ အကြည့်ခံရမှာမျိုးကို သုဒ္ဓါ ရှောင်ပါတယ်"

ကိုဝင်းနိုင်က ခေါင်းညိတ်ပါသည်။ ဘာကို လက်ခံပြီး ခေါင်းညိတ်သလဲဆိုတာတော့ မသိပါ။ သုဒ္ဓါက စကားစဖြတ်လိုက်ဖို့ ဆုံးဖြတ်ပါသည်။ အခုလို လက်ခံစကားပြောနေတာတောင် လွန်လှပြီ။

တကယ်ဆို သုဒ္ဓါ ကင်းကင်းရှင်းရှင်းပဲ နေချင်တာ။ ဒါပေမဲ့ အားနာတတ်မှုက တစ်ခါတစ်ရံ တော်တော့်ကို ဒုက္ခပေးတတ်တာမျိုး





ပင်။ ကိုယ့်ပန်းချီကားတွေ ဝယ်ယူအားပေးသူကို အားနာသမှုနဲ့ လက်ခံစကားပြောမိခြင်းပဲ ဖြစ်ပါသည်။

"သုဒ္ဓါ···တခြားဧည့်သည်တွေကိုလဲ ဧည့်ခံစကားပြောရမှာမို့ ကိုဝင်းနိုင်ကို ခွင့်ပြုပါဦးလို့နော်"

"ဪ···ရပါတယ်။ ဪ···ခဏလေး သုဒ္ဓါ။ ကျွန်တော့်ကို ကိုမိုးနတ်က ပြောပြတယ်။ သူနဲ့သုဒ္ဓါက အရင်တည်းက အသိမိတ်ဆွေတွေတဲ့···၊ အဲဒါ တကယ်ပဲလား"

သုဒ္ဓါ···ရင်ထဲ ဒိန်းကနဲ ဖြစ်သွားပါသည်။ ဘုရားရေ··· မိုးနတ် ဘယ်လိုတွေများ ပြောထားသလဲ···။

"အရင်က အိမ်နီးနားချင်းပါ···၊ အခုတော့ သုဒ္ဓါတို့က သူတို့အိမ်နားက ပြောင်းလာတာပဲ ကြာလှပြီ"

"ဟိုတစ်ခါ ပြပွဲတုန်းကတွေ့ကြတော့ တစ်ယောက်နဲ့ တစ်ယောက် စိမ်းနေသလားလို့···။ စိတ်မရှိနဲ့နော် ကျွန်တော့်အမြင်ကို ပြောတာပါ"

"ကိုမိုးနတ်နဲ့သုဒ္ဓါက ရိုးရိုးအိမ်နီးနားချင်း မိတ်ဆွေမျိုးပါ"

သုဒ္ဓါက အဖြေလဲမဟုတ်သော စကားတစ်ခွန်းဖြင့်သာ တုန့်ပြန်လျှက် ကိုဝင်းနိုင်အနားမှ သိသာစွာပင် ခွာလာခဲ့ပါသည်။

ဒီလူ့မျက်လုံးတွေထဲမှာရှိတဲ့ သံသယက ရိုးသားတဲ့သံသယ မျိုးမဟုတ်ဘူး။ မိုးနတ်ကိုမို့ မိန်းကလေးတွေက အရောတဝင်ရှိချင် ကြတဲ့အထဲမှာ သုဒ္ဓါလဲတစ်ယောက်အပါအဝင်ဖြစ်ခဲ့ပုံပဲဆိုပြီး စိတ် ကူးကြည့်မိတဲ့သံသယမျိုးပဲ။ သုဒ္ဓါသည် ဘာကိုမှာကျည်းသွားမှန်းမသိ ဖြစ်ကာ ပြပွဲခန်းမထဲမှာ ဆက်မနေလိုတော့ဘဲ ကျောခိုင်းထွက်လာမိပါ သည်။

ကိုဝင်းနိုင်ကတော့ ဆက်ပြီး ကြည့်နေဆဲလား။ ပြန်ထွက် သွားပြီလား သုဒ္ဓါ မသိပါ။ သို့သော် သုဒ္ဓါ သိလိုက်တာကတော့ ဆိတ်ငြိမ်ရိပ်ကွက်ထဲက လမ်းသွယ်လေးမှာ သူမ တစ်ယောက်တည်း လမ်းလျှောက်လာစဉ် ""သုဒ္ဓါ""ဟု လှမ်းခေါ်လိုက်သံသဲ့သဲ့ရဲ့အသံ ပိုင်ရှင်ကတော့ ဒီနေရာမှာရှိနေဆဲ ဆိုတာပဲ ဖြစ်ပါသည်။

×××





မိုးနတ်သည် သုဒ္ဓါ သူ့ခေါ်သံကို ကြားမှန်းသိလိုက်ရတော့ ကားကို လမ်းဘေးထိုးချရပ်လိုက်ပြီး ကားပေါ်မှ ဆင်းလာလိုက်ပါ သည်။

သူ···ကားထဲမှာ ထိုင်ကြည့်နေခဲ့တာ။ ကိုဝင်းနိုင် တစ် ယောက်တည်းထွက်လာပြီး၊ ကားမောင်းထွက်သွားပြီး သိပ်မရှေး မနှောင်းမှာပဲ သုဒ္ဓါလည်း စိတ်အလိုမကျဟန်မျက်နှာမျိုးနဲ့ ပြပွဲကျင်းပ ရာ အိမ်ကလေးမှထွက်လာကာ လမ်းမဘက် အေးဆေးစွာ လျှောက် သွားတာကို တွေ့ရပါသည်။

မိုးနတ်သည် ဘာမှစဉ်းစားမနေမိတော့ဘဲ သုဒ္ဓါနောက်ကို
လိုက်လာခဲ့မိလေသည်။

"သုဒ္ဓါ ဘယ်သွားမလို့လဲ"

"ဘယ်မှ မသွားပါဘူး…ခေါင်းနောက်လို့ ခဏထွက်လာ
တာပါ"

"ကိုဝင်းနိုင် ဘာလာလုပ်တာလဲ"

"ပန်းချီကားတွေ လာကြည့်တာ ဖြစ်မှာပေါ့…"

"သူက သုဒ္ဓါနဲ့ စကားပြောနေတယ်လေ။ ဘာတွေ ပြောနေ
တာလဲ"

"အဲဒါ…သုဒ္ဓါရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ၊ ကိုမိုးနတ်နဲ့
ဘာမှ မဆိုင်ပါဘူး…"

"ကောင်းပြီ…ဒါဖြင့် ကျွန်တော် စကားနည်းနည်း ပြောချင်
တယ် သုဒ္ဓါ။ ခဏ အချိန်ပေးနိုင်မလား"

သုဒ္ဓါ မျက်ဝန်းနက်နက်များဖြင့် မိုးနတ်ကို တစ်ချက်မျှ
မော့ကြည့်လိုက်ပါသည်။ မိုးနတ်…ရင်မဆိုင်ရဲသလိုဖြစ်ပြီး တစ်ဘက်
လှဲလိုက်ကာ…

"သုဒ္ဓါအတွက် တစ်ခုခုတော့ အကျိုးရှိမဲ့ စကားမျိုးပါ"





"ဒါဆိုလဲ…အခု ဒီနေရာမှာပဲရပ်ပြီး ပြောလိုက်ပါ"

"ဘာလဲ…သုဒ္ဓါက ဟိုးတုန်းကလိုပဲ ကျွန်တော့်ကားနဲ့
လိုက်လို့မဖြစ်ပါဘူးတို့၊ ကျွန်တော်နဲ့ တွဲသွားတွဲလာလုပ်ဖို့ မဖြစ်နိုင်
ဘူးတို့…ဆိုတဲ့ ပညတ်ချက်တွေ ထားတုန်းပဲလား။ ကျွန်တော့်ဘက်က
တစ်ခုတော့ ပြောထားနိုင်ပါတယ်။ ကျွန်တော်နဲ့ တွဲသွားခဲ့မိလို့ သုဒ္ဓါကို
လာပြီး ရန်တွေ့မယ့်မိန်းကလေး ခုလောလောဆယ် မရှိသေးပါဘူး
သုဒ္ဓါ"

သုဒ္ဓါက သူ့စကားကို ခပ်မှဲ့မှဲ့လေး ပြုံးလိုက်၏။ ဒီတော့
မိုးနတ်လဲ ရှုံးတိုးရှုံ့တန့်ဖြစ်ကာ သူ့ဘာသာ မကျေမနပ်ဖြစ်ပြီး ပါးစပ်
မှ တိုးတိုးရေရွတ်အသံပြုပြီး မြေကြီးကို ဖိနပ်ဦးဖြင့် ထိုးကန်လိုက်မိပါ
သည်။ သုဒ္ဓါရှေ့မှာဆိုရင် သူ ဘာမှဟန်မဆောင်နိုင်ဘဲ အမူအရာတွေ
ဖရိုဖရဲဖြစ်မိတာ ကြည့်စမ်း။ ဒါ…အခုမှစပြီး ပြောင်းလဲသွားတဲ့
သူ့ဘက်က အပြောင်းအလဲတစ်ခု…။

"ကိုမိုးနတ် ဘာပြောမှာလဲ…ပြောလေ"

သုဒ္ဓါက သူ့ကို စကားလမ်းကြောင်း စဖွင့်ပေးတော့မှ သူ
အနေချောင်သွားပါသည်။ သုဒ္ဓါသည် ရင်ထဲမှာ မရဲတရဲနဲ့ မိုးနတ်ရဲ့
ရင်ထဲကို ခိုးလို့ကြည့်နေမိလေသည်။

"ကိုဝင်းနိုင်နဲ့ ပတ်သက်ပြီး…သုဒ္ဒါသိသင့်တယ် ထင်တာကို အသိပေးထားတဲ့ သဘောပါ"

"သုဒ္ဒါနဲ့သူ အခုမှစတွေ့ပြီး သိကြရတဲ့ သာမာန်မိတ်ဆွေပါ…ကိုမိုးနတ်"

"ဒါပေမဲ့…သူက သုဒ္ဒါကို…ကျွတ်…အဲဒါကို ကျွန်တော်မပြောပြရင် ကောင်းမယ်။ ကျွန်တော် ပြောချင်တာက သူက လူကောင်း တစ်ယောက်ပါ"

သုဒ္ဒါ…မျက်ခုံး ပင့်လိုက်မိပါသည်။

"သူက လူကောင်းတစ်ယောက်၊ ပြီးတော့…အမေ့စကားကို အရမ်းနားထောင်တဲ့ သားလိမ္မာတစ်ယောက်ပါ။ သူ့အမေက သားသမီးတိုင်းကို သူ့သဘောတူကျ ရွေးစပ်ပေးစားတဲ့လူနဲ့ပဲ လက်တွဲစေချင်တဲ့ သဘောရှိတယ်။ ပြီးတော့…အဆင့်အတန်း ခွဲခြားတယ်။ သူက ချစ်သူနဲ့အမေနှစ်ယောက်ကြားမှာ လွန်ဆွဲရရင် အမေ့ဘက်ကိုပဲ ပိုပြီး အလေးသာမဲ့ လူစားမျိုးပါ သုဒ္ဒါ။ အဲဒီတစ်ခုတော့ ကျွန်တော် သုဒ္ဒါ သိစေချင်လို့ လာအသိပေးတာပါ"

သုဒ္ဒါက လျှို့ဝှက်စွာ ပြုံးလိုက်ပါသည်။

"အဲဒါကို ကြိုသိထားတော့ သုဒ္ဒါ…ဘာလုပ်ရမလဲ"

"သုဒ္ဒါ…ဆုံးဖြတ်ချက် မမှားနဲ့ပေါ့"





"ဆုံးဖြတ်ချက် ဟုတ်လား၊ အဲ့ဒီဆုံးဖြတ်ချက်ဆိုတာမျိုးကို ဦးနှောက်ကပဲ ထိန်းချုပ်တာလား…။ နှလုံးသားက အလိုအလျောက် ဖြစ်လာတဲ့ ဆုံးဖြတ်ချက်မျိုးလား…"

"မဟုတ်ဘူး၊ သုဒ္ဒါကို စေတနာနဲ့ အကြံပေးတာပါ။ သုဒ္ဒါ တကယ် လက်တွဲခွင့်မရဘဲနဲ့ လူတစ်ယောက်ကို ဘာကြောင့် ဖွတ်မှိတ်ပြီး ချစ်သွားစရာလိုလဲ ချစ်ဖို့ရောသင့်ရဲ့လား။ သုဒ္ဒါ အရမ်းခံစားပြီး ကျန်ရစ်ခဲ့ရမှာ။ ကျွန်တော်က သုဒ္ဒါကို အပျော်တွေနဲ့ပဲ အမြဲတမ်းဆုံစည်းစေချင်တာလေ"

သုဒ္ဒါ…အသံထွက်ပြီး ရယ်ပါသည်။ ဒီလောက်ဆိုရင် သူ့ရင်ထဲကို သုဒ္ဒါ မြင်ရပြီလေ။ ဒါပေမဲ့…သူကိုယ်တိုင်ကတော့ မမြင်တတ်တာလား၊ မမြင်ချင်ယောင်ဆောင်ခဲ့သလား။ တမင်ပဲ ဖျောက်ဖျက်ထားသလား။

သို့ပေမဲ့…သုဒ္ဒါ သူ့ဆီက ဘာမှကို မမျှော်လင့်ပါ။ သူ…မပေးချင်တာကို ဘာကြောင့်များ မျှော်လင့်တကြီးနဲ့ စောင့်စားတော့မလဲ။ ဘာကြောင့်များရယူဖို့ စိတ်ကူးယဉ်နေတော့မလဲ။

"သုဒ္ဒါ…တစ်ခုခု ပြန်ပြောလေ…။ ဘာကြောင့် အသံတိတ်နေတာလဲ၊ ဘာလဲဟင်…သုဒ္ဒါက အဲ့ဒီလူကို နေရာပေးလိုက်ဖို့ ရည်ရွယ်ထားပြီးပြီလား"

"အခုလိုလာပြောပြတာကို ကျေးဇူးတင်ပါတယ် ကိုမိုးနတ်။ ဒါပေမဲ့ သုဒ္ဒါမှာ ဘာမှဆုံးဖြတ်စရာ မရှိသေးပါဘူး။ တစ်ချိန်ချိန်မှာ⋯တစ်ခုခုကို ဆုံးဖြတ်ရွေးချယ်ရတော့မယ်ဆိုရင်တော့ သုဒ္ဒါက ဘာကိုမှဂရုစိုက်နေမှာတော့ မဟုတ်ပါဘူး"

မိုးနတ်သည် ခေါင်းမာချင်သော ကောင်မလေးကို တစ်ချက်ကြည့်လိုက်ပြီး⋯ဘာမှမပြောမဆိုနဲ့ လှည့်ထွက်သွားပါသည်။

"ကိုမိုးနတ် ခဏနေဦး⋯သုဒ္ဒါ မေးစရာရှိတယ်"

မိုးနတ် ပြန်လှည့်လာသည်။

"သုဒ္ဒါနဲ့ပတ်သက်ပြီး ကိုမိုးနတ် ဘာတွေပြောထားခဲ့သလဲ"

မိုးနတ်⋯ တစ်ချက်တော့ မျက်နှာပျက်သွားပါသည်။ ကိုဝင်းနိုင်ကို အလိုလိုအမှတ်ယူချင်ပြီး ဟိုလိုလို၊ ဒီလိုလိုထင်စေသော စကားကို သူ ပြောခဲ့မိသည်။

"ကျွန်တော်တို့ချင်း အသိမိတ်ဆွေတွေပါပဲလို့ ပြောခဲ့တယ် သုဒ္ဒါ"

"ဒါဖြင့် စ,တွေ့စခါက တစ်ယောက်နဲ့တစ်ယောက် မသိသလိုနေတာကို သူက ဘာမှမမေးဖူးလား"

"မမေးပါဘူး"

"သုဒ္ဒါကိုတော့ မေးတယ်"





သုဒ္ဒါရဲ့မျက်နှာမှာ ဘာဒေါသမှမတွေ့ရ၍ မိုးနတ် စိတ်တော့ အေးသွားပါသည်။

"သုဒ္ဒါ⋯ဘာမှ မဖြေတတ်ခဲ့တော့ ဖြေတတ်သလိုပဲ ဖြေလိုက်ပါတယ် ကိုမိုးနတ်"

သုဒ္ဒါ⋯ဘယ်လိုဖြေခဲ့သလဲ။ မိုးနတ် သိချင်သွားပါသည်။ သို့သော် သုဒ္ဒါက ဘာမှ ဆက်မပြောတော့ပါ။

ဒီတစ်ခါတော့⋯မိုးနတ်က နေရာမှာရပ်ပြီး ကျန်ရစ်သူဖြစ်လျက် သုဒ္ဒါကပဲ အရင် သူ့ကို ကျောခိုင်းသွားနှင့်လေပြီ။

မိုးနတ်ဟာ သုဒ္ဒါကို သူ⋯ဘာကြောင့် ပြန်ပြီးစတွေ့ကတည်းက အချိန်တိုင်း သတိတရရှိနဲ့ တစိမ့်စိမ့်တွေးနေမိမှန်း သူ့ကိုယ်သူလဲ အဖြေရှာလို့ မရနိုင်တော့ပေ။

ငါးနှစ်လုံးလုံး လုံးဝကို မေ့ထားခဲ့လို့ရသော အမည်နာမတစ်ခုနှင့် မိန်းကလေးတစ်ယောက်ကို ပြန်တွေ့တွေ့ချင်းမှာပဲ သူ⋯တစ်ရာတစ်စ ငြိတွယ်သလိုလို ခံစားလာရခြင်းကြောင့် မိုးနတ်သည် အချစ်ဆိုတာကို အခုမှပဲ အလောတကြီး လိုက်လံရှာဖွေသုံးသပ်လျက် ဆန်းစစ်ကြည့်မိတော့လေသည်။

×××

(၆)

နောက်ကျတော့…သူဟာ သုဒ္ဒါရဲ့အိမ်လိပ်စာကို စုံစမ်းမိသည်။ သုဒ္ဒါ…ဘယ်နေရာတွေ သွားတတ်သလဲဆိုတာ စောင့်ကြည့်မိပါသည်။ သုဒ္ဒါက ပန်းချီဆွဲတဲ့အလုပ်အပြင် သူတို့တိုက်ခန်းက အောက်ဆုံးထပ်အခန်းမို့ အိမ်ရှေ့ပိုင်းကို စတိုင်ဆိုင်အသေးလေးလဲ ဖွင့်ထားလေရာ…တစ်နေကုန်ဆိုင်မှာ ရှိနေတတ်ပါသည်။

စတိုင်ဆိုင်လေးမှာ ပစ္စည်းများများစားစားတော့ မဟုတ်။ Freezer (ဖရီဇာ) ခပ်ရှယ်ရှယ်တစ်လုံးချထားပြီး အထဲမှာ အအေးပုလင်းတွေထည့်ကာ အအေးလဲတင်ရောင်းပါသည်။ အချဉ်ထုပ်မျိုးစုံ၊ အာလူးကြော်၊ ငါးမုန့်ကြော် စသည်များအပြင် မုန့်အခြောက်မျိုးစုံ





ဥပမာ ဘီစကစ်ပုံး၊ မုန့်ကျွတ် စသည်များ၊ သကြားလုံး ပီကေ စသည့် သားရေစာများ အစုံအလင်တင်ရောင်းသော သပ်ရပ်ရှင်းလင်းသည့် မုန့်ဆိုင်ကလေးပဲ ဖြစ်ပါသည်။

ဈေးဝယ်ထွက်သည့်နေ့တွေမှာတော့ သုဒ္ဒါက အသွားကို ဘတ်(စ်)ကားစီးပြီး အပြန်တော့ ကားငှားစီးပြီး အထုပ်မျိုးစုံဖြင့် ပြန်လာတတ်သည်။ အိမ်မှာရှိတဲ့ မော်ဒယ်လ်ခပ်နိမ့်နိမ့်နှင့် ကိုရိုလာဆလွန်းလေးကိုတော့ သုဒ္ဒါ၏ညီမ ဒါလီက ဆေးကျောင်းသွားလျှင် ယူသွားလေရာ သုဒ္ဒါက ဘယ်ပဲသွားသွား ဘတ်(စ်)ကားသာ အားကိုးရပါသည်။

စတိုးဆိုင်လေးဝင်ငွေနှင့် ပန်းချီကားရောင်းရသောငွေတို့ဖြင့် သုဒ္ဒါတို့ ရှန်းကန်နေပုံရသည်။

မိုးနတ်ရဲ့ဘဝမှာတော့ ငွေကြေးအတွက် ရုန်းကန်ရသည်ဆိုတာမျိုး မရှိခဲ့လေရာ…သုဒ္ဒါတစ်ယောက်တည်း အိမ်ရဲ့ဝင်ငွေကို ကြိုးစားဖြည့်တင်းနေရတာ တွေ့ရတော့ သူ ရင်မောလာပါသည်။

သုဒ္ဒါကို တွေ့လိုက်တိုင်း အမြဲတမ်း တစ်စုံတစ်ခုကို တွေးနေသလိုလို မြင်ရတတ်လေသည်။

တစ်ရက်တော့ သုဒ္ဒါသည် ဈေးကြီးသုတ်ပြာဖြင့် အိမ်မှ

ထွက်လာပြီး ကားထွက်ငှားနေတာ တွေ့လိုက်ရသည်။ ခုနောက်ပိုင်း အချိန်ရရင် ရသလိုပဲ သုဒ္ဓါရဲ့အိမ်နီးဝန်းကျင်တစ်ပိုက်မှာ ယောင်လည်လည်လုပ်မိသော မိုးနတ် တိုက်ဆိုင်စွာ တွေ့ရပါသည်။

သုဒ္ဓါပုံစံက အရင်ကလို အေးအေးလူလူ မဟုတ်လှဘဲ အငှားကားကိုရှာဖွေစောင့်ဆိုင်းနေတာတွေ့လျှင် မိုးနတ် ဒီတိုင်း မသိချင်ယောင်ဆောင်ပြီး ကြည့်မနေနိုင်တော့ပေ။

သုဒ္ဓါရှေ့ကားထိုးရပ်လိုက်ကာ...

"သုဒ္ဓါ...ဘယ်သွားမလို့လဲ"

သုဒ္ဓါက...မိုးနတ်ကို အံ့ဩသလိုကြည့်ပေမဲ့ သူမရဲ့အတွေးအာရုံထဲမှာတော့ ဒီအကြောင်းအရာကို အကြာကြီး မထားနိုင်ပါလေ။

"တစ်ခုခုကို စိုးရိမ်ပူပန်နေပုံပဲ...ဘာဖြစ်လို့လဲ သုဒ္ဓါ"

သုဒ္ဓါသည် ဒီလိုအချိန်မျိုးမှာတော့ မာနကြီးကြီးဖြင့် မနေပြနိုင်ပါ။

"မေမေ...ဆေးခန်းသွားရမယ် ကိုမိုးနတ်၊ အိမ်မှာကားကလဲ မရှိဘူး။ ဒါလီက အသုံးမလိုဘူးထင်ပြီး ယူသွားတယ်။ တော်တော်လေး မောနေလို့ ချက်ချင်း ဆေးခန်းသွားမှ ဖြစ်မယ်။ ဒါကြောင့် ကားထွက်ငှားတာပါ။ ကားကလဲ ဒီနေ့မှ ရှားနေတယ် ဒုက္ခပဲ"





"ဒါဆို...ကျွန်တော် ကူညီပါ့မယ်"

"အဲ့ဒီလိုကြားရတာ ကျေးဇူးတင်ပါတယ်။ သုဒ္ဓါကတော့ အကူအညီကို ယူချင်ပေမဲ့ မေမေက ကြိုက်ပါ့မလား မသိဘူး"

မေမေက မိုးနတ်ကိုဆို ပိုပြီးမယုံသင်္ကာနဲ့ ဟိုးအရင်ကတည်း အမြင်မကြည်ခဲ့ခြင်းကို သုဒ္ဓါ သတိရနေပါသည်။

"ဒီလိုအချိန်မှာတော့...သုဒ္ဓါရဲ့အမေ...မကြိုက်လဲ သုဒ္ဓါ ...တ်နဲ့ သုဒ္ဓါပဲ လုပ်သင့်တယ်"

"ဪ...ရှင်က အဆူခံရမဲ့လူမှ မဟုတ်တာ"

"ကဲပါ...ပြောနေတာ ကြာပါတယ်။ ကားပေါ်တက်လိုက် ...ဒ္ဓါ။ ဘာရောဂါနဲ့ အမောဖောက်တာလဲ"

"မေမေ့မှာ နှလုံးအားနည်းတဲ့ရောဂါ ရှိနေတယ် ကိုမိုးနတ်။ ...ဒီရောဂါကြောင့်ပဲ ဆေးပင်စင် အစောကြီး ယူလိုက်ရတာလေ..."

"ဪ...စိတ်မကောင်းစရာပဲ"

သုဒ္ဓါက သူ့နံဘေးမှာ ဝင်ထိုင်လိုက်လျှင်ပဲ မိုးနတ် ကားကို ...မ်းထဲ ချိုးဝင်လိုက်ပါသည်။

"ဒီလမ်းဆိုတာ...သိလို့လား"

မိုးနတ် မဖြေဘဲ တိတ်ဆိတ်စွာ ပြုံးနေမိသည်။

"သူဒ္ဒါရဲ့အိမ်ကိုရော သိလို့လား"

"..."

"ကိုမိုးနတ်က ဘာမေးမေး ဖြေကိုမဖြေတော့ဘူး။ အေးလေ... မဖြေလဲ နေပါ...ရပါတယ်။ ဒါနဲ့ ကိုမိုးနတ်ရဲ့မိဘတွေရော နေကောင်း ကြတယ် မဟုတ်လား"

"ဖေဖေက ဂေါ့(ဖ်) အမြဲကစားနေတော့ လူက ကိုယ်ရေ စစ်နေပေမဲ့ အရက်ကတော့ တော်တော်လေး သောက်ထားခဲ့တာမို့ အသည်း သိပ်မကောင်းဘူးလို့ ဆရာဝန်က ပြောထားတယ်။ မေမေက တော့ ကောင်းပါတယ်။ ဒါပေမဲ့...အဆီအဆိမ့် လျှော့စားနေရတယ် သွေးနည်းနည်း တိုးလာလို့"

"ဟုတ်တယ်...အသက်ကြီးလာရင်တော့...အဆီအဆိမ့် လျှော့တာ ကောင်းပါတယ်။ သူဒ္ဒါရဲ့မေမေကတော့ သူက ငယ်ငယ် တည်းက မွေးရာပါလိုပဲ နှလုံးအားနည်းတဲ့သူပါ။ အသက်ငါးဆယ် ကျော်တော့ ပိုဆိုးလာပြီလေ"

"ဒီမှာပဲ ရပ်လိုက်မယ်နော်။ ဩော်...ကျွန်တော် အိမ်ထဲ ဝင်လိုက်လာပြီး လိုက်ကူညီတွဲပေးဖို့ လိုသေးလား"

"ရတယ်...ကိုမိုးနတ်၊ မေမေ့ကို သူဒ္ဒါ တွဲခေါ်လာနိုင်ပါ တယ်"





ဒါပေမဲ့...မိုးနတ် ကားပေါ်မှာ ထိုင်စောင့်မနေခဲ့ဘဲ အောက်ကို ဆင်းပြီး ရပ်စောင့်နေပါသည်။

သူဒ္ဒါရဲ့မိခင်ကို မိုးနတ် သုံးလေးခါသာ မြင်ဖူးပေမဲ့ မှတ်တော့ မှတ်မိနေပါသည်။ သမီးတွေကို အထိန်းအသိမ်းကောင်းသော မာနခပ်ကြီးကြီး မျက်လုံးများနဲ့ အမျိုးသမီးကြီးပင်။

မှန်တာပြောရရင် မိုးနတ်ရဲ့မေမေမှာတောင် ဒီလောက် မာနကြီးလှသော မျက်လုံးမျိုး မပိုင်ဆိုင်ထားပါ။

"မေမေ...ဒါ ကိုမိုးနတ်ပါ။ သူဒ္ဒါ...ကားငှားနေတုန်း တွေ့လို့ အကူအညီ ပေးတာပါ"

"အန်တီရလားခင်ဗျာ...ကျွန်တော်ပါ နည်းနည်းတွဲပေးရ မလား"

"ရတယ်...ရပါတယ်"

ဒေါ်မြတ်နွယ်က ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်၍ သူဒ္ဒါပါ မိခင်ကိုဖေးမရင်း အတူဝင်ထိုင်လိုက်ပါသည်။

"ဘယ်ဆေးခန်းလဲ သူဒ္ဒါ"

"(...) ဆေးခန်းပါ။ သူဒ္ဒါ မေမေ စပြီးမောကတည်းက ဖုန်းနဲ့ ဘွတ်ကင်ချိတ်ထားပြီးပြီဆိုတော့ အကြာကြီးတော့ စောင့်ရမယ် မထင်ဘူး"

မိုးနတ်က ကားကိုမောင်းနေရင်း…

"အခုရော…အန်တီ ဘယ်လိုနေသေးလဲ"

ဟု မေးလိုက်ပေမဲ့ ဒေါ်မြတ်နွယ်က မဖြေနိုင်တာလား၊ မဖြေချင်တာလား မသိ။ မျက်လုံးပိတ်ပြီး ခေါင်းမှီနေသည်။ သုဒ္ဓါကပဲ ဖြေလိုက်ရပါသည်။ အင်း…မေမေတော့ နေပြန်ကောင်းသွားရင် ငါ့ကို တော်တော် ဆူတော့မှာပဲ ထင်တယ်။ လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက သူ့ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ဖူးတာကို သုဒ္ဓါ ပြန်သတိရလို့ နေမိသည်။

"မေမေ…ဆေးသောက်လိုက်လို့ နည်းနည်းတော့ နေသာသွားပြီထင်တယ်။ ဒါပေမဲ့ လိုအပ်ရင်တော့ ဆရာဝန်ပြပြီးရင် ခွဲဖို့များ ပြောမလား မသိဘူး"

"ဩော်…ခွဲရမှာလား"

"ဟုတ်တယ်…မေမေက ခွဲဖို့၊ စိပ်ဖို့ သိပ် Fit(ဖစ်)မဖြစ်သေးလို့ စောင့်နေတာပါ"

မိုးနတ် အခြေအနေအရပ်ရပ်ကို အခုမှပဲပြီး သဘောပေါက်နားလည်သွားပါသည်။ သုဒ္ဓါ…ဒါကြောင့် ပန်းချီကားတွေလဲဆွဲလိုက်၊ ရောင်းလိုက်လုပ်ရင်း အိမ်မှာ စတိုးဆိုင်အသေးလေးဖွင့်ရင်း လောဘ





တကြီး ပိုက်ဆံရှာနေတာကိုး။ မိခင် ခွဲဖို့စိပ်ဖို့အတွက် ငွေစုနေရတာကိုး။

အထူးကုဆေးခန်းကြီးရောက်တော့ သုဒ္ဓါပဲ သူမ၏မေမေကို တွဲပါသည်။ မိုးနတ်လဲ မနေသာတော့ဘဲ ဟိုဟာလုပ်ပေးရမလား၊ ဒီဟာ လုပ်ပေးရမလား မေးမနေဘဲ သုဒ္ဓါလက်ထဲက ဆေးစာအုပ်ကို ဆွဲယူပြီး သွားတပ်ပေးခြင်း၊ ဘွတ်ကင်လုပ်ထားသော လူနာရောက်ပြီ ဖြစ်ကြောင်း ဆေးခန်းကောင်တာမှာ သွားပြောပေးခြင်းတွေ သူ့ဘာသာပဲ ဆက်တိုက် လုပ်ပေးလိုက်ပါသည်။

သုဒ္ဓါကတော့ မိခင်ကို ပခုံးမှဖက်တွဲကာ လူနာတွေ ထိုင်စောင့်ရမည့်ခုံမှာထိုင်လျှက် မိုးနတ်ကို ငေးနေခဲ့သည်။ ဒေါ်မြတ်နွယ်ကတော့ နေရ၊ထိုင်ရတာ သိပ်မသက်သာသလိုဖြင့် အသက်ကို ပင်ပန်းကြီးစွာ ရှူနေခဲ့လေသည်။

"သုဒ္ဓါ…ကျွန်တော် စောင့်နေမယ်နော်"

ဟု…မိုးနတ် အသိပေးပြီး ဆေးခန်းကြီး၏ အပြင်ဘက်သို့ ထွက်လာခဲ့တော့သည်။

သူ့ရင်ထဲမှာ သုဒ္ဓါနဲ့ ပတ်သက်သော ခံစားချက်အသစ်ကတော့ သူမအား များစွာ ဂရုဏာသက်မိနေခြင်းပဲ ဖြစ်လေသည်။

×××

[illegible]

သူဒွါ၏ မိခင်မှာ မထင်မှတ်ဘဲ အဲ့ဒီဆေးခန်းပြရသောနေ့မှာပင် ဆေးရုံတက်ဖို့ ဖြစ်လာခဲ့သည်။

ချက်ချင်းပဲ အထူးကုဆေးခန်းကြီးက အခန်းတစ်ခန်းကို ယူရကာ မိခင်ကို ဆေးရုံမှာထားခဲ့ရပြီး သူဒွါနဲ့မိုးနတ် အိမ်အတူပြန်လာ၊ လိုအပ်သောပစ္စည်းတွေယူနှင့် ထိုနေ့က တစ်နေကုန်ပင် မိုးနတ် ကူညီခဲ့ရပါသည်။

"ကျေးဇူးတင်လိုက်တာ ကိုမိုးနတ်ရယ်"

ဟု သူဒွါက တဖွဖွပြောရင်း မျက်ရည်လေးတွေ ဝဲနေတာတ်တာမြင်တော့ မိုးနတ် နှစ်သိမ့်ရပါသည်။

"အန်တီ့အတွက် စိုးရိမ်တာလဲ စိုးရိမ်ပေါ့။ ဒါပေမဲ့…ကြိုတွေးပြီး ဝမ်းနည်းမနေပါနဲ့ သူဒွါရယ်။ အားတင်းထားပါ"





"မရဘူး ကိုမိုးနတ်။ သူဒွါ…အားတင်းထားလို့ မရဘူး။ အခြေအနေက မျှော်လင့်ချက် သိပ်မရှိဘူးဆိုတာ သူဒွါ ကြိုသိထားပါတယ်။ မေမေကိုယ်တိုင်လဲ သိပါတယ်။ ဆေးရုံမှာတက်ပြီး ခွဲရပြီ ိုကတည်းက သက်တမ်းကိုပိုရှည်အောင် ဆွဲထားရုံပဲ ရတော့မှာ ူးပါ။ မေမေ့ကို မတော်တဆ ခွဲခွာလိုက်ရမှာ သူဒွါ အရမ်းကြောက် ယ်"

သူဒွါသည် သူ့ကို အားကိုးသလိုတိုင်တည်ပြီး မျက်ရည်ကျမိ ါသည်။ ဒီလိုအချိန်မှာ သူ့ရင်ခွင်ထဲကို တိုးဝင်ပြီး ငိုချင်တဲ့စိတ်၊ ူ…အားပေးနှစ်သိမ့်သလို ထွေးပွေ့မှာကို ခံယူချင်တဲ့စိတ်တွေ ဖြစ် ါလာခဲ့တာမို့ သူဒွါဟာ မေမေ့အတွက် ဝမ်းနည်းနေရသည့်ကြားက ုမကိုယ်သူမ ပြန်အဖြေထုတ်လို့ ရသွားပါသည်။

သူဒွါဟာ မိုးနတ်ကို ဘယ်သောအခါ ကာလတွေကတည်း ာ ချစ်ထားခဲ့မိတာလဲ…။

အိမ်မှာ ပစ္စည်းပစ္စယတွေ ပြန်ယူနေချိန်မှာပဲ ဒါလီ ပြန်ရောက် ာသည်။ ဒါလီက မိုးနတ်ကို အကဲခတ်ပေမဲ့ နှုတ်လဲမဆက်၊ စကား ဲ မပြော၊ ပြုံးပင် မပြုံးပြခဲ့ပါ။

"ဒါလီ…ပြန်ရောက်လာပြီပဲ။ ကားကို…သူဒွါ ယူမောင်း

ရင်ရပါပြီ၊ ကိုမိုးနတ် အလုပ်ကိစ္စ သွားစရာရှိရင် သွားလေ"

"မဟုတ်ဘူး သုဒ္ဓါ၊ ဒီလောက်ပျာနေတာ ကားမောင်း

မဖြစ်ပါဘူး။ ကျွန်တော်ပဲ အပြီးထိ ကူညီပါ့မယ်"

"ဒါလီလဲ ရှိပါတယ် ကိုမိုးနတ်"

"ဒီနေ့ တစ်နေ့လုံး ကူညီလိုက်တော့မယ် သုဒ္ဓါရယ်။ နောက်

နေ့တွေမှာ မလိုအပ်တော့ရင် မကူညီတော့ပါဘူး။ ဒီနေ့တော့ အန်

ကို စပါယ်ရှယ်နာ့(စ်)ငှားပေးပြီး ထားခဲ့ပြီး သုဒ္ဓါတို့ညီအစ်မကို အိမ်

ပို့ပေးပြီးတဲ့အထိ ကူညီလိုက်တော့မယ်။ ညနေလဲ စောင်းနေပါပြီ

ကျွန်တော့်အလုပ်ကိစ္စတွေလဲ မရှိတော့ပါဘူး"

ဆေးရုံတစ်ခေါက်ပြန်ပြီး အားလုံးစီစဉ်ရပါသည်။ ထို

ညနေပိုင်းကတော့ သုဒ္ဓါရဲ့မေမေမှာ ဆေးအရှိန်တွေကြောင့် နည်းနည်

ပြန်လန်းလာသဖြင့် သုဒ္ဓါရော ဒါလီ့မျက်နှာပါ ပြန်၍ကြည်လင်လာ

သည်။ အစကတော့ ညီအစ်မနှစ်ယောက် တိုးတိုး တိုးတိုး ပြောရ

ကျိတ် မျက်ရည်ကျနေမိကြတာ...။

"မေမေ သေသွားရင်တော့ ဒုက္ခပဲ...မမ"

လို့...ဒါလီ ပြောပြတော့ သုဒ္ဓါပါ ကြံရာမရဖြစ်ပြီး လု

ကတုန်ကရီနဲ့ တုန်လှုပ်ခြောက်ခြားသွားလိုက်ရတာ။





ညဘက် နာ့(စ်)ငှားလို့ရပြီး ဧည့်သည်ပြန်ချိန် အိမ်ပြန်လာခဲ့ရပေမဲ့ ညီအစ်မနှစ်ယောက်စလုံး မေမေ့ကို မခွဲချင်ကြပေ။ ဒါလီကလဲ စာမေးပွဲကြီး သိပ်နီးနေပြီဖြစ်၍ ညဘက်မစောင့်နိုင်။ သုဒ္ဓါကတော့ ဒီတစ်ရက် ညဘက်မစောင့်သေးဘဲ နောက်နေ့တွေကျမှ စောင့်ဖို့ ဆုံးဖြတ်ထားခဲ့ပါသည်။ အိမ်မှာ လူခွဲကလဲမရှိလေရာ မေမေကလဲ ညဘက် မစောင့်စေချင်၍ နာ့(စ်)ငှားပေးခဲ့ရတာ ဖြစ်သည်။

"လိုတဲ့အကူအညီရှိရင် ကျွန်တော့်ဆီ ဖုန်းကောက်ဆက်လိုက်ပါ သုဒ္ဓါ။ ဘာမှ အားနာမနေနဲ့၊ ဘာမှလဲ စဉ်းစားမနေပါနဲ့။ ကျွန်တော်လဲ သုဒ္ဓါတို့ဆီ ဖုန်းဆက်ပြီး သတင်းမေးနေမယ်။ ဧည့်ချိန်မှာ လာလာကြည့်မယ်နော်"

မိုးနတ်က ထိုသို့မှာကြားပြီး ပြန်သွားပါသည်။ ဒါလီက အကဲခတ်နေရင်း ညဘက်အိပ်ရာဝင်တော့မှ မေးပါသည်။

"မမတို့ ဘယ်တုန်းက ပြန်တွေ့ကြတာလဲ"

"သိပ် မကြာသေးပါဘူး"

"ရိုးရိုးပဲလား"

"ဘာလဲ...နှင် မေးတာကလဲ တုံးတိတိနဲ့ဟာ။ ဘာမေးချင်တာလဲ မေး"

"မမတို့ ရိုးရိုးသားသားပဲလားလို့ မေးတာ၊ ရည်းစားဖြစ်နေပြီလား၊ မဖြစ်သေးဘူးလား သိချင်လို့"

"ရိုးရိုးပါ…။ သူက ငါ့လိုပုံစံနဲ့မိန်းကလေးကို တကယ်ချစ်မှာလဲ မဟုတ်ပါဘူး။ ဒီနေ့ သူလိုက်ကူညီမှသာ ငါတို့ တော်တော့်ကို တရင်းတနှီး စကားပြောဖြစ်ကြတာ။ ပြန်တွေ့ခါစတုန်းကဆို အရမ်းစိမ်းနေကြတာ။ သူရောငါရော ခပ်စိမ်းစိမ်း ဆက်ဆံမိကြတာ။ ဒီနေ့မှ တိုက်ဆိုင်လို့ ကူညီပေးရင်း ပိုပြီးရင်းနှီးသွားတဲ့ သဘောပဲ"

"ဒါလီက ကိုမိုးနတ်ကို သဘောတော့ ကျပါတယ်။ ဒါပေမဲ့ မဆက်ဆံချင်ဘူး၊ မုန်းနေသလိုပဲသိလား။ သူက ဒါလီရဲ့မမကို မျှော်လင့်ချက်တွေ လာ,လာပေးပြီး ကစားနေသလိုပဲ၊ မပြတ်မသားနဲ့ အဲဒါကြောင့် မုန်းတယ်"

"ကဲ…ကဲ ဒါလီ နင် အိပ်ရင်လဲ အိပ်၊ မအိပ်ရင်လဲ စာကျက်တော့။ ငါတော့ အိပ်ရဦးမယ်။ မေမေ့ကိုပြုစုဖို့ အားမွေးထားရဦးမယ်။ အခုအချိန်မှာ ငါ ဘာမှ ခေါင်းရှုပ်မခံချင်ဘူး"

"ဒါပေမဲ့ ကိုမိုးနတ်က တကောက်ကောက်ပါပြီး လိုက်ကူညီနေတော့မှာနော်"

"အေး…လိုက်ကူညီလဲ ငါ မငြင်းနေပါဘူး။ ငွေကြေးနဲ့





ကူညီတာမျိုးမဟုတ်ဘဲ၊ ဒီလိုကားမောင်းပို့ပြီး ကူညီပေးတာမျိုးက ခုချိန်မှာ တကယ်လိုအပ်နေတာမို့ ဘာမှအိုက်တင်ခံ မာနထားပြီး ငြင်းနေဖို့ မလိုဘူး"

ဒါလီက စာအုပ်ပုံကြီးကို လှန်လှောနေရင်းမှ စာမကျက်ခင်လေးမှာ တစ်ခွန်းတော့ ပြောဖြစ်အောင် ပြောသွားသေးသည်။

"သိပ်ပြီး နီးကပ်လာတဲ့အခါကျတော့ မမ သူ့ကို သိပ်သံယောဇဉ်တွယ်သွားတော့မလားလို့ ဒါလီ စိုးရိမ်တာပေါ့"

သုဒ္ဒါ…ခေါင်းအုံးပေါ် ခေါင်းချလျှက် သက်ပြင်းခိုးချ ငြိမ်သက်တွေဝေနေဆဲပင်။

xxx

ဆေးရုံတက်ပြီး နှစ်ရက်အကြာမှာ မေမေ့အခြေအနေက တော်တော့်ကို ဆိုးလာခဲ့ပါသည်။ ခွဲဖို့စိပ်ဖို့ မဆိုထားနဲ့ အခုဖြစ်နေသော အခြေအနေကပင် ပိုပြီးဆိုးရွားလာရာ သုဒ္ဓါရော ဒါလီပါ မေမေ့နားမှာ မပြတ်ထိုင်စောင့်နေမိတော့သည်။

မေမေက စကားတောင် ကျယ်ကျယ် မပြောနိုင်။ အများကြီးလဲ မပြောနိုင်။ ဧည့်သည်လာသမျှကို သုဒ္ဓါတို့ညီအစ်မသာ ဒိုင်ခံဧည့်ခံပေးရပါသည်။

မိုးနတ်ကတော့ ဧည့်ချိန်မနက်တစ်ခေါက်၊ ညနေတစ်ခေါက် ရောက်လာတတ်သလို တစ်ရက်မှာကျတော့ သုဒ္ဓါလက်ထဲ မိုဘိုင်းလ်ဖုန်းတစ်လုံး လာထိုးထည့်ရင်း•••





"သုဒ္ဓါ ခုချိန်မှာ အသုံးလိုရင်လိုလိမ့်မယ်ယူထားပါ။ ဖုန်းရှိနေတော့ အပြင်ရောက်နေလဲ ဆက်ချင်တဲ့နေရာကို ဆက်နိုင်တယ်၊ အဆင်ပြေတာပေါ့"

သုဒ္ဓါ လက်ကို အသာပြန်ရုပ်လိုက်မိသည်။

"မလိုပါဘူး•••သုဒ္ဓါတို့အိမ်ဖုန်းလဲ ရှိတာပဲ။ ဆေးရုံမှာလဲ တစ်နေရာရာကို ဆက်ချင်ရင် အောက်ဆင်းဆက်ရုံပါပဲ မယူပါဘူး။ သုဒ္ဓါ သုံးနေကျလဲ မဟုတ်တော့ မသုံးတတ်ပါဘူး"

"သုဒ္ဓါ•••လိုလို၊ မလိုလို ယူထားသင့်ပါတယ်။ သုံးတတ်အောင် ကျွန်တော် ပြပေးမယ်"

"မဟုတ်ဘူး•••သုဒ္ဓါ တကယ် မလိုပါဘူး။ ခဏပဲ ငှားငှား လုံးဝအသုံးမလိုတဲ့ ပစ္စည်းမို့ပါ။ ကိုမိုးနတ်ကားနဲ့ အဆင်ပြေသလို ပို့ပေးကြိုပေး ဝယ်စရာရှိတာ လိုက်ဝယ်ပေးတာတွေကတော့ တကယ်ပဲ လိုအပ်တဲ့အကူအညီတွေပါ•••ကျေးဇူးအရမ်းတင်ပါတယ်"

သုဒ္ဓါ လက်မခံတော့•••။ မိုးနတ်လဲ လက်လျှော့လိုက်ရပါသည်။ သူ့ရင်ထဲမှာ ဖြစ်ပေါ်လာသော ဂရုဏာသက်မှုတွေက ဒီမိန်းကလေးအပေါ် ဘယ်လိုနည်းနဲ့ အခက်အခဲဒုက္ခတွေကို ကူပြီးဖြေရှင်းပေးရမလဲ ဆိုတဲ့အတွေးအား အချိန်တိုင်းဖြစ်ပေါ်နေစေတော့လေသည်။

သုဒ္ဒါရဲ့မာနကိုလဲ သိပြီးသားဖြစ်သလို သူ…ဒီထက်ပိုပြီး ကူညီပေးလိုက်လျှင် သူမတို့အပေါ် အထင်သေးသည်ဟု ဆင်လိုက်မှာ လဲ စိုးရိမ်ရသေးရာ ငွေကြေးအကူအညီ လိုသလားဆိုတာ ထုတ်မေ မမေးရဲပါ။

ဒီလို အထူးကုဆေးခန်းကြီး တက်ရတယ်ဆိုတာဟာ ဘယ် လောက်ထိ ပိုက်ဆံကုန်သလဲလို့ မိုးနတ် တွက်ကြည့်ထားပါသည်။ ကြည့်ရတာ သုဒ္ဒါကတော့ ဒီလိုအခြေအနေတွေအတွက် ကြိုတင်ပြင် ဆင် စုဆောင်းထားပြီးပုံပင်။

သုဒ္ဒါရဲ့မေမေ ဒေါ်မြတ်နွယ်ကတော့ စကားသိပ်မပြောနိုင် ပေမဲ့ မိုးနတ် အဝင်အထွက်ရှိနေတာကိုတော့ အသိအမှတ်ပြုရုံ လှမ်း ကြည့်တတ်ပါသည်။

ဆေးရုံရောက်ပြီး လေးရက်လောက်ကြာတော့ မေမေ နည်း နည်းလေး ပြန်သက်သာလာသည့်နေ့တွင် သုဒ္ဒါကို အသံယဲ့ယဲ့လေး ဖြင့် မေးလာပါသည်။

"မိုးနတ်နဲ့သမီးက ဘယ်လိုပတ်သက်နေပြီလဲ"

သုဒ္ဒါ မေမေ့ကို စွတ်ပြုတ်ရည်လေးခွံ့ရင်း ခေါင်းခပ်ငုံ့ငုံ့ဖြင့် ဖြေမိသည်။





"ပန်းချီပြပွဲတစ်ခုမှာ ပြန်ဆုံတာပါ။ နောက်ပိုင်းတော့ မေမေ့ ကို ဆေးရုံပြဖို့ မတော်တဆ ဆုံပြီးကတည်းက သူနဲ့ပြန်အဆက်အဆံ ရှိလာတာပါပဲ မေမေ။ အဲ့ဒီအပြင်တော့ ဘာမှ မပတ်သက်ပါဘူး"

"ကောင်လေးကိုတော့ မေမေ မမုန်းတတ်ဘူးပေါ့။ ဒါပေမဲ့ သမီးကတော့ သူ့ကို သိပ်တွယ်တာနေပြီနော်"

သုဒ္ဒါ မေမေ့ကို ရင်မဆိုင်ရဲဘဲ စွပ်ပြုတ်ထဲက ကြက်သား ဖတ်လေးတွေကို ဇွန်းဖြင့်လှော်ကဖွဲ့နေမိသည်။

"လူချမ်းသာတွေကို မယုံတာတော့ မဟုတ်ဘူး။ အမြင် မကြည်တာလဲ မဟုတ်ပါဘူး။ ဒါပေမဲ့…သူတို့တွေက တကယ် လက်တွဲတော့မယ်…တကယ်အိမ်ထောင်ပြုတော့မယ်ဆိုရင် ကိုယ်နဲ့ တန်းတူရည်တူကိုပဲ ပိုပြီးရွေးချယ်လိုကြတယ်"

မေမေက…မောသလိုဖြင့် အသက်ပြင်းပြင်းရှူကာ ခဏငြိမ် နေလိုက်ပြီးမှ…

"သူတို့…လျှောက်တဲ့ခရီးလမ်းမှာ သမီးက ခဏတာစိတ် အပန်းဖြေစရာ အရိပ်တစ်ခုဖြစ်မှာ စိုးလို့ပါ။ စဉ်းစားဆုံးဖြတ်ပေါ့။ သမီးတို့ကို မေမေ စိတ်ချလက်ချ ထားခဲ့နိုင်ပါတယ်။ သမီးတို့ရဲ့ စိတ်ကို မေမေ ဖတ်လို့ရတယ်။ ဒါပေမဲ့…မိဘမရှိလို့ ငါ့သမီးလေးတွေ ကို မိဘမဲ့ဆိုပြီး သူများတွေက အနိုင်ယူသွားကြမှာ စိုးရိမ်တယ်"

“အို…မဟုတ်တာ မေမေ။ မေမေ ခုပဲ…ဒီလောက်သက်သာလာပြီပဲဟာ သုဒ္ဓါတို့ ဘာကြောင့် မိဘမဲ့ရမှာလဲ။ သုဒ္ဓါနဲ့ဒါလီတို့အတွက် မေမေရှိမှဖြစ်မယ် မေမေရယ်”

“အေးပါ…မေမေ အဲဒါတွေ တွေးနေလို့ပဲ။ သမီးတို့အတွက် စိတ်အားတင်းပြီး ပြန်ထူထူထောင်ထောင်ဖြစ်အောင် လုပ်ရတာပေါ့”

သို့သော်…မေမေ ပြောသလို တကယ်ဖြစ်မလာခဲ့ပါ။ မေမေသာ အဲ့ဒီရက်တစ်ရက်သာ တော်တော့်ကိုလန်းပြီး ထူထူထောင်ထောင် ဖြစ်လာပေမဲ့ နောက်ပိုင်းရက်များမှာတော့ ပို၍ပို၍ပင် အခြေအနေ ဆိုးရွားလာခဲ့ပါသည်။

အဲ့ဒီရက်တွေမှာ ဘယ်သူတွေ ဘယ်လိုရောက်လာပြီး အားပေးသလဲ။ ကြည့်ကြသလဲဆိုတာပင် သေသေချာချာ မမှတ်မိတော့သည်အထိ သုဒ္ဓါ ပူလောင်ကျွမ်းမြွေနေခဲ့သည်။

မေမေ့လုပ်ဖော်ကိုင်ဖက် ဆရာ၊ ဆရာမ၊ မိတ်ဆွေတွေ၊ ဆွေမျိုးတွေ၊ မေမေ့တပည့်ဟောင်းတွေ၊ သုဒ္ဓါနဲ့ဒါလီရဲ့မိတ်ဆွေသူငယ်ချင်းတွေအပြင် တစ်ရက်မှာတော့ မိုးနတ်ရဲ့ ဖခင်နဲ့မိခင်ပါ ပါလာပြီး လာအားပေးကြည့်ရှုတာကိုလဲ သုဒ္ဓါမှာ မိခင်အတွက် ခံစားရလွန်း၍ ဟက်ဟက်ပက်ပက်ပင် ပြန်စကားမပြောနိုင်ပါ။





ဆေးရုံရောက်ပြီး တစ်ပတ်အကြာမှာတော့ ဒေါ်မြတ်နွယ်ဟာ သုဒ္ဓါနဲ့ဒါလီတို့ကို စိတ်ချလက်ချပင် လူ့လောကထဲမှာ ထားရစ်ခဲ့တော့ လေသည်။

သုဒ္ဓါလဲ…မိခင်အတွက် သည်းထန်စွာ ငိုကြွေးရင်းမှာ င်ပန်းသည့်ဒဏ်၊ ဝမ်းနည်းကြေကွဲသည့်ဒဏ်တို့ကြောင့် သတိလစ် မေ့မြောသွားရတဲ့ အထိပင်။

ဆေးရုံကအခန်းလေးထဲမှာ သတိလစ်သွားတာပေမဲ့ သုဒ္ဓါ သတိပြန်ရတော့ အိမ်ကို ပြန်ရောက်နေလေပြီ။

ဒရင်း(မ်)ဘက်(ခ်)ပေါ် လှဲထားသောသုဒ္ဓါကို ခပ်လှမ်းလှမ်း တစ်နေရာ ဆက်တီပေါ်မှာ စိုးရိမ်ကြီးစွာ လှမ်းလှမ်းကြည့်နေသော မိုးနတ်က သုဒ္ဓါ မျက်လုံးတွေ ပြန်ပွင့်ဖွင့်ချင်း သူပဲ အရင်ဆုံး မြင်ပါသည်။

“ဒါလီ…ဟိုမှာ သုဒ္ဓါ မျက်လုံးဖွင့်ကြည့်နေပြီ”

အိမ်မှာ ဟိုဘက် ဒီဘက် ဆွေမျိုးတချို့လဲ တောင်ရောက်လာပြီဖြစ်ရာ မိုးနတ်သည် သူနဲ့ ဘယ်သူမှ သိသူတွေမပါသည့်နေရာမှာ သုဒ္ဓါကို စိုးရိမ်ရမှုတစ်စုတည်းနှင့်သာ ဒီမှာ ဆက်ထိုင်စောင့်မိတော ဖြစ်သည်။

ဒါလီက…သုဒ္ဓါဆီ ပြေးသွားကာ အစ်မနား ပူးထောက်ထိုင်ချရင်း…

"မမ ဘယ်လိုနေသေးလဲ၊ ခေါင်းမူးနေသေးလား"

"မမူးတော့ပါဘူး"

"ဆရာဝန်က ဆေးထိုးပေးလိုက်တယ်။ အိမ်ရောက်ပြီး သိပ်မကြာခင် ပြန်သတိရမှာပါတဲ့…။ အိမ်ပဲ ပြန်နားခိုင်းလိုက်ပါဆိုလို့ ခေါ်လာတာလေ။ မမ…အရုမ်းပင်ပန်းတာရော စိတ်ထဲမှာ ခံစားရတာရော ပေါင်းပြီး သတိမေ့သွားတာတဲ့"

"မေမေ့ကို…"

"မေမေ့ကို…ရေခဲတိုက်ပဲ တန်းပို့လိုက်ပြီ မမ။ ကြီးကြီးတို့ လင်မယား အဲဒါလိုက်လုပ်နေတယ်။ အိမ်မှာ…အန်တီလေးတို့ ရောက်နေတယ်လေ"

"ကိုမိုးနတ်ကရော…"

သုဒ္ဓါသည် လူသူစိမ်းတွေရဲ့ အကဲခတ်သောမျက်လုံးတွေအောက်မှာထိုင်ရင်း သုဒ္ဓါရှိရာဘက် မကြာခဏ လှည့်ကြည့်နေသော မိုးနတ်ကို ပြန်ကြည့်ပြုံးပြရင်း ဒါလီ့ကို တိုးတိုးမေးလိုက်ပါသည်။

"မမကို…သူပဲ ပွေ့ချီလာတာ။ ကြီးကြီးနဲ့အန်တီလေးက





နှစ်ယောက်ထိန်းပွေ့မလို့ပါပဲ။ သူတို့ယောကျ်ားတွေကကျတော့ ပွေ့လို့မသင့်ဘူးဆိုပြီး သူတို့ပွေ့မလို့ဟာ ကိုမိုးနတ်က ဒါလီ…ကျွန်တော် ပွေ့ခေါ်သွားရမလားလို့ မေးတယ်။ ကြီးကြီးနဲ့ အန်တီလေးက သိပ်တော့ မကြိုက်ပေမယ့် ဒါလီလဲ…ကိုမိုးနတ်ပဲ ခေါ်သွားပေးပါလို့ ပြောလိုက်မိတယ်။ ကြီးကြီးနဲ့အန်တီလေးက ခေါင်းကတစ်ယောက် ခြေထောက်ကတစ်ယောက် ဝိုင်းပွေ့ရင် ဘယ်အဆင်ပြေမလဲ၊ တစ်မျိုးကြီး ဖြစ်နေတာ…။ ကိုမိုးနတ်လဲ ပါရက်သားနဲ့…"

ဒါလီက စကားများနေသဖြင့် သုဒ္ဓါ…စကားဖြတ်ခိုင်းလိုက်သလို လက်ကာလိုက်ရပါသည်။

"ကိုမိုးနတ်…ပြန်ရင် ပြန်ပစေလေ…။ သူက ဒီအတိုင်းကြီး ထိုင်စောင့်နေရတော့ ဘယ်ကောင်းမလဲ"

"ဒါလီ…ပြောပါတယ်။ သူက မမကို စိတ်မချလို့ မမ သတိရတဲ့အထိ စောင့်မယ်တဲ့"

သုဒ္ဓါ…လှဲနေရာမှ အသံနည်းနည်းမြှင့်လိုက်ကာ…

"ကိုမိုးနတ်"

ဟု…လှမ်းခေါ်လိုက်ပါသည်။ ဒီတော့မှ…မိုးနတ် ထလာခဲ့ပါသည်။

သုဒ္ဓါနားရောက်တော့ သူ မတ်တတ်ရပ်လျှက်နဲ့...

"သုဒ္ဓါ...ဘယ်လိုနေသေးလဲ"

"အခုတော့...ပြန်လန်းသွားပါပြီ။ ကိုမိုးနတ် အလုပ်ကိစ္စတွေ ရှိနေမှာပဲ ပြန်ရင်ပြန်တော့လေ။ ဟို...နှင်တာ မဟုတ်ပါဘူးနော်။ ကိုမိုးနတ် ထိုင်စောင့်နေတယ် ဆိုလို့ပါ"

"သုဒ္ဓါ...သက်သာသွားရင် ပြန်တော့မယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့"

"အကူအညီလိုတာရှိရင် ဖုန်းဆက်နော်"

"စိတ်ချပါ"

"ကျွန်တော်...အန်တီ့အတွက် လှူတဲ့အနေနဲ့ ဟိုနေ့ကချိုင် စနိုးတာဝဲလ်ထုပ်လေးတွေနဲ့ အချိုရည်ဘူးလေးတွေ ကမ်းချင်တယ် သုဒ္ဓါ...ခွင့်ပြုမလား"

မေမေ့ကို အသုဘချတဲ့နေ့ကို ရည်ရွယ်မှန်းသိလျှင် သုဒ္ဓါ့ရော ခါလီပါ မျက်ရည်တွေ တစ်ပေါက်ပေါက် ကျကုန်တော့သည်။ မိုးနတ်လဲ ဘာဆက်ပြောရမှန်းမသိဖြစ်ပြီး လက်ရောက်ပစ်ကာ ငြိမ်နေမိတော့သည်။

"အောမိုး...ကိုမိုးနတ်ရယ်...သုဒ္ဓါတို့ ဝမ်းနည်းလွန်းလို့ပါ"





သုဒ္ဓါက အကြီးပီပီ အားတင်းပြီး အငိုရပ်လိုက်ပါသည်။ တရှိုက်ငင်ငင်ဖြင့် ပြောလိုက်သောသုဒ္ဓါကို မိုးနတ် ခပ်စိုက်စိုက်လေးလေးဖြင့် ကြည့်နေမိခဲ့သည်။

"ကိုမိုးနတ်...ကုသိုလ်ယူတာကို သုဒ္ဓါ မတားပါဘူး။ ကျေးဇူးတင်ပါတယ်"

"ကဲ...ဒါဖြင့် ကျွန်တော် သွားပြီနော်။ နောက်ရက်တွေလဲ လာခဲ့ဦးမယ်။ သုဒ္ဓါ...ကျန်းမာရေးကို ဂရုစိုက်ပါ။ သုဒ္ဓါ အရမ်းပိန်ပြီး ဖြူရော်နေတာပဲ"

မိုးနတ် အဲဒီအိမ်ကပြန်တော့ သူ့ရင်ထဲမှာ သုဒ္ဓါတစ်ယောက်တည်းကို နေရာအပြည့် ပေးထားလိုက်မိသည်အထိ နင့်နင့်နဲနဲ ချစ်မိနေပြီဖြစ်ကြောင်း သူ့ကိုယ်သူ သိသွားခဲ့လေပြီတည်း။

***

(၇)

ကိုဝင်းနိုင်က မိုးနတ်ကို ခနဲ့သလို ပြုံးကြည့်လေသည်။

"အေးလေ···သုဒ္ဓါက ကျွန်တော်နဲ့ ကိုမိုးနတ်ကို အခုမှ စတွေ့ကြရပြီးမှ ယှဉ်ရွေးရင်တောင်···ကိုမိုးနတ်ပဲ အမှတ်ပိုပေးဖို့ များမှာပေါ့။ အခုကျတော့···အရင်ကတည်းက ရှိခဲ့ဖူးတဲ့သံယောဇဉ်နဲ့ ယှဉ်ရွေးခံရတော့ ကျွန်တော် ရှုံးဖို့သေချာသွားတာပေါ့"

ကိုဝင်းနိုင်သည် သုဒ္ဓါမိခင်ရဲ့ နာရေးသတင်းကို သတင်းစာမှာတွေ့ပြီး အလုဘချသည့်နေ့မှာ ရောက်လာခဲ့သည်။ သုဒ္ဓါအနားမှာ အနီးကပ်ရှိလှပြီး သုဒ္ဓါကလည်း မိုးနတ်ကို အခင်မတန်မှ တွယ်တာ





ားကိုးနေခဲ့သော ဆက်ဆံရေးတို့ကို သူ အဲ့ဒီကျမှ တွေ့သွား၊ သိသွား ခဲ့ပါသည်။

ယောကျ်ားတစ်ယောက်ပီပီ မခံချင်စိတ် ဖြစ်သွားရပြီး မိုးနတ် ကို မနာလိုသလို ခံစားနေရသည်။

သူဟာ···မိုးနတ်နဲ့ယှဉ်ရင် သုဒ္ဓါအတွက် ဒုတိယလူ ဖြစ် ကောင်းဖြစ်မယ်လို့ တွေးကြည့်ထားဖူးပေမဲ့ သုဒ္ဓါနဲ့ မိုးနတ်တို့ဟာ တယ်တော့မှ ပြန်ပြီးမပတ်သက်လာနိုင်ပါဘူးဟု သူ···မျှော်လင့်ထား ခဲ့မိပါသည်။

အခုတော့ သူတို့ချင်း ပြန်ပတ်သက်သွားကြပြီမှန်း သိလိုက် ပြီမို့ သူ မခံချင်သလို ဖြစ်နေပါသည်။ တကယ်တော့ သုဒ္ဓါနဲ့ မိုးနတ် ပြန်ဆုံတာဟာ သူ့ကြောင့်ပဲ···မဟုတ်လား။

"ခင်ဗျားနဲ့သုဒ္ဓါ အရင်က ဘာဖြစ်သွားကြလို့ ကွဲသွားတာ လဲ"

မိုးနတ် မဖြေချင်ပါ။ သူတို့ရဲ့အတွင်းရေးကို ဘာကြောင့် သိချင်နေမှန်း မသိသော ကိုဝင်းနိုင်ကို စိတ်ပျက်မိသည်။ သုဒ္ဓါကို သူ တကယ်ယူနိုင်တာလဲ မဟုတ်ဘဲနဲ့···သုဒ္ဓါနဲ့မိုးနတ်ရဲ့အတိတ်ကို လိုက်မေးနေတာ···။

"ကျွန်တော်နဲ့သူဇွဲါက အရင်ကတော့ သူငယ်ချင်းပါ"

"အခုမှ…ရည်းစားပေါ့"

"မဟုတ်သေးပါဘူး။ ကျွန်တော် သူ့ကို ကူညီပေးနေ

သဘောပါ။ သူနဲ့ကျွန်တော့်ကြားမှာ အဲ့ဒီအဆင့်လောက်ထိ မရောက်

သေးပါဘူး။ တစ်ယောက်နဲ့တစ်ယောက် ခင်မင်နေကြတာပါ"

"အရင်တုန်းက သူငယ်ချင်းဘဝတည်းက အဆင့်ကျော်လို

ရသာပေါ့။ ကျွန်တော်…ခန့်မှန်းရသလောက်တော့ သူဇွဲါကို မိုးနတ်

အပေါ် ဗွယ်တာနေပါတယ်"

"ကျွန်တော်တို့ အဲ့ဒီအကြောင်း မပြောဘဲနေကြရအော

လား"

"တစ်ခုတော့ မေးမယ်ဗျာ၊ ကိုမိုးနတ် သူဇွဲါကို ချစ်နေပြီ

လား"

"အဲဒါတော့…ခင်ဗျားဘာသာပဲ ခန့်မှန်းကြည့်လိုက်ပေါ့…

ကျွန်တော်တော့ ဘာမှဖြေစရာ မရှိသေးဘူး"

ထိုဝင်းနိုင်က သိပ်တော့ မကျေနပ်သလို တိတ်ဆိတ်နေပါ

သည်။

ဒီပုံအတိုင်းဆိုရင် မိုးနတ်နဲ့သူဇွဲါ ပွင့်ပွင့်လင်းလင်း မဖြစ်ကြ





သေးဘူးပေါ့။ ဒါ…ဘာကြောင့် ဆက်မကြိုးစားရတာလဲ။ မိုးနတ်

ကြည့်ရတာ ပြတ်ပြတ်သားသား မရှိပါဘူး။ သူတို့ကြားမှာ ဘာ

ပြဿနာတွေ ရှိနေမှန်းမသိပေမဲ့ ဒါလဲ…သူဇွဲါကို ချစ်လို့ရတာပဲ။

သူဇွဲါကို ဒီလိုအချိန်မှာ…ဘေးက ပေးမအားပေးမဲ့သူဟာ မိုးနတ်တင်

မကဘူး။ ဒါပါ…ရှိနေမယ်ဆိုရင်ရော…အခြေအနေက ဘယ်လိုဖြစ်

သွားမလဲ။

အဲဒီနေ့နောက်ပိုင်းမှာတော့ ကိုဝင်းနိုင်လဲ သူဇွဲါအိမ်လိပ်စာကို

သိသွားပြီဖြစ်ရာ…သူဇွဲါအိမ်ကို တစ်ခေါက် သွားလည်ဖြစ်ပါသည်။

သူဇွဲါက…သူ့ကို ကောင်းမွန်စွာ ဧည့်ခံသည်။

မိုးနတ်ကတော့…သူဇွဲါမေမေ အသုဘကိစ္စအပြီးမှာ ဘန်

ကောက်၊ စင်ကာပူ၊ မလေးရှား ခရီးထွက်ရသည်ဖြစ်ရာ သူဇွဲါဆီ

သိပ်မရောက်ဖြစ်တော့ပြန်ပါ။ ထိုအချိန်ကလေးမှာ ကိုဝင်းနိုင်က သူဇွဲါ

အိမ်ကို အလာစိပ်လာပါသည်။

လာတိုင်းလဲ အစားအသောက်တစ်မျိုးမျိုး လက်ဆောင်ပါလာ

လာတတ်သလို သူဇွဲါ ပန်းချီဆွဲရင်သုံးတတ်သော ဆေးတွေလဲဝယ်လာ

ပြီး လက်ဆောင်အတင်းပေးလိုပေ။ မယူပါဘူးဆိုလဲ မရ…၊ အိမ်မှာ

အတင်းထားသွားတတ်သည်အထိ စွတ်တိုးလာပါသည်။

ကိုယ့်အိမ်ကို လာသည့်ဧည့်သည်လဲဖြစ်သလို သူ့ဒွါတို့အိမ်က စတိုးဆိုင်လေးလဲ ဖွင့်ထားရာ ဘယ်လိုမှတံခါးပိတ်ပြီး ပုန်းနေလို့လဲ မရလေရာ…ဘူ တစ်ပတ်မှာရက်ခြားဆိုသလို ဆက်တိုက်လာလည် သည်ကို လက်မခံဘဲ မတွေ့ဘဲနေလို့ မရတော့ပါ။

အစက…ဒီလူ ဒီလောက်တောင် မျက်နှာပြောင်မည်ဟုလဲ မထင်ခဲ့လေရာ သူလာလည်လွန်းတော့ ညီအစ်မနှစ်ယောက် ခေါင်းချင်းဆိုင် တိုင်ပင်ရတော့လေသည်။

"ဘေးပတ်ဝန်းကျင်က ကြာရင်…တစ်မျိုးမြင်လာလိမ့်မယ်။ အမေသေတာဖြင့် မကြာသေးဘူး။ သမီးတွေဆီ ယောက်ျားတွေ အဝင်အထွက်များနေပြီ…ဆိုတာမျိုး အထင်နဲ့ရမ်းပြောကြတော့မှာ မခံချင်ဘူး။ သူ့ဘာသာ ဧည့်ခန်းထဲမှာပဲ ထိုင်ထိုင်…ဘယ်မှာပဲ ထိုင်ထိုင် အကျယ်ချဲ့ပြောရင် ပြောစရာတွေချည့်ပဲ"

"ဟုတ်တယ် မမ၊ ကိုမိုးနတ်ကဆို သိပ်အလိုက်သိတာ။ ဒီလူက ကိုမိုးနတ်ရဲ့မိတ်ဆွေဆိုပြီး မမနဲ့ကိုမိုးနတ်အကြောင်း မသိဘဲနေမလား"

"ဟဲ့…ငါတို့က ဘာမှမဟုတ်တာ။ ဟိုက သူနဲ့ငါ မိတ်ဆွေသူငယ်ချင်းတွေပါလို့ ပြောထားမယ်ဆိုရင် သူလဲ လွတ်လပ်တဲ့





ယောက်ျားတစ်ယောက်အနေနဲ့ မိန်းမတစ်ယောက်ကို ပိုးပန်းတဲ့သဘောပါ"

"ကိုမိုးနတ်က အဲ့ဒီလိုပဲ အဲ့ဒီလို သိပ်မပြတ်သားတာတွေ လုပ်လွန်းလို့ ဒါလီ မုန်းတာ။ ဘာတွေ တွေဝေနေမှန်းလဲ မသိဘူး"

"ဪ…သူ…ငါ့ကို သဘောမကျလို့ ဖြစ်မှာပေါ့"

"အဲဒါ…ထားပါ။ ဘာမှလဲ အကူအညီရမှာလဲ မဟုတ်ဘဲနဲ့ သူ့အကြောင်းတော့ ပြောမနေချင်တော့ပါဘူး။ အခု…ဒါလီတို့ ရင်ဆိုင်နေရတာကိုပဲ ဘယ်လိုဖြေရှင်းရင် ကောင်းမလဲ"

"ကိုယ့်အိမ် လာလည်တဲ့ဧည့်သည် သူ့ဘာသာ ရိုးရိုးပဲလာလာ၊ ဆန်းဆန်းပဲလာလာ တံခါးဖွင့်မပေးရင်လဲ မကောင်းဘူး။ ပြီးတော့ ငါတို့အိမ်ကလဲ အမြဲတမ်းဆိုင်ဖွင့်ထားရတော့ လူမရှိချင်ဟန်ဆောင်ပြီး ပုန်းနေလို့လဲ မရဘူးနော်"

"ဒါဖြင့်လဲ…ဆိုင်ကို ပိတ်လိုက်တော့ မမရာ…"

ဒါလီက…စဉ်းစားမနေတော့ဘဲ အကြံပေးပါသည်။

"ငါလဲ…ပိတ်ချင်တာပေါ့။ ဒါပေမဲ့…အိမ်မှာ ပိုက်ဆံကနည်းနေပြီ…။ ငါကလဲ ပန်းချီကားတွေ အမြဲရောင်းနေရတာမှ မဟုတ်တာ။ ဘာမှ ဝင်ငွေမရှိဘူး ဖြစ်နေမယ် ဒါလီ"

"ဒါဖြင့်…ကားရောင်းလိုက်။ အဲ့ဒီပိုက်ဆံကို တစ်ခုခုမှာ
ရင်းနှီးပြီး ထိုင်စားလိုက်မယ်"

"နင်က ကျောင်းတက်နေရသေးတာ။ နင် ကျောင်းပြီးမှပဲ
ရောင်းမလားလို့။ ကျောင်းပြီးဖို့က သုံးလလောက်ပဲ လိုတော့တာလေ…
ဒီသုံးလအတွင်းတော့ မြိုးခြံပြီးသုံးရင်တော့ ရမယ်ထင်တယ်"

"ရမှာပါ မမရဲ့။ ဒါလီ…ဆရာဝန်ဖြစ်ရင် မမကို ပြန်လုပ်
ကျွေးမှာပါ"

"ဟယ်…လုပ်မနေစမ်းပါနဲ့။ နင့်ကောင်လေးက ကျောင်းပြီး
ရင် လက်ထပ်ချင်တယ်ပဲ ပြောနေတာ။ ငါ့ကို မပြောရဲပေမဲ့ အိမ်မှာ
စာ လာကျက်ရင် မကြားတကြားပြောပြောနေတာ မသိရင်ခက်မယ်"

ဒါလီ့တွင် ကျောင်းနေဖက်သူငယ်ချင်း အတန်းဘူတက်နေ
သူလဲဖြစ်သော ချစ်သူကောင်လေး ရှိနေပါသည်။

သူတို့ တတိယနှစ်ကတည်းက ချစ်သူတွေဖြစ်နေကြောင်း
နှစ်ဘက်မိဘကို အသိပေးပြီး ဖြစ်နေပါသည်။

ဆေးကျောင်းသား၊ ဆေးကျောင်းသူတို့ ထုံးစံအတိုင်း
ဟောက်(စ်)ဆာဂျင်ဖြစ်ရင် လက်ထပ်လိုကြကြောင်း စကားဦးသန်းနေ
တာ။ မေမေဆုံးသွားပြီးတော့ ဒါလီ့ရဲ့အုပ်ထိန်းသူဟာ သူ့ဒွါဖြစ်လာရ





လေရာ ကောင်လေးက သူ့ဒွါကို ခပ်လန့်လန့်နဲ့ပဲ မကြာခဏ
ဟောက်(စ်)ဆာဂျင်လဲဖြစ် မိန်းမလဲရ…ဆိုသောစကားမျိုး ပြောနေတတ်
ပါသည်။

"မမကို…တစ်ယောက်တည်း ပစ်ထားခဲ့သလို ဖြစ်မှာစိုးလို့
ဒါလီ ထွန်းတောက်ကို လက်ထပ်ဖို့ ပြန်စဉ်းစားနေရပြီ"

"ဟယ်…ဘယ်ဟုတ်မလဲ။ ရည်းစားဖြစ်လာတာလဲ ကြာ
လှပြီ။ မေမေရှိကတည်းက ပြောခိုထားတာပဲ နောက်ဆံတင်းမနေပါနဲ့။
ငါ့ကို တစ်ယောက်တည်း ပစ်မထားချင်ရင်လဲ ငါနဲ့ နင်တို့ အတူတူ
သာနေပေါ့…ရတာပဲ။ မနေလဲ ရတယ်…၊ ငါ တစ်ယောက်တည်း
နေရလို့လဲ ဘာမှမဖြစ်ဘူး။ နေတတ်တယ်"

"အဲဒါကြောင့် ဒါလီက ကိုမိုးနတ်ကို တအားမုန်းလာတာ
ပေါ့။ သူသာ…မှင်မှင့်လင်းလင်းဆိုရင် ဒါလီ့မမ စုလို ပြဿနာ
ကြုံရမှာ မဟုတ်ဘူး"

"ကဲပါဟယ်…ပြောမနေပါနဲ့။ ငါ ဒီရက်ပိုင်းအတွင်းပဲ
ထိုင်ကလက်ကျန်တွေကို တခြားဆိုင်မှာ ပြန်သွင်းလိုက်ပြီး ဆိုင်ပိတ်ဖို့
စဉ်းစားတော့မယ်။ ဆိုင်ပိတ်လိုက်ပြီဆိုရင် ကိုဝင်းနိုင်လာလဲ အသ
ပိတ်ပြီး လူမရှိချင်ဟန်ဆောင်ပြီး တံခါးမဖွင့်ပေးရင် ရတာပဲ။ နင်

စာမေးပွဲပြီးမှ ကားလေးကိုရောင်းလိုက်မယ်။ ခုခေတ်ဈေးနဲ့ဆို ခြောက်ဆယ်လောက်တော့ ရမှာပါလေ…အဲဒါလေးပဲ ဘဏ်မှာအပ်ပြီး အတိုးထိုင်စားရုံပေ့ါ"

ညီအစ်မနှစ်ယောက် တိုင်ပင်ပြီးလျှင်…အဲ့ဒီတစ်ပတ်အတွင်းမှာပင် ဆိုင်ကို ပိတ်ပစ်လိုက်တော့လေသည်။

သုဒ္ဓါတို့အိမ်လေးက အပြင်ကသံပန်းတံခါး၊ အတွင်းမှာတော့ သစ်သားခေါက်တံခါးဖြင့် ကာရံထားလေရာ ဒါလီ ကျောင်းသွား၍ သုဒ္ဓါ တစ်ယောက်တည်း ကျန်ရစ်သည့်အခါများတွင် အပြင်တံခါးရော အတွင်းတံခါးပါ ပိတ်ထားလိုက်ပြီး အိမ်ထဲမှာ ပုန်းအောင်းနေရပါသည်။

သုဒ္ဓါအတွက်ကတော့ ပြဿနာမရှိပါ။ အိမ်ထဲမှာအောင်းပြီး ပန်းချီဆွဲနေလို့ ရသည်။ အိမ်မှာ အဲယားကွန်းလေးရှိနေ၍ တံခါးအလုံပိတ်ထားလဲ ပူလောင်အိုက်စပ်မနေခဲ့ပါ။

ဆိုင်ပိတ်လိုက်ပြီး အဲ့ဒီလိုနေ့လယ်ဘက်တွေ တံခါးပါ ပိတ်ကာနေပြီး သိပ်မကြာ။ လေးရက်လောက်ကြာတော့ အိမ်ရှေ့မှာ ဘဲလ်တီးသံ ကြားရပါသည်။ ဘယ်သူဘယ်ဝါဆိုတာ သုဒ္ဓါ ထွက်မကြည့်။ တံခါးလဲ ဖွင့်မပေးပါ။





တစ်အောင့်အကြာ…ဘဲလ်ကို သုံးခါလောက်တီးပြီးလျှင် လက်လျှော့၍ လှည့်ထွက်သွားပုံရ၏။ ဘာသံမှမကြားရတော့ ကားပေါ်တက်၊ စက်နှိုးပြီး ကားမောင်းထွက်သွားသံသာ ကြားလိုက်ရပါသည်။

အဲဒီနေ့…တံခါးခေါက်မရလျှင် နောက်နေ့တွေလဲ ဆက်တိုက်လိုလို လာတံခါးခေါက်တာကို ကြုံရပါသည်။ သုဒ္ဓါ…ခါတိုင်းနေ့တွေလိုပဲ အသံတိတ်နေမိသည်။

တစ်ရက်တော့ ညဘက်မှာ အိမ်ကို ဖုန်းဝင်လာသည်။

"သုဒ္ဓါလား"

ဟု…ဖုန်းကိုင်ကိုင်ချင်း မေးသံတွင် စိုးရိမ်မှုများ ပါနေသည်။ သုဒ္ဓါက ဒါ…မိုးနတ်အသံပဲဟု ကျက်မိသွားပါသည်။

"ဟုတ်တယ်…ကိုမိုးနတ်"

"ကျွန်တော်…မနေ့ကဖလိုက်နဲ့ ပြန်ရောက်လာခဲ့တယ်"

"ဟုတ်လား…ကိုမိုးနတ်သွားတာ တော်တော် ကြာတာပဲနော်"

"ဟုတ်တယ်…သုံးပတ်မှန်းထားတာ တစ်လခွဲလောက် ဖြစ်သွားတယ်။ သုဒ္ဓါမေမေရဲ့ တစ်လပြည့်ဆွမ်းကျွေးတောင် မမှီလိုက်ဘူး"

အဲ့ဒီတုန်းက…ကိုဝင်းနိုင်လဲ သိနေတာမို့ မကောင်းတတ်၍ ဖိတ်လိုက်ရလေရော အဲ့ဒီလူ တစ်နေကုန် ဘယ်သူ၊ ဘယ်သွားချင်ချင် သူ့ကားနဲ့ ဒိုင်ခံလိုက်ပို့ပေးပြီး ကူညီတာတောင် ဝင်လုပ်ခဲ့တယ်။ သုဒ္ဓါရဲ့အဒေါ်ဝမ်းကွဲတွေကတောင် ပြောယူရတယ်…။

သုဒ္ဓါလေးတို့က ရုပ်ချောကြတော့ ကူညီချင်ကြတဲ့ သကောင့်သားတွေ များမှများပဲ…။ သေသေချာချာ ဆုံးဖြတ်ပြီးရွေးနော် သမီး။ ချမ်းသာတိုင်းလဲ မရွေးမိစေနဲ့။ လူချမ်းသာတာထက် စိတ်ထားလှတဲ့ ယောက်ျားဖြစ်ဖို့ ပိုအရေးကြီးတယ်"

သုဒ္ဓါ…အဲ့ဒီလို ဆုံးမခံရတုန်းက ကိုမိုးနတ်နဲ့ကိုဝင်းနိုင်တို့ကို အဒေါ်တွေ ရည်ညွှန်းပြောလိုက်မှန်း သိပါသည်။

အဲ့ဒီတုန်းက မိုးနတ်ကို တိတ်တခိုးသတိရလိုက်တာ…။ သူကတော့…သူ့အလုပ်ကိစ္စတွေနဲ့ အကြာကြီး အဝေးရောက်နေခဲ့တယ်နော်။

"ဒီနေ့ နေ့လယ်က…သုဒ္ဓါဆီ ကျွန်တော်လာတယ်။ အိမ်မှာ တံခါးတွေလဲ ပိတ်ထားပြီး မုန့်ဆိုင်လေးပါ မရှိတော့ဘူးဆိုတော့ အံ့တောင် အံ့ဩသွားတယ်။ ကျွန်တော် ဘဲလ်တီးကြည့်တော့ တံခါးတွေလဲ ပွင့်မလာဘူးဆိုတော့ ဘယ်သူမှမရှိဘူးဆိုပြီး ပြန်လှည့်လာ





တယ်။ ဒီညနေဘက်ပဲ ခုလေးတင်…ကိုဝင်းနိုင်နဲ့ဆုံတော့ သူ့ကို ကျွန်တော် စကားစပ်မိလို့ပြောမိတော့…သူကလဲ ပြောပြတယ်။ သူလဲ နေ့တိုင်းလိုလို သွားတံခါးခေါက်တာပဲ ဘယ်သူမှ မရှိကြဘူးတဲ့။ ပြောင်းသွားပြီလားလို့တောင် ထင်မိတယ်လို့ သတင်းပေးတာနဲ့ ကျွန်တော် စိတ်ပူပြီး ဆက်ကြည့်လိုက်တာလေ။ အိမ်ပြောင်းသွားပြီဆိုရင် ဖုန်းပါ ခေါ်မရဘူး မဟုတ်လား"

မိုးနတ်က စကားတွေမနားတမ်း တောက်လျှောက်ပြောလိုက်လေသည်။ သုဒ္ဓါ တိတ်ဆိတ်စွာ နားထောင်ပေးလိုက်ပါသည်။

သုဒ္ဓါ…ပြောပြချင်တာတွေလဲ အများကြီးပါပဲ ကိုမိုးနတ်ရယ်…။

"သုဒ္ဓါတို့မှာ…အဲ့ဒီလိုမလုပ်ရင် မဖြစ်တော့လို့ပါ။ အမှန်တော့ ဆိုင်ကို ဘယ်ပိတ်ချင်မလဲ။ ဆိုင်လေးက မုန့်အခြောက်ဆိုင်…အအေးပုလင်းလေးတွေ တင်တဲ့ဆိုင်ဆိုပေမဲ့လေ…သူ့ဟာနဲ့သူတော့ ဝင်ငွေက ရှိနေတယ်။ သုဒ္ဓါတို့ညီအစ်မအတွက်ဆို…အဲ့ဒီဆိုင်ဝင်ငွေလေးနဲ့ အေးအေးလူလူ နေလို့ရတယ်။ အခုတော့…မပိတ်ထားရင် မဖြစ်တော့ဘူး…"

"ဘာဖြစ်လို့လဲ"

"ဟို…ဆိုင်ကဖွင့်ထားတော့ အိမ်တံခါးပေါက် အမြဲဖွင့် ထားရတာလေ။ အဲ့ဒီအခါကျတော့ ကိုယ် လက်မခံချင်၊ မတွေ့ချင်တဲ့ ဧည့်သည်မျိုးလာရင်…တွေ့နေရတယ်။ ယောကျ်ားဧည့်သည် တစ် ယောက်က ဘာကြောင့်ပဲလာလာ၊ ဘယ်နေရာမှာပဲထိုင်ထိုင် ဘေးပတ် ဝန်းကျင်အမြင်မှာကျတော့ သုဒ္ဒါတို့က မိဘမရှိဘာမရှိနဲ့ ညီအစ်မ နှစ်ယောက်တည်း နေနေရတာလေ…ဒီတော့ အိမ်တံခါးအမြဲပိတ်ပြီး ရှောင်လို့ရအောင် ဆိုင်ကို ပိတ်ပစ်လိုက်ရတာ။ သုဒ္ဒါ ရည်ရွယ်ပြော တဲ့လူက ကိုမိုးနတ်တော့မဟုတ်ပါဘူး။ ကိုဝင်းနိုင်ကိုပါ…။ သူက ခုတလော အိမ်ကို အရမ်းလာ,လာနေတယ်လေ။ လာရင်လဲ အကြာ ကြီး ထိုင်စကားပြောတယ်။ အကြာကြီးနေပြီးမှ ပြန်တယ်။ အဲ့ဒီလိုကျ မကောင်းဘူးပေါ့ ကိုမိုးနတ်ရယ်"

"ဪ…ဒီလူက အဲဒီလိုပဲလား…ကျွန်တော်မရှိတဲ့တစ်လ လောက်အတွင်းမှာ…"

"ဟုတ်တယ်…။ တစ်ပတ်မှာ လေးရက်လောက်ကို ရောက်ရောက်လာတာ"

"အေးလေ…ဒီကိစ္စကို ကျွန်တော်လဲ ဘဝင်မကျပေမဲ့ ဘာမှ ဝင်ပြောလို့မှ မရတာ။ သုဒ္ဒါတို့ အဆင်ပြေသလိုလုပ်တာပဲ ကောင်း





ပါတယ်။ ကျွန်တော်ကတော့ အမြဲမလာပါဘူး။ နေ့လယ်ကတော့ ပြန်ရောက်လာပြီမို့ ပါလာတဲ့လက်ဆောင်တချို့ ပေးချင်လို့ဝင်လာ တာပါ။ စကားပြောချင်ရင် ဖုန်းတော့ အမြဲဆက်မယ်နော်"

"ရပါတယ်…ကိစ္စမရှိပါဘူး။ ကိုမိုးနတ်လဲ တစ်ခါတလေ တော့ လာလည်ချင်ရင် လာလည်ပေါ့"

"ကျွန်တော် အစကတည်းက စဉ်းစားထားတယ်လေ။ သုဒ္ဒါတို့မှာ မေမေမရှိတော့ရင် ကျွန်တော် အဲဒီ့အိမ်ကို ဝင်ထွက်တာ မလုပ်သင့်ဘူးလို့"

နောက်တော့…ဟိုအကြောင်း၊ ဒီအကြောင်း သုဒ္ဒါရဲ့ပန်းချီ ကားတွေ အကြောင်း၊ မိုးနတ်သွားခဲ့သော ခရီးအတွေ့အကြုံ စသည် များ ပြောဖြစ်ပြီးမှ ဖုန်းချလိုက်ပါသည်။

သုဒ္ဒါ…တိတ်တခိုး မျှော်လင့်ခဲ့တာကတော့ မိုးနတ်ရဲ့ သဝန်တိုမှုနဲ့ ဒေါသများကိုပါပဲ။ ဒါပေမဲ့…တကယ့်တကယ်မှာကျ တော့ မိုးနတ်ဟာ ကိုဝင်းနိုင်နဲ့ပတ်သက်ပြီး ဒီလောက်မျှသာ မှတ်ချက် ချပါသည်။

တကယ်ပဲ…သူဟာ ငါ့ကို ချစ်လို့မရခဲ့ဘဲ မိတ်ဆွေတစ် ယောက်လို ခင်မင်ခဲ့တာပဲလား…။

သုဒ္ဓါသည် မိုးနတ်အပေါ် မျှော်လင့်ရင်ခုန်ခဲ့သမျှတို့ကို သံသယနဲ့ နောင်တဝင်စပြုလာခဲ့လေပြီ။

သုဒ္ဓါဟာ သာမာန်မိန်းမတွေထဲက မိန်းမတစ်ယောက်ပဲမို့ ကိုယ် ချစ်ခင်တွယ်တာမိနေသော ယောကျ်ားတစ်ယောက်ထံက ချစ် ခြင်းမေတ္တာတို့ကို တိတ်တခိုး မျှော်လင့်နေခဲ့မိပါတယ် မိုးနတ်ရယ်…

×××





သုဒ္ဓါ…အိမ်တံခါးသော့ကို ဖိတ်နေစဉ်မှာ ကိုဝင်းနိုင်ရဲ့ကား က ထိုးရပ်လာခဲ့ပါသည်။

"သုဒ္ဓါ…ဟာ…တော်ပါသေးရဲ့။ ကျွန်တော် စိတ်ထဲမှာ မှန်းပြီး ဒီဘက်ကြုံတုန်း ဝင်လာတာဗျာ အိမ်ပြောင်းသွားကြပြီ ထင်လို့"

"ဩော်…မဟုတ်ပါဘူး"

"သုဒ္ဓါ…ဘယ်လဲ"

"မြို့ထဲကိုပါ…ကိစ္စလေးရှိလို့"

"ကားကြုံလိုက်ခဲ့ပါ…"

ကိုဝင်းနိုင်က ဖျတ်ခနဲဆင်းပြီး မောင်းသူနံဘေးဘက်အခြမ်း မှာ ကားတံခါးကို ဖွင့်ပေးနေလေသည်။

ဘေးပတ်ဝန်းကျင်တို့က တော်တော်လေး အကဲခတ်နေလေရာ သုဒ္ဓါ…တွေဝေစွာ ရပ်နေမိသည်။

အမြဲတမ်း ဝင်ထွက်နေသော ယောကျ်ားတစ်ယောက်ရဲ့ ကားနဲ့ ပါသွားပြန်ပြီ၊ သူတို့ အချိန်းအချက်တွေရှိလို့ ဖြစ်မှာပေါ့။ မဆိုးပါဘူး။ ကောင်မလေးတွေက သူ့ဒွေးကိုတော့ ရှာတတ်သားပဲ။ သုဒ္ဓါသည်…ပတ်ဝန်းကျင်က ပြောမည့်စကားတွေကို ကြားယောင်ကာဘာလုပ်ရမှန်းမသိဖြစ်ပြီး ငိုချင်လာပါသည်။ 'မေမေရေ…မေမေမရှိတော့ မိဘမဲ့ဆိုပြီး အနေရခက်လိုက်တာ…'။

"လာလေ သုဒ္ဓါ…သွားချင်တဲ့နေရာ လိုက်ပို့ပေးရင်း စကားပြောလို့လဲ ရတာပေါ့"

"ကိုဝင်းနိုင်"

"ဘာလဲ"

"သုဒ္ဓါ မလိုက်သင့်ဘူး ထင်တယ်လေ"

"ဩော်"

"မိတ်ဆွေချင်းပေမဲ့…အခုကျတော့ သုဒ္ဓါတို့က ပတ်ဝန်းကျင်အပြောနဲ့လွတ်အောင် အနေအထိုင်ဆင်ခြင်နေရတော့ ဘေးပတ်ဝန်းကျင်က တစ်မျိုးမြင်မှာ အပြောခံရမှာ ကြောက်တယ်"





"သုဒ္ဓါက…သိပ်ဂရုစိုက်လွန်းလို့ပါ…၊ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် တွဲသွားတိုင်းသာ မကောင်းတာပြောရင် လောကကြီးမှာ နေစရာတောင် မရှိဘူး"

"ဒါပေမဲ့…သုဒ္ဓါ…ကိုဝင်းနိုင်ကားနဲ့ မလိုက်တော့ပါဘူး"

"ကောင်းပြီ…ဒါဖြင့် သုဒ္ဓါ အခု ဘယ်ကိုသွားမှာလဲ"

"(…)လမ်းက ပန်းချီပြခန်းကိုပါ"

"အဲ့ဒီမှာ ပြပွဲရှိလို့လား"

"ပြပွဲလုပ်ဖို့ စီစဉ်နေတာပါ၊ ဒီတစ်ခါ သုဒ္ဓါ တစ်ကိုယ်တော်လုပ်ရမဲ့ပွဲပါ"

"ဒါဆို…ကျွန်တော် အဲ့ဒီမှာသွားစောင့်နေမယ်၊ သုဒ္ဓါကိုပြောစရာရှိလို့ပါ"

ကိုဝင်းနိုင်က ပြောပြောဆိုဆိုပင် ကားပေါ် ပြန်တက်သွားပါသည်။ လူတစ်ယောက်ကို အဲဒီလောက်ကြီး ရှောင်ဖို့ပြင်းဖို့ မကောင်းဘူးဟု သုဒ္ဓါ သိနားလည်တာမို့ ကိုယ် ဘယ်သွားမလဲဆိုတာတော့ အသိပေးလိုက်ရပါသည်။

သုဒ္ဓါ…အငှားကားဖြင့်သာ ပန်းချီပြခန်းလုပ်မဲ့လမ်းကို ထွက်လာခဲ့ပါသည်။ အဲဒီရှေ့မှာတော့ ကိုဝင်းနိုင်က ကားကိုအသင့်ရပ်ပြီးစောင့်နေခဲ့သည်။

သူ…တစ်ခုခုပြောတော့မယ်ဆိုတာ သုဒ္ဒါ ခံစားလို့ရလိုက်
လျှင် မိုးနတ်ကို အလွန်အမင်း သတိရသွားပါသည်။ သူက မခူးချင်တဲ့
ပန်းတစ်ပွင့်ကို ခူးချင်တဲ့လူတစ်ယောက်ကတော့ အဆင်သင့်စောင့်မျှော်
နေခဲ့တာ။

အို…သုဒ္ဒါ ဘာကြောင့် သူ့ကို မျှော်လင့်နေရသလဲ။ သူ့ရဲ့
အချစ်ဆိုတာ တကယ်လဲ ရေရာတာလဲ မဟုတ်ဘဲနဲ့။ သူ့မှာ သုဒ္ဒါ
အတွက် တကယ်ပဲ…အချစ်ရှိမနေခဲ့ပါဘူး။ သုဒ္ဒါရယ်…ဘာလို့
ရူးနေတော့မလဲ"

"သုဒ္ဒါ…ပိုပြီးပိန်လာသလိုပဲ၊ ဖြူဖျော့နေတယ်နော်…
နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ ပြပွဲကိစ္စရှိတော့ သုဒ္ဒါ အလုပ်တွေ
လောဘကြီးနေတယ်လေ။ မြို့ပြင်ရှုခင်းတွေ ထွက်ဆွဲတာလဲ ရှိတယ်"

"ဟုတ်လား…ခရီးဝေးလား"

"သုဒ္ဒါ…အဝေးကြီးမသွားနိုင်သေးပါဘူး။ မြို့ပြင်ဖက်မှာက
လယ်ကွင်းတွေ၊ ရွာတွေ၊ ယာခင်းတွေပေါ့…။ စေတီပုထိုးနဲ့တောင်
တန်းပါတဲ့ ရှုခင်းမျိုးတွေ အတွေးနဲ့ရှာပြီး ဆွဲနေတာပဲ။ အမှန်တော့
ပုဂံဘက်၊ ပုပ္ပါးဘက် ဒါမှမဟုတ် တောင်ကြီး၊ အင်းလေး၊ ပင်းတယ





ဘက်တွေ ထွက်ချင်တာ။ အဖေါ်မရှိတာရယ်…မအားတာရယ်ကြောင့်
ဒီတစ်ခေါက်တော့…မပါလိုက်ဘူး"

"သုဒ္ဒါ အလုပ်ကိစ္စအရင်လုပ်လေ၊ ကျွန်တော် စောင့်နေမယ်၊
ပြီးမှ…စကားပြောတာပေါ့ တစ်ခုခုစားရင်းပေါ့…။ ခွင့်ပြုမှာ မဟုတ်
လား"

"ရပါတယ်"

သုဒ္ဒါ…နာရီဝက်လောက် ပြခန်းကိစ္စတွေနဲ့ အလုပ်ရှုပ်နေ
သေးသည်ကို သူက စိတ်ရှည်လက်ရှည်ပင် ထိုင်စောင့်နေလေသည်။

အလုပ်ကိစ္စများပြီးတော့ သုဒ္ဒါ…မလွဲမရှောင်သာတော့ပဲ
ကိုဝင်းနိုင်ရဲ့ကားပေါ် လိုက်စီးလိုက်ရပြီး စားသောက်ဆိုင်တစ်ဆိုင်ကို
အတူလိုက်ခဲ့ရပါသည်။

ဆိုင်ရောက်တော့ သုဒ္ဒါက သိပ်ကို မစားလိုလှပေမဲ့ ကိုဝင်းနိုင်
က အတင်းမှာခိုင်းနေ၍ အားနာပြီး အာလူးဆင်းဒဝစ်ရှိတစ်ပွဲတော့
မှာလိုက်ရသည်။

တကယ်တော့ သုဒ္ဒါ မေမေ့ကိစ္စပြီးကတည်းက အစား
အသောက် သိပ်မမှန်လာရာမှ ခုနောက်ပိုင်း အစားအသောက်ပျက်နေ
ရာ နေ့စဉ် ကော်ဖီ၊ လက်ဖက်ရည်များစွာနှင့် ထမင်းတစ်နပ်လောက်နဲ့

သာပြီးတာ များနေလေသည်။ ဒါကြောင့် နေ့လယ်နေ့ခင်းတွေလဲ အရည်ပဲသောက်ချင်နေတတ်ပြီး အဖတ်စားလို့ မရတတ်ပါ။

ဒါလီသိလျှင် စိတ်ပူပြီး ဟိုစစ်၊ ဒီစစ် သူ့ဆရာ၊ ဆရာမတွေဆီ အပ်လုပ်နေမှာစိုး၍ မပြောဘဲနေနေတာ။

"သုဒ္ဓါတို့…ဆိုင်လေး ဘာလို့ ပိတ်လိုက်တာလဲ"

"မအားလို့ပါ…သုဒ္ဓါပြပွဲကိစ္စအရေးပိုကြီးတယ်ဆိုပြီး ညီအစ်မနှစ်ယောက်တိုင်ပင်ပြီး ပိတ်လိုက်တာပါ။ ဒါလီကလဲ Final Exam: ဖြေနေရပြီလေ"

"ကျွန်တော် တံခါးလာခေါက်တိုင်း မရှိဘူးနော်"

"ဟုတ်တယ် ထင်တယ်။ သုဒ္ဓါ ပန်းချီဆွဲဖို့ မြို့ပြင်ထွက်နေတုန်း ကိုဝင်းနိုင် ရောက်လာတာ ဖြစ်နိုင်တယ်။ တစ်ခါတလေ စာထားသွားရင် သုဒ္ဓါ ပြန်ဖတ်ရပါတယ်"

"ကျွန်တော်က…အရမ်းစိတ်ပူနေတာဗျာ။ မပြောမဆို အိမ်များပြောင်းသွားကြပြီလားလို့"

သုဒ္ဓါ…မှသားတစ်ဝက်၊ အမှန်တစ်ဝက်ပြောလိုက်ပြီး ပြုံးရုံ ပြုံးနေခဲ့ပါသည်။

"ကိုမိုးနတ်နဲ့ဆုံတော့ ပြောဖြစ်ကြသေးတယ်။ သူနဲ့သုဒ္ဓါ တွေ့ပြီးပြီလား…"





"သူ ပြန်လာပြီး တစ်ခါပဲတွေ့ပါတယ်။ နောက်ပိုင်းတော့ သူ…အလုပ်များနေတယ် ထင်တယ်။ ဖုန်းတောင် သိပ်မဆက်ဘူး"

"ဘယ်ဆက်မလဲ…သူ စေ့စပ်တော့မယ်လို့ သတင်းကြားနေတယ်၊ သုဒ္ဓါ…မသိဘူးလား"

"ဟုတ်လား…"

သုဒ္ဓါ…ဝမ်းနည်းအံ့သြစွာပင် 'ဟုတ်လား' လို့ ပြန်မေးလိုက်ရတာ ဖြစ်သည်။ ကိုဝင်းနိုင်က သုဒ္ဓါကို အကဲခတ်နေရင်း…

"ကျွန်တော်ကတော့ ကျွန်တော်ချစ်တဲ့မိန်းကလေး တွေ့ထားပြီမို့ သူ့ကိုပဲ လက်ထပ်တော့မယ်လို့ ဆုံးဖြတ်မိတယ်။ သုဒ္ဓါ…သုဒ္ဓါကို ကျွန်တော် လက်ထပ်ပါရစေ"

ထင်သားပဲ။ သူ…ဒါပြောတော့မယ်လို့ ထင်ကိုထင်ခဲ့တာ။ ရုတ်တရက်ကြီး မိုးနတ်အကြောင်းပြောနေရင်းက ခေါင်းစဉ်ကို ပြောင်းပစ်လိုက်တယ်…။ ဘာသဘောလဲ…။ ဘယ်လို သဘောမျိုးနဲ့လဲ။

မင်း…မျှော်လင့်နေတဲ့ယောကျ်ားတော့ မရနိုင်တော့ဘူး။ ဒီတော့ ရွေးစရာမရှိတော့ဘူး။ ငါ့ကိုပဲ ရွေးတော့။ အင်း…ဒီလူ့ခေါင်းထဲမှာ အဲဒါမျိုးတွေ တွေးနေမလား။

ကိုမိုးနတ်ကရော…ဘာလို့ ငါ့ကို…သူ့အကြောင်းတွေ

မပြောချင်ဘဲ ဖုန်းကွယ်ထားရသလဲ။ ယောကျ်ားတွေဟာ ဘယ်လို လူစားမျိုးတွေမှန်း မသိတော့ပါဘူး။ စော်တော့်ကို ခန့်မှန်းရခက်တဲ့ ပဟေဠိသမားတွေပဲ။

"သုဒ္ဓါကို ကျွန်တော် စတွေ့ကတည်းက ချစ်တာပါ"

"သုဒ္ဓါ…ဘာမှ မစဉ်းစားတော့ပါဘူး။ သုဒ္ဓါမှာ အဖြေ ရှိတယ် ကိုဝင်းနိုင်။ သုဒ္ဓါ…ကိုဝင်းနိုင်ကို ချစ်လဲမချစ်နိုင်ပါဘူး၊ လက်လဲ မထပ်နိုင်ပါဘူး"

"ကျွန်တော် အားလုံးကို စွန့်လွှတ်ပြီးတော့တောင်…သုဒ္ဓါကို လက်ထပ်ဖို့ ဆုံးဖြတ်ရတာပါ။ ကျွန်တော့်မေမေကတော့ အင်း…ဒီလို ရှိပါတယ်။ ကျွန်တော့်မိသားစုရဲ့ သဘောထားအကြောင်းကို အကြမ်း ဖျင်း ပြောပြမယ်"

ဟု…ဆိုကာ လွန်ခဲ့သောကာလရဲ့ ရက်တစ်ရက်တုန်းက သုဒ္ဓါကို မိုးနတ် လာပြောဖူးသော အကြောင်းအရာတို့ကို အသေးစိတ် ပင်ပြန်ပြောပြပါသည်။

သူပြောတဲ့အထဲမှာတော့ သူ့အဖေ သူ ဘယ်အရွယ်က ဆုံး သွားသည်ကအစ…အမေက ဘယ်လို ရုန်းကန်ခဲ့ရသည်များအဆုံး အသေးစိတ်လုပြီး သူတို့မောင်နှမတွေ ဘယ်လို အမေ့ကိုချစ်တာ၊





ရှိသေတာ၊ ကျေးဇူးဆပ်ကြတာတွေ ဓာတ်လမ်းတစ်ပုဒ်လိုပဲ ပြောပြပါ သည်။

သုဒ္ဓါ…ဘာပဲဖြစ်ဖြစ် ကိုဝင်းနိုင်ကိုတော့ တဆိတ်ချီးကျူးမိ သည်။ ဒီလူက…တကယ့်တကယ်ကျတော့ မိုးနတ် ဝေဖန်ပြောဆို သလို အမေ့စကားကို နားထောင်မဲ့လူမျိုး မဖြစ်လာဘဲ သူ လုပ်ချင် ရာကို လုပ်တော့မဲ့လူမျိုးပဲ။ မိုးနတ်ကသာ…။

"အခုလို ပွင့်ပွင့်လင်းလင်း ပြောပြတာကိုလဲ သဘောကျ ပါတယ်။ ဒါပေမဲ့…ကိုဝင်းနိုင်ကို သုဒ္ဓါ တကယ်ပဲ ချစ်လို့မရတာပါ။ လက်ထပ်ဖို့စဉ်းစားရင် သင့်တော်မဲ့ယောကျ်ားတစ်ယောက် ဖြစ်နေပေမဲ့ သုဒ္ဓါ…မချစ်ဘဲနဲ့တော့ လက်မခံပါရစေနဲ့"

"ကျွန်တော်ကတော့…ကျွန်တော့်ကို သုဒ္ဓါ ဘယ်လို ကြောင့်ပဲ လက်ခံပါစေ ကျေနပ်မှာပါ။ လက်ထပ်ပြီးမှ သံယောဇဉ် ဖြစ်ပြီး ချစ်သွားကြတာမျိုးကို ပိုသဘောကျပါတယ်။ ချစ်ပြီးမှ… လက်ထပ်ရရင်တော့ အကောင်းဆုံးပေါ့ဗျာ။ ဒါပေမဲ့…ကျွန်တော့် ကံကမှ ဒီလို ဖြစ်မလာတာ"

"မဟုတ်ဘူးလေ…ကိုဝင်းနိုင်ရဲ့။ ကိုယ်လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်ဟာ ကိုယ့်ကိုမချစ်ဘဲ တခြားတစ်ယောက်ကို ချစ်

နေတယ်ဆိုတာကို ခံနိုင်ရည်ရှိချင်မှ ရှိမှာလေ။ သုဒ္ဓါ အဲဒါကို အရှင်းဆုံးပြောပြီး ငြင်းတာပါ''

ကိုဝင်းနိုင်က…သုဒ္ဓါရဲ့စကားကို ကြားလိုက်ရတော့ မအံ့သြဟန်၊ မထူးဆန်းဟန်ဖြင့် ရယ်နေပါသည်။

''ကိုမိုးနတ်ကို သုဒ္ဓါ တော်တော် ချစ်ခဲ့တာပဲနော်။ သူက ကိုယ့်အပေါ် စိမ်းတာတောင် အခုထိပဲ ချစ်လို့ရနေသေးတာကို ကြည့်ခြင်းအားဖြင့် သုဒ္ဓါရဲ့အချစ်က ကြီးမားတယ်လို့ ခန့်မှန်းမိပါတယ်။ ဒါပေမဲ့ သုဒ္ဓါရယ်…လောကကြီးမှာ ကိုယ်ကတော့ တစ်ယောက်တည်း အထီးကျန်ပြီး သူကတော့ အပေါ်နဲ့ပျော်နေရတဲ့ အဖြစ်မျိုးတော့ မရောက်သင့်ပါဘူး''

''မဟုတ်သေးပါဘူး။ သုဒ္ဓါ…ဘယ်သူ့အပေါ် ဘယ်လောက်ပဲချစ်ချစ် ကိုဝင်းနိုင် မဝေဖန်ပါနဲ့။ သုဒ္ဓါ မကြိုက်ဘူး။ သုဒ္ဓါ…ကိုဝင်းနိုင်ကို ဘယ်တော့မှလက်ထပ်မှာ မဟုတ်တဲ့အတွက် မျှော်လဲမျှော်လင့်မနေပါနဲ့။ တစ်ခုတော့ ကျေးဇူးတင်ပါတယ်။ သုဒ္ဓါကို လက်ထပ်ဖို့ အမေပေးမဲ့အမွေကိုတောင်စွန့်ပြီး ရှေ့တိုးတော့မယ်ဆိုတာ သိရတဲ့အတွက် ကျေးဇူးတင်ပါတယ်''

ကိုဝင်းနိုင်က ရင်ထဲမှာ နာမျက်သလိုလိုတော့ ဖြစ်သွားပေမဲ့





သူ ဟန်ဆောင်နိုင်ခဲ့ပါသည်။ ဒီမိန်းကလေးဟာ သူထင်ထားတာထက် အချစ်တစ်ခုကို သိပ်တန်ဖိုးထားနေသောအခါ…သူဟာ အဲ့ဒီမိန်းကလေးဆီက အချစ်ကိုရထားဆဲဖြစ်တဲ့ ရနေဆဲဖြစ်တဲ့ မိုးနတ်ကိုပဲ မနာလိုဖြစ်ရတော့လေသည်။

သူ ကောင်မလေးကို တစ်ခွန်းတော့ ဝေဖန်လိုက်မိပါသည်။

''သုဒ္ဓါက…မျှော်လင့်နေသေးတယ် ထင်တယ်နော်''

×××

ဆိုင်ထဲဝင်ဝင်ချင်း မိုးနတ် အရင်ဆုံးမြင်လိုက်တာက ခပ်ငေး ငေးလေး မေးထောက်ထိုင်နေခဲ့သော သုဒ္ဓါကိုပင်…။

သုဒ္ဓါ…တစ်ယောက်တည်း။ မတွေ့ရတာကြာပြီဖြစ်ရာ သုဒ္ဓါ အရင်ကထက်စာရင်တော့ တော်တော့်ကိုပိန်သွားမှန်း သူ သတိ ထားလိုက်မိပါသည်။

"သုဒ္ဓါ"

သုဒ္ဓါ…သူ့အသံကြောင့် အံ့ဩသလို…လှည့်ကြည့်ပါ သည်။

"သုဒ္ဓါ…တစ်ယောက်တည်းလား"





မိုးနတ်က သုဒ္ဓါရှေ့မှာရှိနေသော တခြား အအေးခွက်အလွတ် နှင့် အကြွင်းအကျန်တချို့ ရှိနေသည့် မုန့်ပန်းကန်ကို သတိထားမိပြီး မေးလိုက်ပါသည်။

"မဟုတ်ပါဘူး…ကိုဝင်းနိုင်ပါတယ်။ ဟိုဘက်မှာ သူ့ မိတ်ဆွေတစ်ယောက်တွေ့လို့ သွားနှုတ်ဆက်နေတယ်။ ကိုမိုးနတ်က ရော…"

မိုးနတ်…ကိုဝင်းနိုင်ကျောပြင်ကို ဖျတ်ခနဲလှမ်းကြည့်လိုက် ရင်း…သုဒ္ဓါအား ပဟေဠိတွေဖြင့် ပြန်လှည့်ကြည့်ပါသည်။ ဘယ်လိုလဲ သုဒ္ဓါ။ ဒီလူ့ကို လက်ခံလိုက်ဖို့ ဆုံးဖြတ်ပြီးပြီလား၊ ဒါမှမဟုတ်… လက်ခံလိုက်ပြီလား…။

"ကျွန်တော်က ဒီဘက်မှာအလုပ်ကိစ္စနဲ့လာရင်း နေ့ခင်းဘက် လက်ဖက်ရည်ဖြစ်ဖြစ် သောက်ချင်လာလို့ ဒီကိုဝင်လာတာပါ"

"မဟုတ်ဘူး…သုဒ္ဓါမေးတာက…ကိုမိုးနတ်ကရော တစ် ယောက်တည်းလား ဆိုတာပါ…"

"တစ်ယောက်တည်းပေါ့"

သုဒ္ဓါက…ခနဲ့သလိုပြုံးလျှက်…

"သုဒ္ဓါ…သိထားတာကတော့ ဇေ့စပ်တော့မယ်ဆို"

"ဩော်…"

ဒါ…ကိုဝင်းနိုင် ပြောလိုက်တာပဲ ဖြစ်မယ်။ ဒီလိုပြောပြီ
သုဒ္ဓါကို သူ့ဘက်ပါအောင် ဆွဲဆောင်လိုက်နိုင်ပြီလား။

"ဖေဖေနဲ့မေမေက စီစဉ်ချင်တာပါ။ သူတို့ အသိမိတ်ဆွေ
ရဲ့ သမီးပါ။ အမေရိကားမှာ နေကြတယ်။ သူက ဒီအပတ်ထဲမှာ
မြန်မာပြည်ကို မိသားစုနဲ့လာလည်ရင်း လူငယ်ချင်း ဆုံပေးကြမယ်
ပေါ့။ ဒါပေမဲ့…ကျွန်တော်တို့ချင်း သဘောမကျကြရင် ဒီကိစ္စက…"

မိုးနတ်စကားမပြတ်ခင်…ကိုဝင်းနိုင် ပြန်ရောက်လာပါသည်

"ဟာ…ကိုမိုးနတ် ထိုင်လေ။ မတ်တတ်ကြီး စကားပြော
နေတယ်။ သုဒ္ဓါက…ပေးမထိုင်ခိုင်းဘူးလား"

"နေ…နေ…ကျွန်တော် အခုမှ ဝင်လာလို့တွေ့တုန်း နှုတ်
ဆက်တဲ့ သဘောပါ၊ ထိုင်ကြပါ။ လွတ်လွတ်လပ်လပ် ထိုင်ကြပါ
ကျွန်တော် တခြားစားပွဲမှာ ထိုင်မှာပါ…"

"သုဒ္ဓါတို့လဲ ပြီးနေပြီ…ပြန်တော့မှာပါ။ ကိုဝင်းနိုင် သုဒ္ဓါ
ပြန်တော့မယ်လေ"

"ဩော်…အိုခေ… ကျွန်တော် လိုက်ပို့မှာပေါ့"

သုဒ္ဓါ…ဘယ်ကဘယ်လို ပေါ်လာသည်မသိသော အပွ





တိုက်လိုစိတ်ဖြင့် မိုးနတ်အမြင်မှာ…သူမနဲ့ကိုဝင်းနိုင်တို့ကို အထင်လွဲ
သွားလိုသောစိတ်ဖြင့် ကိုဝင်းနိုင် လိုက်ပို့မည်ကို ဘာမှမငြင်းတော့ဘဲ
လက်ခံလိုက်ပါသည်။

မိုးနတ်ကတော့…သူတို့ကို…မသိမသာငေးကြည့်လျက်
ကျန်ရစ်ခဲ့ပါသည်။ သုဒ္ဓါ ဒီလူကို တကယ်ပဲ ရွေးချယ်တော့မှာလား။
ကျွန်တော် သတိပေးထားရက်နဲ့ သုဒ္ဓါရယ်…။

ကိုဝင်းနိုင်က သုဒ္ဓါကို ချစ်ရုံချစ်ပြီး လက်တွဲဖို့အထိတော့
ဘယ်လိုမှ သစ္စာရှိမှာ မဟုတ်ဘူး။ စိတ်ကူးလဲရှိမှာ မဟုတ်ပါဘူး။
သုဒ္ဓါ…ဘယ်လိုကြောင့် လက်ခံလိုက်သလဲ။

ကျွန်တော်…သုဒ္ဓါကို ချစ်သလိုပဲ…ကျွန်တော့်ကိုလဲ သုဒ္ဓါ
ချစ်ကိုချစ်မှာပါ။ သုဒ္ဓါရဲ့အချစ်ကို ကျွန်တော် အလိုလိုခံစားလို့ ရပါ
တယ်။

ဖေဖေနဲ့မေမေ စီစဉ်ပေးမဲ့မိန်းကလေးကို ကျွန်တော် ဘယ်လိုမှ
လက်ခံမှာ မဟုတ်ဘူး။ ငြင်းကို ငြင်းမှာပါ။ သူတို့က ဒီကိုလာလည်ဖို့
ပြင်ဆင်ပြီးဖြစ်နေလို့ ဆုံတွေ့ပြီး လေ့လာပါဦးလို့ မေမေက မရမက
တောင်းပန်တဲ့အတွက် တွေ့ပါမယ်လို့ ကတိပေးလိုက်ရပါသည်။

"ဒါပေမဲ့ ကျွန်တော် သူ့ကို သဘောကျမှာလဲ မဟုတ်ဘူး။

လက်ထပ်မှာလဲ မဟုတ်ပါဘူး မေမေ။ ကျွန်တော့်မှာ တကယ်ချစ်ရမဲ့သူ တွေ့ထားပြီးပါပြီ။ သူ့ကိုပဲ…လက်ထပ်ချင်တယ်"

"မင်း…ကောင်မလေးက သုဒ္ဓါ မဟုတ်လား"

"မေမေ…ဘယ်လိုလုပ် သိထားလဲ"

"အို…ကိုယ့်မှာ သားလေးတစ်ယောက်ပဲ ရှိတာကွယ်။ ဒီလိုပဲပေါ့ မင်းအကြောင်းတွေသိအောင်တော့ နားစွင့်ထားရတာပေါ့"

"ဒါနဲ့များ မေမေရယ်…ဟိုကောင်မလေးနဲ့ စီစဉ်ချင်သေးတယ်"

"သူ မိဘတွေဘက်က…အရင်စ,ပြောလာလို့ မေမေလဲ ကိုယ်က သားရှင်ဆိုပြီး မာနလုပ်ပြီး အပြတ်မငြင်းချင်တာနဲ့ ကလေးချင်း ဆုံပါစေဦး။ သူတို့ချင်းကြိုက်ရင် စီစဉ်ပါလို့ ပြောရတာပေါ့။ ဖေဖေနဲ့မေမေကတော့ အတင်းအကျပ်ကြီး မစီစဉ်ပါဘူးကွယ် သားသဘောပါ။ သားကြိုက်တာ ရွေးပါ။ အရေးကြီးတာက မျိုးရိုးကောင်းပြီး သိက္ခာရှိမယ်၊ လိမ္မာရေးခြားရှိမယ်ဆိုရင် လက်ခံမှာပေါ့"

"သုဒ္ဓါက…မေမေ လက်ခံနိုင်မယ့် မိန်းကလေးမျိုးပါနော်"

"လက်ခံပါတယ်…။ ဘာလက်မခံစရာရှိလဲ။ မင်းဘက်ကသာ သေချာအောင်လုပ်ခဲ့။ အခုတော့ သူ့ကို စိတ်အနှောင့်အယှက်





မပေးပါနဲ့ဦး…။ အမေဆုံးပြီးတာဖြင့် မကြာသေးဘူး…။ သူ ခေါင်းရှုပ်နေမယ်"

"ဟုတ်ပါတယ်။ သားက…အဲဒါကို ချိန်နေတာ။ သူ့အမေဆုံးတာ ခြောက်လလောက်ကြာမှ လက်ထပ်ဖို့ပါ။ ဟစ်ခါတည်းပြောမလို့ပါပဲ။ အခုတော့…သား၊ မစခင် သူ့ညီမက ကျော်တက်တော့မယ်လေ။ ဒါလီက…စာမေးပွဲပြီးပြီးချင်းပဲ သူနဲ့ကျောင်းနေဖက်ကောင်လေးနဲ့ စေ့စပ်လိုက်ပြီလို့ သုဒ္ဓါ ပြောပြတယ်။ နောက်လထဲမှာတောင် လက်ထပ်ဖြစ်မလား မသိဘူးတဲ့…။ အခုတော့ သုဒ္ဓါ…တစ်ယောက်တည်း ကျန်ခဲ့ရတော့မယ်"

ဟူ၍…မိုးနတ်ကတောင် မေမေနဲ့ဆွေးနွေးနေမိခဲ့သည်။

ဒီရက်ပိုင်းအတွင်းပဲ ဟိုမိသားစုလဲ ရောက်လာတော့မှာမို့ သူတို့ပြန်မှပဲ သုဒ္ဓါကို…အပြီးအပြတ် ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်ထားခဲ့သည်။

နောက်မို့…သုဒ္ဓါကို ဖွင့်ပြောပြီးမှ အခြေအနေတွေလဲ အကုန်သိပြီးမှ ဟိုကောင်မလေးမိသားစုနဲ့ အဆက်အဆံရှိနေလျှင် သုဒ္ဓါ အထင်လွဲဦးမှာ စိုးရိမ်သေးသည်။

တစ်ဘက်မိသားစု လာလည်လျှင်…ခရီးထွက်တာ၊ လျှောက်

လည်တာတွေ…မိုးနတ်တို့ပဲ လိုက်ပို့ကူညီရမှာ။ အဲဒါတွေကြောင့် ဖွင့်မပြောသေးဘဲ သူတို့ပြန်မှပဲ ပြောမယ်ပေါ့။ ကိုယ့်အတွေးနဲ့ကိုယ် ဟုတ်နေခဲ့တာ။

တကယ့်တကယ်မှာတော့…သုဒ္ဒါက…သူ့ကို အထင်လွဲသလိုဖြင့် ကိုဝင်းနိုင်ကို လက်ခံတဲ့အထိ…ဆုံးဖြတ်လိုက်ပြီ ထင်ပါရဲ့။

စေ့စပ်ရမဲ့မိန်းကလေးနဲ့ တွေ့ရမဲ့အကြောင်း ကိုဝင်းနိုင်ကို မပြောမိပါဘူး။ ဘယ်သူ့ကိုမှတောင်…မပြောဖြစ်ပါဘူး။ ဒီလူ ဘယ်လိုလုပ် သိသွားလဲ…။ ဘယ်က သိသွားလဲ။ သိချင်းသိရင် ဟိုဘက်ကမိသားစုနဲ့ အဆက်အဆံရှိလို့ပဲ သိတာဖြစ်မယ်။ သူတို့… ဘယ်လိုတွေ ဆက်စပ်နေလို့ သိသွားသလဲ။

မိုးနတ်…ရှာဖွေနေမိသော အဖြေကို မကြာမီရက်ပိုင်းအတွင်းမှာပဲ ရခဲ့ပါသည်။ ဖေဖေ၊ မေမေတို့မိတ်ဆွေ မိသားစုနဲ့ ကိုဝင်းနိုင်ရဲ့ မိခင်တို့ကလည်း ဆွေမျိုးအရင်းကြီးမဟုတ်ပေမဲ့ သုံးဝမ်းကွဲလောက် ကြဲဖန်တော်စပ်နေလေရာ…သူတို့ချင်း စကားစပ်မိကြရင်း မိုးနတ်နဲ့ ဘယ်လိုစီစဉ်ချင်သည်ဆိုတာကို ပြောမိပုံ ရသွားပါသည်။

မိုးနတ်…အဲဒီတော့မှ အဖြေရသွားပေမဲ့…သူ…ဘယ်လို လိုက်ဖြေရှင်းရမလဲ။ အခုတော့…ကိုဝင်းနိုင်က မသေချာမရေရာ





းတဲ့ ဒီတစ်ကွက်လေးနဲ့ပဲ သုဒ္ဒါနဲ့ရင်းနှီးမှုကို ရယူသွားတော့လေပြီ။

အဲ့ဒီ…နောက်ပိုင်းမှာတော့ မိုးနတ်သည် စိတ်လေလေဖြင့် ဒ္ဒါကို ဖုန်းလဲမဆက်မိ။ လူချင်းတွေ့ဖို့လဲ မကြိုးစားဘဲ နေလိုက်မိ လသည်။

သုဒ္ဒါကိုသာ…ဒီတစ်သက် သူပိုင်ဆိုင်ခွင့်မရတော့လျှင်… ူသော အိပ်မက်ဆိုးဖြင့် ခြောက်ခြားနေခဲ့မိလေသည်။

×××







# အပိုင်း (၄)

(၈)

မိုးနတ်က လက်ထဲရောက်လာသော...မင်္ဂလာဖိတ်စာကို အလျင်စလို လှန်ကြည့်လိုက်ပါသည်။

"ဟာ...ဖြစ်ရလေ"

သူ့နှုတ်မှ အလန့်တကြား ရေရွတ်မိသည်။ အလုပ်မှ ဝန်ထမ်းကောင်လေးမှတဆင့် မိုးနတ်လက်ထဲ ရောက်လာသောဖိတ်စာမှာ ကိုဝင်းနိုင်၏မင်္ဂလာဖိတ်စာပဲ ဖြစ်နေသည်။

သို့သော်...

ဖိတ်စာအဖုံးမှာတင် သတို့သား၊ သတို့သမီး အမည်ပါလေရာ ...သူ အိတ်ထဲမှဖွင့်ဖွင့်ချင်း တွေ့လိုက်ရလျှင် သတို့သမီးအမည်နေရာ၌





သူ...မျှော်လင့်သလို သုဒ္ဓါ ဖြစ်မနေခဲ့ပါ။ သူ...သုဒ္ဓါအတွက် စိတ်မကောင်းစွာပင် ရေရွတ်လိုက်မိခြင်း ဖြစ်သည်။

သုဒ္ဓါရယ်...။

အခုတော့...ဟိုလူက ထားသွားတာကို ကြုံတွေ့လိုက်ရပြီ မဟုတ်လား...။

ကိုဝင်းနိုင်ဟာ သူထင်သလိုပဲ တကယ်လုပ်ခဲ့ပြီ။ အမေ့စကားကိုပဲ အမြဲနားထောင်တဲ့ သားလိမ္မာပီပီ သူ့အမေ စီစဉ်ပေးပုံရသော သူတို့လို ဆွေကြီးမျိုးကြီးထဲက လုပ်ငန်းရှင်ကြီး၏ သမီးတစ်ယောက်နဲ့ လက်ထပ်ဖို့ လက်ခံလိုက်ပြီလေ။

သုဒ္ဓါ...အခုဆို...ဝမ်းနည်းကြေကွဲပြီး တိတ်တဆိတ်ငိုနေတော့မလား...။

မိုးနတ်သည် ဘာကိုမှစဉ်းစားမနေတော့ဘဲ...မဆက်တာ တော်တော်ကြီးကို ကြာပြီဖြစ်သော သုဒ္ဓါတို့အိမ်၏ဖုန်းနံပါတ်ကို နှိပ်လိုက်ပါသည်။

တစ်ဘက်မှ...ဖုန်းမြည်နေစဉ်...သုဒ္ဓါကို ဘာပြောရမလဲဆိုတာ စိတ်ကူးဖြင့်စကားလုံး ရွေးချယ်နေမိပါသည်။

သို့သော် ဖုန်းက အကြာကြီးသာ မြည်နေသည်။ ဘယ်သူမှ

လာမကိုင်ပါ။ ပြီးတော့ လိုင်းပြတ်ကျသွားတဲ့အထိ ခေါ်တာတောင် လာကိုင်တာ မရှိ။

လူ တကယ်မရှိတာလား။ တမင် မကိုင်တာလား။ သုဒ္ဓါ… မရှိရင်တောင် ဒါလီ ရှိမှာပေါ့။ အဖြစ်နိုင်ဆုံးက အိမ်မှာ အမြဲရှိသည့် သုဒ္ဓါ…ရှိရက်နဲ့တမင် မကိုင်တာများလား။

ဒီသတင်းအတွက် ကြေကွဲပြီး…အားလုံးကို အဆက်အသွယ် ဖြတ်ချင်လို့လား။ မိုးနတ် ဒီအတိုင်းနေနေလို့ မရတော့ဘဲ ချက်ချင်းပင် ကားသော့ကောက်ကိုင်ပြီး…သုဒ္ဓါဆီ သွားဖို့ထွက်လာမိတော့သည်။

သုဒ္ဓါတို့…အိမ်ရှေ့ရောက်တော့ တံခါးက နှစ်ထပ်တောင် ပိတ်ထားပါသည်။ ဘဲလ်တီးကြည့်ရပေမဲ့ တံခါးလာဖွင့်မည်ဟု သိပ်တော့ မထင်ပါ။

သုဒ္ဓါတို့နဲ့ အခန်းကပ်ရက်မှ အမျိုးသမီးတစ်ယောက်က အိမ်ရှေ့မှာ အင်္ကျီထွက်လှမ်းရင်း မိုးနတ်ကို အကဲခတ်နေပါသည်။ မိုးနတ်လဲ…မျက်မှန်းတန်းမိနေသော ထိုအမျိုးသမီးကို ပြန်ပြုံးပြလျှက်…

"အစ်မ…ဒီဘက်ခန်းက သုဒ္ဓါတို့ အိမ်မှာ မရှိကြဘူး ထင်တယ်နော်"

ဟု…လှမ်းမေးသလို ပြောလိုက်ပါသည်။





"ဪ…အင်း…ဟုတ်တယ်"

"ဘယ်သွားတာလဲ မသိဘူး"

မိုးနတ်က ဆက်မေးရမှာ အားနာသဖြင့် သူ့ဘာသာပဲ ရေရွတ်သလို ညီးတွားလိုက်ပါသည်။

"ဒါလီက အိမ်ထောင်ကျပြီးကတည်းက သူ့အမျိုးသားနဲ့ တစ်အိမ် ခွဲနေတာလေ။ ဒီမှာက သုဒ္ဓါတစ်ယောက်တည်း နေတာပါ"

ထိုအမျိုးသမီးက စိတ်ပါစွာပင် ရပ်ပြောနေပါသည်။ ဒီတော့မှ မိုးနတ်လည်း အဲ့ဒီအိမ်ဘက်သွားရပ်ပြီး ဆက်မေးလိုက်လေသည်။

"ဒါလီ မင်္ဂလာဆောင်တော့ ကျွန်တော် ရောက်ပါတယ်။ အိမ်ခွဲသွားမှန်းသာ မသိတာပါ"

"ဟုတ်တယ်၊ အခုကျတော့…လှိုင်ကော်ဘက်မှာဆိုလား မသိပါဘူး။ သူတို့လင်မယား ပို့စတင်အတူတူကျလို့ အဲဒီဘက်မှာ အလုပ်နဲ့သွား နေ,နေကြတယ်လေ။ သုဒ္ဓါတောင် နှစ်ခေါက်လောက် လိုက်လည်ပြီး ပန်းချီဆွဲသေးတယ်"

သုဒ္ဓါက အတွေးပန်းချီသမားမဟုတ်ဘဲ သဘာဝရှုခင်းပန်းချီများကိုသာ ဆွဲတတ်သူဖြစ်ရာ ဒီလိုနေရာတွေဘက်မှာတော့…သုဒ္ဓါ အတွက် ရှုခင်းကောင်းကောင်းလေးတွေ ဆွဲလို့ရခဲ့မှာပေါ့။

"သုဒ္ဒါ…အခု ပုဂံဘက် ထွက်သွားတယ် ပန်းချီဆွဲဖို့ပါပဲ"

"ဟုတ်လား…သူတစ်ယောက်တည်း သွားတာလား"

"ဟုတ်တယ်…။ သုဒ္ဒါက သတ္တိရှိတယ်။ သူ့ညီမနောက် လိုက်လည်တုန်းကလဲ တစ်ယောက်တည်း ထွက်သွားတာပဲ။ အခု… သုံးလေးရက်လောက်ရှိပြီ။ ပုဂံကို ထွက်သွားတာလေ။ လေယာဉ်နဲ့ လား မသိဘူး…။ အစ်မ သေချာမမေးမိဘူး။ သူက…ပုဂံကို… ဘာမှာမလဲ လာနှုတ်ဆက်ရင်း…ပြောသွားလို့ သိလိုက်ရတာလေ"

"ဟုတ်ကဲ့ ခင်ဗျာ၊ အခုလိုအသိပေးတာ ကျေးဇူးတင်ပါတယ် အစ်မ၊ သူ…ဘယ်နှစ်ရက်လောက်များ ကြာမလဲမသိဘူးနော်"

"ဆယ်ရက် ဆယ့်ငါးရက်တော့ ကြာမယ်တဲ့။ သုဒ္ဒါက ကျန်းမာရေးလဲ သိပ်မကောင်းဘူး။ အဲဒါ…ခရီးတွေ မနားစတမ်း ထွက်နေတော့ အစ်မက သူ့ကို နားခိုင်းတာ နားမထောင်ဘူးလေ"

"သူ…နေမကောင်း ဖြစ်သေးလား"

"ခဏခဏပဲ…သူ့ညီမပြောတော့ သုဒ္ဒါလဲ အမေ့လိုပဲ နှလုံးအားနည်းတဲ့ရောဂါ ဖြစ်ချင်နေပြီတဲ့"

သုဒ္ဒါရယ်…။ မိုးနတ် ဒီလိုကြားလိုက်ရတော့ ရင်ထဲမှာ နင့်သွားကာ သုဒ္ဒါဆီပြေးသွားပြီး ထွေးပွေ့အားပေး ပြုစုလိုက်ချင်ပါ သည်။





ဟိုလူထားသွားခဲ့တာ သုဒ္ဒါဘယ်လောက် ခံစားလိုက်ရရှာ မလဲ။ အဲဒါကြောင့်ပဲ ကျန်းမာရေး မကောင်းရက်နဲ့ ခရီးတွေထွက်နေ သလား သုဒ္ဒါရယ်…။

"မောင်လေးနာမည် ပြောခဲ့ရင် ပြောခဲ့လေ…။ သုဒ္ဒါ ပြန် ရောက်လာရင် အစ်မ ပြောပြပေးလိုက်မယ်"

"ကျွန်တော့်နာမည် မိုးနတ်ပါ အစ်မ၊ ကူညီတာ ကျေးဇူး တင်ပါတယ်။ သူပြန်လာရင်လဲ ကြုံမှပြောပါ။ ကျွန်တော်လဲ…အဲ့ဒီ ရက်တွေကျ မှန်းပြီး ဒီဘက် လာ,လာကြည့်မှာပါ"

"သြော်…အေး…အေး၊ မောင်မိုးနတ်နော် မှတ်ထားလိုက် မယ်"

"ခွင့်ပြုပါဦး အစ်မ"

မိုးနတ် နှုတ်ဆက်ပြီး ထွက်လာခဲ့ပါသည်။ တကယ်တော့ ပုဂံကိုလိုက်သွားချင်ပေမဲ့ သုဒ္ဒါမှာ ဘယ်မှာရှိနေမယ်မှန်း မသေချာ။ ပုဂံဘက်ရော…ရောက်ဖြစ်ပါ့မလား။ ပုပ္ပါးဘက်မှာတင် ရှခင်းရပြီး ပန်းချီဆွဲတော့မယ်လို့ စိတ်ကူးရင် ဘယ်လိုလုပ်မလဲ။

ဒီတော့…စိတ်ရှည်ရှည် ထိုင်စောင့်ရုံပဲပေါ့လေ။ သုဒ္ဒါ ပြန်လာမှ အတိအလင်းဖွင့်ပြောပြီး လက်ထပ်နိုင်ဖို့ ပြင်ဆင်ရမယ်။

ချက်ချင်းပဲ လက်ထပ်လိုက်ချင်ပြီ သုဒ္ဓါရယ်…။ သုဒ္ဓါ ခံစားရတဲ့ ဝမ်းနည်းကြေကွဲမှုတွေရယ်၊ လောင်ကျွမ်းမှုတွေရယ်၊ အမောတွေရယ်ကို အားပေးနှစ်သိမ့်ဖို့ပေါ့။ ကိုယ့်ရင်ခွင်မှာ နားခိုလှည့်ပါ။ သုဒ္ဓါကို ကိုယ်…တစ်သက်လုံး ချစ်ပါ့မယ် သစ္စာရှိပါ့မယ်။

ကိုယ့်ကို အထင်လွဲပြီး ကိုဝင်းနိုင်ကို သုဒ္ဓါ…လက်ခံလိုက်မိတယ်ဆိုတာ ကိုယ် နားလည်ခွင့်လွှတ်လို့ ရပါတယ်။

ကိုယ်…မပြတ်သားခဲ့လို့၊ တွေဝေခဲ့လို့ ကိုယ်တို့ ခုလို တစ်ယောက်နဲ့တစ်ယောက် စိတ်နှလုံးသားချင်း ဝေးနေကြရတာ အကြာကြီးပဲနော်…။

မိုးနတ်သည် သုဒ္ဓါ ပြန်ရောက်လာနိုင်မဲ့ ရက်တွေကို… လက်ချိုးရေတွက်ရင်း စောင့်မျှော်နေခဲ့ပါသည်။

xxx





မိုးနတ်…ရောက်သွားသောအခါ သုဒ္ဓါက ဆေးရုံခုတင်ပေါ်မှာ ခပ်ယဲ့ယဲ့ လှမ်းပြုံးပြပါသည်။

"ကျွန်တော့်ကို ဘာလို့ အကြောင်းမကြားတာလဲ သုဒ္ဓါရယ်။ သုဒ္ဓါ…ပြန်ရောက်မဲ့ ရက်လောက်မှန်းပြီး အိမ်ဘက်ဝင်ကြည့်တော့မှပဲ ဟိုအစ်မက ပြောတာ သိရတယ်။ ခရီးပန်းတာ ရောက်ရောက်ချင်းနေ့ပဲ ဖျားပြီးသတိလစ်လို့ဆို…"

"အင်း…ဟုတ်တယ်၊ ဆရာဝန်ပြတော့…နှလုံးလည်း အားနည်းနေတယ်။ အဖျားလဲ သိပ်ကြီးတယ်ဆိုပြီး ဆေးရုံတန်းတင်တာပါပဲ"

မိုးနတ် သတိလက်လွှတ်ပင်…သုဒ္ဓါရဲ့လက်ဖဝါးတွေကို အသာဆုပ်ကိုင်ပြီး…သူ့ရင်ဘက်ထဲ ထွေးထားမိသည်။

"အခုရော..."

"သက်သာသွားပါပြီ...။ သုဒ္ဓါ မေမေ့ဆီက အမွေရလို့ ရမှန်းမသိလိုက်တာက နှလုံးရောဂါလေ။ အဲဒါက အပင်ပန်းခံလို့မရ အိပ်ရေးပျက်ခံလို့မရ...။ တော်တော်ဒုက္ခပေးနေတာ"

"သုဒ္ဓါရယ်...အခုလိုဆေးရုံပေါ်မှာတစ်ယောက်တည်း အထီးကျန်နေတာမြင်ရတော့...ကျွန်တော် ရင်ထဲမှာမကောင်းဘူး တကယ်ဆို..."

သုဒ္ဓါ မိုးနတ်ရဲ့စကားကို ဖြတ်ပြောလိုက်ပါသည်။

"ဒါလို့ကို အကြောင်းကြားပေးပြီးပါပြီ။ သူတို့လဲ ချက်ချင်း ထွက်လာရောပေါ့...ခရီးကနီးနီးလေးမှ မဟုတ်တာ...ဒီညနေမှ ရောက်မှာလေ"

"မဟုတ်ဘူး...။ သုဒ္ဓါ ဒီလိုအထီးကျန် မဖြစ်သင့်ဘူး ကိုယ်...သုဒ္ဓါနားမှာ အမြဲရှိမှဖြစ်တော့မယ်။ သုဒ္ဓါကို ကိုယ့်ရင်ထဲမှ ပွေ့ထားပြီး အနားယူခိုင်းရမယ်။ တကယ်တော့ ကိုယ့်အဖြစ်တွေပ သုဒ္ဓါရယ်။ သုဒ္ဓါကို ကိုယ်...အကြာကြီး ရင်ထဲမှာချစ်နေခဲ့တာကို မပြောဘဲ သိမ်းထားမိတယ်"

သုဒ္ဓါ ဖျတ်ခနဲ သူမရဲ့လက်တွေကိုရုပ်ပြီး...





"ဒါတွေ မပြောသင့်တော့ဘူးလေ။ ကိုမိုးနတ်မှာ...လက်ထပ် ရတော့မဲ့ ချစ်သူလဲ ရှိနေပြီ"

ဟု ချက်ချင်း သတိပေးလိုက်ပါသည်။

"မရှိပါဘူး...ကိုယ့်မှာ သုဒ္ဓါဆိုတဲ့ချစ်သူကလွဲရင် ဘယ်သူမှ မရှိဘူး၊ ဘယ်သူမှလဲ လက်ထပ်စရာမရှိဘူး"

"ကိုဝင်းနိုင်ပြောတော့..."

"ဟုတ်တယ်...ဖေဖေတို့မိတ်ဆွေရဲ့ သမီးလေးတစ်ယောက် အမေရိကားကနေ ရောက်လာမယ်။ စေ့စပ်ပေးချင်တယ်ဆိုတဲ့သတင်းကို သူ...ကြားတာပါ။ အဲ့ဒီထဲက မေမေ စပြောကတည်းက ကိုယ် အပြတ်ငြင်းလိုက်တယ်။ ကိုယ့်မှာ သုဒ္ဓါရှိပြီးသားလို့။ မေမေကလဲ လက်ခံပါတယ်။ ဒါပေမဲ့...ဟိုက စပြောတာမျိုးဆိုတော့ ချက်ချင်း ငြင်းရင်မကောင်းလို့ပါ...။ သူတို့လာရင်...လူငယ်ချင်း ဆွေးနွေးပါ။ တစ်ယောက်နဲ့တစ်ယောက် သဘောမကျနိုင်ပါဘူးဆိုပြီး ငြင်းရင်ငြင်းပါ ဆိုတာနဲ့ ကိုယ်...အဲ့ဒီစကားကို လက်ခံလိုက်တာပါ။ သုဒ္ဓါကို အဲ့ဒီ ကိစ္စအားလုံး ရှင်းမပြဖွင့်ပြောမလို့ပါပဲ။ ဟိုလူက ဦးသွားပြီး သုဒ္ဓါကို လာပြောတော့ သုဒ္ဓါ ကိုယ့်ကို အထင်လွဲသွားတယ် မဟုတ်လား။ ကိုယ့်ကို အရှုံးတိုက်ပြီး ကိုဝင်းနိုင်ကို သုဒ္ဓါ လက်ခံလိုက်မိတယ်လေ"

သုဒ္ဓါက…တအံ့တသြဖြင့်…

"ဘယ်သူပြောလဲ…သုဒ္ဓါ…။ ကိုဝင်းနိုင်ကို လက်ခံလိုက်တယ်လို့"

ဟု…ပြန်မေးပါသည်။

"ကိုယ်…အဲ့ဒီလိုထင်တာလေ။ သုဒ္ဓါတို့ကို တွဲတွေ့လိုက်ရတော့…သုဒ္ဓါလဲ သူ့ကားနဲ့ သွားဟယ်၊ လာဟယ် ရှိတယ်ဆိုတော့ အဲ့ဒီလို ထင်တာပေါ့။ ဘာလဲ…သူနဲ့ ဘာမှမဆိုင်ဘူးလား"

"သုဒ္ဓါ…တကယ်မချစ်ဘဲနဲ့ ဘယ်ယောကျ်ားကိုမှ လက်မခံဘူး"

"ဟုတ်လား…ကိုယ်ကတော့ အဲ့ဒီလိုထင်ပြီး ရှောင်နေလိုက်ရတာကွာ။ ကိုဝင်းနိုင် မင်္ဂလာဆောင်ဖိတ်စာတွေ့မှပဲ သုဒ္ဓါကိုတော့ သူ ထားခဲ့ပြီဆိုပြီး…"

"သုဒ္ဓါကလဲ…ရှင်ဟာ တကယ်တော့…အပြောတခြား လက်တွေ့ကခြား လုပ်တတ်တဲ့ယောကျ်ားမျိုးဆိုပြီး တအားမုန်းပြီး အထင်လွဲရင် လွဲပစေတော့လို့ အဆက်အသွယ်မလုပ်ဘဲ ပစ်ထားလိုက်တာ"

"အပြောတခြား အလုပ်တခြား မဟုတ်ပါဘူးကွာ၊ ကိုယ့်





မိဘကလဲ ကိုယ်မချစ်ရင်…ဘယ်မိန်းကလေးနဲ့မှ အတင်းအကျပ်စီစဉ်မဲ့ မိဘမျိုးမဟုတ်ပါဘူး။ မေမေ့ကို…ကိုယ် ပြောပြလိုက်ကတည်းက မေမေ သဘောတူပြီးသားပါ။ သုဒ္ဓါသာ ကိုယ့်ကို မယုံတာ"

"ဘယ်တုန်းကမှ မယုံခဲ့ဘူးလေ။ သုဒ္ဓါဟာ မိုးနတ်သဘောကျနိုင်တဲ့ ပုံစံမျိုးနဲ့မိန်းမတစ်ယောက်မှ မဟုတ်တာ"

"ဒါပေမဲ့…မိုးနတ်ရင်ထဲက…အချစ်ကို သေသေချာချာရလိုက်တာကတော့ သုဒ္ဓါ…တစ်ယောက်တည်း ရှိပါတယ်"

သုဒ္ဓါသည်…မိုးနတ်ကို အထူးတလည် အဖြေပေးနေစရာပင်မလိုတော့ဘဲ သူတို့ကြားမှာ နားလည်မှုနဲ့ ချစ်ခြင်းတစ်ခုကို အခိုင်အမာတည်ဆောက်ပြီးလေပြီ။

"သုဒ္ဓါ…နေကောင်းလို့ ဆေးရုံကဆင်းရရင် ကိုယ်တို့ ချက်ချင်းပဲ လက်ထပ်ကြရအောင်…"

"ဘာဖြစ်လို့လဲ သုဒ္ဓါ ဘယ်မှ ထွက်မပြေးပါဘူး၊ သုဒ္ဓါကို ပိုင်ပါတယ်…ရှင်ပဲပိုင်ပါတယ် မိုးနတ်ရယ်"

"မဟုတ်ဘူးလေ…ကိုယ့်ရဲ့သုဒ္ဓါက တစ်ယောက်တည်းဖြစ်နေတာ။ ကိုယ်လက်တွဲပြီး စောင့်ရှောက်ထားမှ ဖြစ်တော့မယ်။ သုဒ္ဓါဘဝမှာ မိဘလဲ မရှိတော့ဘူး။ ညီမကလဲ…သူ့ချစ်သူနဲ့သူ

ပျော်နေပြီ။ ဒီတော့…တစ်ယောက်တည်း ဘာလို့နေနေတော့မလဲ…။ သုဒ္ဓါမှာလဲ ချစ်တဲ့သူရှိနေပြီလေ”

“အံမယ်…ဘယ်သူက ရှင့်ကို ချစ်တယ် ပြောထားလို့လဲ”

“ဒီမှာလေ…ဒီမျက်လုံးလေးတွေက ပြောနေတာ။ ကိုယ်…အဲဒီ မျက်လုံးလေးတွေကိုချစ်တယ်။ သုဒ္ဓါရဲ့မျက်လုံးလေးတွေက ဟိုးလွန်ခဲ့တဲ့ငါးနှစ်ကျော်ကတည်းက မိုးနတ်ကို သုဒ္ဓါ ချစ်တယ်လို့ ပြောနေခဲ့ပါတယ်။ ညာလို့မရပါဘူး အချစ်ရယ်”

သုဒ္ဓါ ရှက်ပြီး…မိုးနတ်ရဲ့ရင်ခွင်ထဲ ခေါင်းငုံ့ပြုံးနေမိသည်။ အို…ဘာညာစရာ လိုတော့လဲနော်…။ အချစ်ကိုညာတာ မကောင်းပါဘူး။ သုဒ္ဓါ…ဆက်ပြီး မခံစားနိုင်တော့ဘူးလေ”

“ဟုတ်တယ်…သုဒ္ဓါ…ကိုယ့်ကိုယ်ကို ညာနေပေမဲ့ သုဒ္ဓါရဲ့ လက်ချောင်းလေးတွေကတော့ မညာတတ်ခဲ့ဘူး။ မိုးနတ်ကို ခပန်းချီ ပုံတူလေးတွေ အဲ့ဒီထဲက ခိုးဆွဲပြီးသက်သေပြခဲ့တာ…”

“ဟာ…ဟုတ်လား။ အဲ့ဒီတုန်းက…ကိုယ့်ပုံလေးတွေ ဆွဲထားခဲ့လား။ သုဒ္ဓါက ရင်းနှီးတဲ့လူကလွဲရင် ဘယ်သူ့ပုံကိုမှ ပုံတူ မဆွဲဘူးနော်”

“ဟုတ်တာပေါ့…။ ရှင့်ကိုတော့ ရင်ထဲမှာ အလိုလို…ရင်းနှီးနေခဲ့လို့ ဆွဲမိတာပေါ့”





“ကိုယ့်ပုံကို ဘယ်ကကြည့်ပြီး ဆွဲလဲ”

“ဒီလိုပဲ…မြင်နေကျဆိုတော့ ဓာတ်ပုံမလိုဘူး”

“နှလုံးသားထဲမှာ ဓါတ်ပုံရိုက်ယူပြီးသားဖြစ်နေလို့ပါကွာ”

သုဒ္ဓါသည် ခုနက မိုးနတ် စ,ရောက်လာခါစ ကထက်စာရင် ပြီး လန်းဆန်းလာခဲ့ပါသည်။ သုဒ္ဓါရဲ့နှုတ်ခမ်းလွှာတို့ဟာ ဖြူဖျော့ ဖျော့လေး ဖြစ်နေခဲ့ရာမှ…အချစ်ကပေးသောခွန်အားတွေဖြင့် သွေး ရောင်ပြန်လွှမ်းပြီး အပြုံးတွေ မပြတ်တော့ပေ။

“ဒီမှာလေ သုဒ္ဓါ…မောင့်ကိုလွမ်းတိုင်း ဒီပုံတူလေးတွေကို အမြဲကြည့်မိတယ်။ ပြီးတော့ သွားလေရာအမြဲကိုယ်နဲ့မကွာသယ်သွား ခဲ့မိတယ်”

သုဒ္ဓါက…ဖိုင်လ်တွဲလေးကို သူမရဲ့ခေါင်းအုံးအောက်မှ ထုတ် ပြပါသည်။

မောင်တဲ့လား…သုဒ္ဓါရယ်။

မိုးနတ်ရင်ထဲမှာ…အသည်းနှလုံးတွေ အရည်ပင်ပျော်ကျကုန် ပြီ ထင်ပါရဲ့။ သုဒ္ဓါရဲ့အချစ်က…သူ့ကို လောင်မြိုက်လိုက်စားသွား တော့တာ။

“ပုံစံအမျိုးမျိုး…အနေအထားအမျိုးမျိုးနဲ့ပဲ တော်လိုက်တာ

သုဒ္ဓါရယ်၊ ကိုယ့်ဓာတ်ပုံကို မြင်ရသလိုမျိုးပဲ။ ဒါ…ကိုယ့်ကို အပိုင် ပေးမှာလား"

"မပေးဘူး…သုဒ္ဓါ အမြဲ သိမ်းထားဖို့ ဆွဲထားတာလေ"

မိုးနတ်က…သုဒ္ဓါကို ပခုံးမှထွေးပွေ့ရင်း…

"အမှန်အတိုင်း ပြောရရင် ကိုယ်…သုဒ္ဓါရဲ့ အရင်ဆုံးချစ်သူပဲ ဖြစ်ချင်တာကွာ။ ယောကျ်ားတိုင်းရဲ့စိတ်က အဲ့ဒီလိုမျိုးပဲ။ သူတို့က သူတို့ချစ်သူမိန်းကလေးရဲ့ ပထမဦးဆုံးချစ်သူပဲ ဖြစ်ချင်ကြတယ်။ ကိုယ်လဲ…အဲ့ဒီလိုမျိုးပါပဲ။ အကယ်၍…ကိုဝင်းနိုင်နဲ့ ချစ်ခဲ့ဖူးရင်လဲ ကိုယ်ကတော့ ခွင့်လွှတ်မိမှာပါလေ"

"အို…သုဒ္ဓါ ဘယ်သူ့ကိုမှာ မောင့်ရဲ့နေရာကို မပေးခဲ့ရပါဘူးနော်"

"ယုံပါတယ်ဗျာ"

"သုဒ္ဓါကလဲ…မောင့်ရဲ့နောက်ဆုံးချစ်သူပဲ ဖြစ်ချင်တယ်"

"ဘယ်လို…"

"အရင်ဆုံးချစ်သူ ဖြစ်ခွင့်မရပေမဲ့ နောက်ဆုံးချစ်သူတော့ ဖြစ်ချင်တယ်။ မိန်းမတွေကလဲ သူတို့ချစ်သူယောကျ်ားရဲ့ နောက်ဆုံးအချစ်ပဲ ဖြစ်ချင်ကြတာမျိုးလေ။ သူတို့နောက်မှာ…ဘယ်အချစ်မှ ထပ်ရှိမလာစေချင်ဘူး။ သုဒ္ဓါလဲ အဲဒီလိုမျိုးပဲ"





"ဟာ…ဒါတော့ စိတ်ချပါ။ ကိုယ် သုဒ္ဓါတစ်ယောက်တည်းကိုပဲ အမြဲချစ်တော့မှာပါ"

ထိုအချိန်မှာ အပြင်က တံခါးခေါက်သံကြောင့် သူတို့ လူချင်းခွာလိုက်ကြပြီး သုဒ္ဓါက…

"ဝင်ခဲ့ပါ"

ဟု…တိုးတိုးလှမ်းပြောလိုက်တော့မှ အပြင်က တံခါးတွန်းဖွင့် ဝင်လာပါသည်။

"အမယ်လေး…တို့မမ အသည်းအသန်ဖြစ်နေပြီဆိုလို့ ပြေးလာလိုက်ရတာ ဒီရောက်တော့ အပြင်က စပါယ်ရှယ်နာ့(စ်)အစ်မကြီးက ခပ်ချောချော လူတစ်ယောက် ဧည့်သည်ရောက်နေတယ်ဆိုတာနဲ့ သိလိုက်တယ်လေ…ကိုမိုးနတ်ပဲဆိုတာ။ တော်ပါသေးရဲ့…မမအတွက် ဆေးကောင်းဝါးကောင်းကြီး ရောက်လာပေလို့…ဒို့မမမျက်နှာလန်းနေတာ မြင်ရတယ်။ စိတ်ချမ်းသာလိုက်တာနော်"

ဒါလီက…ပြောပြောဆိုဆို သူမ၏အစ်မကိုလဲ…ပြေးလာဖက်ကာ မျက်ရည်ကျနေပါသည်။

"မမကို…သိပ်စိတ်ပူတာပဲ။ နေ့တိုင်း…သတိရနေလို့ ထွန်းတောက်ကတောင် ပြောတယ်။ ရန်ကုန် ပြန်ပြောင်းယူလိုက်တော့တဲ့"

"သြော်...ရပါတယ်ဟဲ့၊ ငါ ပေလို့ဖြစ်တာပါ။ နားနားနေနေ နေရင် ဘာမှမဖြစ်တဲ့ သူ့ရွေးရောဂါပါဟယ်"

"မေမေ့လို ဖြစ်မှာစိုးလို့..."

"မဖြစ်ပါဘူး...ငါက ငယ်သေးတာပဲ။ မေမေလဲ အသက်ကြီးမှ ပိုဆိုးလာတာပါ"

"ဟင့်အင်း...မဟုတ်ဘူး။ ဒါလီ ကိုယ်ကိုယ်တိုင် ဆရာဝန်ပေမဲ့ အသိဉာဏ်နည်းနေမိတယ်။ မမကိုတော့ အသက်တစ်ရာလောက်ထိ ကျန်းကျန်းမာမာနေရတဲ့လူ ဖြစ်စေချင်တာ။ အဲ့ဒီလို အသိခေါင်းပါးစွာနဲ့ တွေးမိနေတာ"

မိုးနုတ်...သူတို့ညီအစ်မကို အနှောင့်အယှက်မပေးဘဲ ထားရစ်ပြီး အခန်းပြင် ထွက်လာပေးလိုက်ပါသည်။

သူတို့နှစ်ယောက်အကြောင်းကို သုဒ္ဓါ...သူ့ညီမလေး ရောက်လာပြီဆိုတော့ ဖွင့်ပြောတိုင်ပင်ချင်လဲ တိုင်ပင်ပါစေပေါ့။

×××





သုဒ္ဓါ...ဆေးရုံကဆင်းသောအခါ အလုပ်ပြန်ဝင်ဖို့ နောက်ဆံတင်းနေသည့် ဒါလီ နောက်ဆံမတင်းရအောင် စီစဉ်ပြီးဖြစ်နေသည်။

အခြေအနေအကုန်လုံးကို...သိထားပြီးဖြစ်သော မိုးနုတ်ရဲ့ အမေ ဒေါ်မိမိမြိုင်က သုဒ္ဓါ...ဆေးရုံကဆင်းသည့်နေ့မှာပဲ...။

"သမီးသုဒ္ဓါက...လိုသည်ဖြစ်စေ၊ မလိုသည်ဖြစ်စေပေါ့ အဖော်ရအောင် မေမေတို့အိမ်မှာ သားငယ်ငယ်တည်းကနေလာတဲ့ ဒေါ်ကြည့်ကို သမီးဆီ ခေါ်ထားလိုက်ပါ။ သူက...မေမေ့မိခင် မွေးစားထားတဲ့လူဖြစ်နေတော့ ဆွေလိုမျိုးလိုပါပဲ။ သမီးလဲ...ဒေါ်ကြည့်ကို ကြီးဒေါ်တစ်ယောက်လို...သဘောထားနိုင်တယ်။ ပတ်ဝန်းကျင်က

မေးရင်လဲ သမီး ကျန်းမာရေးမကောင်းလို့ နယ်ကခွေနီးမျိုးစပ် ကြီးဒေါ်က လာနေပေးတယ်လို့ ပြောလိုက်။ မေမေ…သမီးအိမ်ကို ပို့ပေးထားပြီးပြီ။ ဒါလီလဲ ဘာမှနောက်ဆံတင်းစရာ မလိုတော့ဘူးပေါ့။

ပြီးတော့ သမီးနဲ့သားက မကြာခင် လက်ထပ်ဖို့ပြင်ဆင်ပြီဆိုတော့ သားက မဖြစ်မနေ ဝင်ထွက်သွားလာရတော့မှာလေ။ ဒီတော့ ပတ်ဝန်းကျင်က ပြောစရာမဖြစ်အောင် ဒွေးတော်မိကြီးတစ်ယောက်ပါ ရှိနေတယ်လို့ ထင်ရအောင် ခေါ်ထားရမယ်လေ…ဟုတ်ပြီလား”

သုဒ္ဓါက…ယောက္ခမလောင်းကို အထူးပင်ကျေးဇူးတင်မိကာ ဘယ်လိုစကားလုံးတွေနဲ့ စကားပြောရမှန်းပင် မသိတော့။

ဒါလီပြန်သွားရပေမဲ့…သုဒ္ဓါမှာအဖော်ရှိနေလေပြီ။ ဒေါ်ကြည့်ကို မောင်က ကြီးကြီးဟုခေါ်တာကြားသဖြင့် သုဒ္ဓါကပါ ကြီးကြီးဟု ခေါ်ပါသည်။

ဒေါ်ကြည်မှာ ရုပ်ရည်အင်မတန်မှ သပ်ရပ်သန့်ပြန့်လျှက်ဘယ်တော့ ကြည့်လိုက်,ကြည့်လိုက်။ သနပ်ခါးလေးက ပျက်တယ်ရယ်မရှိ။ လုပ်တာ,ကိုင်တာလဲ အင်မတန်မှ စနစ်ကျသလို စေတနာလဲပါသည်။

တကယ့်ဆွေရင်းမျိုးရင်း တစ်ယောက်လိုပဲ ရက်ပိုင်းအတွင်း





ခံစားလာရစေလောက်အောင် သုဒ္ဓါအပေါ်…ကောင်းမွန်စွာ၊ စေတနာပါစွာ ပြုစုစောင့်ရှောက်ပါသည်။

သုဒ္ဓါကလဲ…သူမတို့မိသားစု အမျိုးအဆွေ နည်းပါးရသည့်အကြောင်းတွေကို ပြောပြမိပါသည်။

“ဖေဖေရော မေမေပါ တစ်ဦးတည်းသော သားနဲ့သမီးလေ။ ဖေဖေ့မိဘတွေကတော့…သုဒ္ဓါတို့ လေးငါးနှစ်လောက်မှာပဲ ရှေ့ဆင့်နောက်ဆင့် လူကြီးရောဂါတွေနဲ့ ဆုံးကြတာ။ အဘိုး၊ အဘွားတွေက သူတို့ အသက်လေးဆယ်နားနီးကြမှ အိမ်ထောင်ပြုတော့ ဖေဖေ့တစ်ယောက်ပဲ မွေးတာထင်တယ်။ မေမေကျတော့ သနားဖို့ပိုကောင်းတယ်။ မေမေ့ဖခင်က သုဒ္ဓါတို့ မြင်တောင်မမြင်ဖူးလိုက်ဘူး။ မေမေလဲ မမြင်ဖူးလိုက်ဘူးလေ။ အဘိုးက စစ်ဗိုလ်တဲ့။ မေမေ့ကို အဘွားက ကိုယ်ဝန်ကြီးနဲ့တုန်းက စစ်ထွက်ရင်း တိုက်ပွဲမှာကျသွားတာလို့ ပြောတယ်။ အဘွားကပဲ မေမေ့ကိုရအောင်မွေးလာတာပေမဲ့ အဘွားမှာလဲ နှလုံးရောဂါရှိနေခဲ့တယ်။ မေမေနဲ့ ဖေဖေ အိမ်ထောင်ကျပြီး မကြာဘူး… အဘွားက နှလုံးရောဂါနဲ့ပဲဆုံးတာတဲ့။ အမျိုးအဆွေတွေတော့ ရှိကြပေမဲ့ ရပ်ဝေးမှာ။ နယ်မှာ…သူတို့မိသားစုနဲ့ သူတို့ အလုပ်တွေနဲ့။ မေမေ့ကို သိပ်ချစ်တဲ့ အစ်မဝမ်းကွဲနဲ့ ညီမဝမ်းကွဲတွေတော့ ရှိပါတယ်။ ကြီးကြီး

ဒေါ်မေမြနဲ့ အန်တီလေး ဒေါ်ချိုရည်တဲ့…။ မေမေ့အသုဘတုန်းကတော့ အိမ်မှာ နှစ်ပတ်လောက်ကို လာနေပေးသွားတယ်။ သူတို့က…နယ်မှာ နေကြတာလေ။ သုဒ္ဓါတို့ကို သူတို့နဲ့လိုက်နေဖို့ခေါ်ပေမဲ့ သုဒ္ဓါတို့က လိုက်မနေဖြစ်တာပါ"

ဒေါ်ကြည်က…သုဒ္ဓါကို ခုမှတွေ့သိရပေမဲ့ တူမလေးလို ချစ်လဲချစ်၊ ကလေးမလေးတွေအကြောင်းလဲ တော်တော်သိလိုက်ရရာ သနားလို့မဆုံး ဖြစ်နေပါသည်။

"သမီးဘဝအခက်အခဲတွေ…ရင်မောရတာတွေ ပြေပျောက်တော့မှာပါကွယ်။ သားလေး မောင်မိုးက လူကောင်းလေးပါ။ ကိုယ့်တူသား ကိုယ့်အိမ်သားမို့ ပြောတာမဟုတ်ဘူး။ သားက…စိတ်သဘောသိပ်ကောင်းပါတယ်။ ပြီးတော့ မိမိနဲ့မောင်ဘုန်းတို့ကလဲ ပိုက်ဆံဘယ်လောက်ရှိရှိ ငွေဂုဏ်ဘယ်တော့မှ မမောက်တဲ့ သူဌေးမျိုးတွေပါ။ သမီးတို့မင်္ဂလာကိစ္စပြီးရင် တစ်အိမ်တည်း အတူတူသွားနေရတော့မှာပဲ…။ သမီး အဲ့ဒီကျ တွေ့မှာပါ။ သူတို့ သိပ်စိတ်ထားကောင်းကြပါတယ်"

ဒေါ်ကြည်…ပြောစရာပင်မလို။ သုဒ္ဓါလည်း ဒီလောက်တော့ ခန့်မှန်းတတ်ပါသည်။ မောင့် မေမေကဆိုလျှင် ယောက်ျားလေးရှင်





ရယ်လို့ မမောက်မာခဲ့ပါ။ သုဒ္ဓါဆီ…ရက်ခြားဆိုသလို လာတတ်ပြီး မင်္ဂလာကိစ္စ စီစဉ်ပေးဖို့ အားတက်သရော ဖြစ်နေပါသည်။

"အန်တီ့သဘောပါ…။ သုဒ္ဓါတို့က မိဘလဲမရှိတော့ အန်တီပဲ ဟိုဘက်ဒီဘက် မိဘနေရာထားပြီး စိတ်ကြိုက်စီစဉ်ပေးပါ"

ဟု သုဒ္ဓါကလဲ လောဘနည်းစွာ၊ အတ္တနည်းစွာ ပြောလိုက်လျှင်…

"ဟယ်…ဘယ့်နှယ် အန်တီကမှာလဲ…မေမေပေါ့။ မေမေလို့ခေါ်ရမယ်၊ သမီးအတွက်…ဖေဖေ၊ မေမေ အစားရသလိုပေါ့…ဟုတ်ပြီလား…။ မေမေတို့မှာက ဒီသားတစ်ယောက်တည်းရှိတာကွယ့်။ သူ့ပွဲလေးကို အရမ်းကောင်းကောင်းဖြစ်စေချင်လွန်းလို့ စီစဉ်ရတာ၊ နောက်မို့…ငါ့သားသဘောဆို သူက သုဒ္ဓါကို ခုပဲ လက်မှတ်ထိုးပြီး လက်ထပ်လိုက်တော့မှာတဲ့"

မောင်က ပြုံးနေပါသည်။ သုဒ္ဓါကလဲ မောင့်လို စိတ်သဘောတော့ရှိပေမဲ့ လူကြီးမိဘတွေက ဒါဆိုတော့လဲ စောဒက မတက်ကြပါ။

သူတို့နှစ်ယောက်က ဘယ်သူခွဲခွဲ ဝေးကြတော့မဲ့သူတွေမှ မဟုတ်တာမို့ လူကြီးမိဘတွေ စီစဉ်ပေးမည့် အချိန်ကိုသာ စိတ်အေးစွာ စောင့်ကြရုံပင်။

ဟိုတယ်လ်က စိတ်ကြိုက်ရက်ယူထားသည်မှာ နှစ်လအချိန် ပေးရသည်။ ညှော်ခံပွဲမတိုင်ခင် နှစ်ရက်လောက်အလိုမှာ လက်မှတ်ထိုး ကြဖို့ တရားသူကြီးတစ်ဦးကိုလဲ အကူအညီတောင်းထားပြီးလေပြီ။

"သမီးနဲ့သားအတွက် ဗေဒင်၊ ယတြာတော့မယုံပေမဲ့ မေမေ တော့မေးပြီး ဘယ်အရောင်ဝတ်ရမလဲဆိုတာ စီစဉ်ရတာပေါ့၊ မင်္ဂလာ အရောင်ကို လက်မှတ်ထိုးတဲ့နေ့ကတော့ အဖြူဝတ်ပါတဲ့။ ညှော်ခံပွဲက တော့ ပန်းခရမ်းတဲ့…။ ညစာစားပွဲအတွက်ကိုတော့ သားဟာ အနက် ရောင်ဆု(တ်)ဝတ်ချင်ဝတ်လို့ရတယ်…။ သမီးကတော့ ရွှေဖလား ရောင်ဝတ်ရမယ်တဲ့"

"အဲဒီအရောင်တွေဝတ်တော့ ဘာဖြစ်မှာတဲ့လဲ မေမေ"

"ဟဲ့…ဘဝအစမှာ အရေးကြီးလို့ အရောင်တွေကို ရွေးရ တာပေါ့၊ မေမေက သိပ်ယုံတဲ့သူမဟုတ်ပေမဲ့ ကိုယ့်သားသမီးအတွက် မို့ ကောင်းတာပဲဖြစ်စေချင်လို့ပါ"

သုဒ္ဒါက မောင့်ကို မျက်ရိပ်ပြနေရသည်။ မောင်က တစ်ခါ တရံ ဂျစ်ကန်ကန် ညစ်ကျယ်ကျယ်လေးနဲ့ အမေကို စတတ်၊နောက် တတ်လေသည်။

"လက်ဝတ်ရတနာကတော့ မေမေ့မှာရှိတဲ့ဟာတွေနဲ့တင်





သတို့သမီးကိုယ်ပေါ်မှာ အပြည့်ဝတ်လို့ရပါပြီ၊ သမီး ကျေနပ်ရဲ့လား။ မကျေနပ်ရင် မေမေ အသစ်ထပ်လုပ်ပေးမယ်"

"အို…နေပါစေ…ရပါတယ်…သုဒ္ဒါ အားလုံးသဘော ကျပါတယ်၊ မေမေက သိပ်စီစဉ်တတ်တာပဲ၊ သုဒ္ဒါဘာသာဆို ဘာမှ သိမှာမဟုတ်ဘူး၊ သူများတွေ မင်္ဂလာဆောင်သွားတော့သာ ကိုယ်က ငေးမောပြီး…ဟယ်…လှလိုက်တာ၊ ကျက်သရေရှိလိုက်တာ၊ စီစဉ် တတ်လိုက်တာဖြစ်နေတာ။ တကယ့်၊တကယ် ကိုယ့်ပွဲကျတော့ ဘာ က ဘယ်လိုစပြီး လုပ်ရမှန်း သိကိုမသိဘူး၊ မေမေက အားလုံးသိနေ ပေလို့ပဲ၊ ကျေးဇူးအများကြီးတင်ပါတယ် မေမေ…။ သုဒ္ဒါ မေမေတို့ ရှေ့မှာပဲ ဖွင့်ပြောပါတယ်…သုဒ္ဒါ သိပ်ကံကောင်းပါတယ်၊ ကိုယ့် အပေါ် သိပ်ကောင်းတဲ့ယောက္ခမနဲ့ ခင်ပွန်းလောင်းကို ပိုင်ဆိုင်ရလို့ ကိုယ့်ကိုယ်ကို သိပ်ကံကောင်းတာပဲလို့ ကျေကျေနပ်နပ် ဝန်ခံမိတယ်"

မောင်ကတော့ သုဒ္ဒါကို အမြဲတမ်းပဲ စိုးရိမ်ကြီးစွာ…

"မင်္ဂလာပွဲအတွက် ဘာမှစိတ်မောမနေနဲ့။ စိတ်လှုပ်ရှား စရာတွေလဲ တွေးမနေနဲ့…။ အိပ်ရေးဝဝအိပ်၊ ပန်းချီတွေကို ခဏမေ့ ထားနော်…

ကိုယ်ကတော့ သုဒ္ဒါ ကျန်းကျန်းမာမာဖြစ်တာပဲ မြင်ချင်

တယ်၊ သုဒ္ဓါ ကျန်းမာမှ ကိုယ်လဲ စိတ်ချမ်းသာတယ်…။ ကိုယ် စိတ်ချမ်းသာတာကို မြင်စေချင်ရင် သုဒ္ဓါက နေကောင်းအောင်နေ… မပေနဲ့…။ အစားများများစား…အိမ်မှာ ဇိမ်နဲ့နေ၊ ဘာအလုပ်မှ မလုပ်နဲ့"

ဟု တဖွဖွမှာတတ်ပါသည်။

"သုဒ္ဓါ…အရမ်းစားလို့ ဝတုတ်ကြီးဖြစ်လာရင် ဘယ့်နှယ်လုပ်မလဲ"

"သုဒ္ဓါလား…ဝမှာ…ဝပဲဝပါစေဦး"

"အံမယ်…တကယ်ဝလာရင် ဘယ့်နှယ်လုပ်မလဲ"

"ဝလာလဲချစ်မှာပဲ။ ကိုယ်က သုဒ္ဓါကို ပိန်လို့၊ ဝလို့ ချောလို့ လှလို့ ဆိုတဲ့ ပညတ်ချက်တွေနဲ့ ချစ်တာမှမဟုတ်တာ။ သူ့ဘာသာ ချစ်လို့ကို ချစ်လာတာပဲ…အဲဒါတွေ ဂရုမစိုက်ပါဘူး"

"ရှင်က သိပ်အလှကြိုက်တာလေ မောင်ရဲ့…။ အရင်က ရှင့်ရည်းစားတွေဆို ချောပေ့လှပေ့တွေချည်းပဲ…သုဒ္ဓါ မြင်ဖူးပါတယ်၊ သုဒ္ဓါကို လာရန်တွေ့တဲ့ ခင်ရူပါဆိုရင် ဒေါသဖြစ်တာလေးကတောင် လှတာ။ မိန်းမချင်းတောင် သူ သိပ်လှပါလားလို့ အမှတ်ပေးရတယ်"

"ဟုတ်တယ်…။ ကိုယ်အရင်ကတော့ လှမှ၊ ဖက်ရှင်ကျမှ၊





လူကြားထဲမှာ ထင်းနေမှ…မိန်းကလေးတစ်ယောက်ကို သဘောကျ တာ၊ ဒါပေမဲ့…အဲဒါ အချစ်မဟုတ်ခဲ့ဘူးဆိုတာ အခုမှ ကိုယ်သိတယ်၊ တကယ်တော့ အချစ်ဆိုတာ ချောလို့လှလို့ရယ်ဆိုတဲ့ သတ်မှတ်ချက် ဘက် ရင်ထဲက သူ့အလိုလိုဖြစ်ပေါ်လာတတ်တာမျိုး…။

တစ်ယောက်ယောက်က ကိုယ့်ကို အချစ်ဆိုတာ ဘာလဲ လို့ လာမေးရင် ကိုယ့်မှာ ဖြေစရာရှိပါတယ်…။ အချစ်ဆိုတာ ကိုယ့် ကိုယ်ကို သေသေချာချာ မဆုံးဖြတ်နိုင်ခင်မှာ နှလုံးသားထဲမှာ သူ့ အလိုလို ရှင်သန်လာတဲ့ ခံစားချက်တစ်မျိုးပဲ…။ အဲဒီခံစားချက်က ပြောပြရခက်တယ်"

သုဒ္ဓါဘဝရဲ့ အဲဒီရက်များ၊ အဲဒီကာလများဟာ အင်မတန်မှ လှပလွန်းပြီး မြင်ရတာ စိတ်ချမ်းသာစရာကောင်းလှတဲ့ ပန်းချီကား တစ်ချပ်လိုပါပဲ။

အတွေးပန်းချီ၊ စိတ်ကူးယဉ်ပန်းချီတွေ ဆွဲလေ့မရှိတဲ့ သုဒ္ဓါ အတွက် တကယ်တမ်း သူမဘဝနဲ့ပတ်သက်ပြီး ပိုင်ဆိုင်လိုက်ရတာ ကလဲ သူမ သိပ်ပြီး စိတ်ကူးမယဉ်ခဲ့ဘူးတဲ့ ချစ်ခြင်းမေတ္တာစစ်စစ် တစ်ခုပဲ ဖြစ်ခဲ့လေသည်။

×××

(၉)

သုဒ္ဓါ၏ မင်္ဂလာပွဲရက်များနီးလာသောအခါ နယ်က အမျိ
တွေလဲ အိမ်ကိုရောက်လာကြပြီဖြစ်ပေမဲ့ ဒေါ်ကြည်ကတော့ သူ့အိ
သူ မပြန်ပါ။

"မိမိ မှာထားတဲ့အတိုင်းပဲကွယ်…။ သမီး ဟိုအိမ်ပြောင်းမှ
ကြီးကြီးပါ တစ်ခါတည်းလိုက်တော့မယ်"

ဟု ဆိုလေသည်။

ဒါလီလဲ ခွင့်ယူပြီး ပြန်ရောက်လာကာ အစ်မ မင်္ဂလာ
အတွက် စိတ်လှုပ်ရှားနေသူက သူဖြစ်နေသည်။





သုဒ္ဓါရဲ့ အချစ်ဆုံးသူငယ်ချင်း နီနီမာနဲ့ ယဉ်ယဉ်၊ စန္ဒီတို့… ရောက်လာကြသောနေ့တွင် အိမ်မှာ ရယ်သံတွေက ရပ်ကိုမရပ်တော့။

မောင် ရောက်လာပြီး သုဒ္ဓါနဲ့ အပြင်ထွက်ဖို့ လာခေါ်တဲ့ အထိ သူငယ်ချင်းတွေက သုဒ္ဓါကို ဝိုင်းဆွဲပြီး စလို့နောက်လို့ကောင်း တုန်းရှိသေးသည်။

"မိသုဒ္ဓါ…ဟမ်…အခုကျတော့ ငါတို့ကို မြန်မြန်ပြန်စေ ချင်ပြီပေါ့လေ။ မရဘူး…မရဘူး၊ လုံးဝမပြန်ဘူး၊ ကိုမိုးနတ်လဲ သုဒ္ဓါ ကို အပြင်ခေါ်ဖို့ မစဉ်းစားနဲ့။ ဒီနေ့တစ်နေ့တော့ နီမာတို့ကို သုဒ္ဓါ ကို အပိုင်ပေးရမယ်…နီမာက သားတောင်ပစ်ထားပြီး သူငယ်ချင်း နား လာကပ်နေရတာနော်"

"ဒီနေ့…သုဒ္ဓါ အင်္ကျီရပြီမို့ သွားဝတ်ကြည့်ရမှာမို့ လာ ခေါ်တာပါဗျာ…နောက်မို့ ကျွန်တော် မနှောင့်ယှက်ပါဘူး…အလိုက် သိပါတယ်"

"အံမယ်…ဒါ…နီမာတို့ကို အလိုက်သိဖို့ စောင်းပြောတဲ့ အတိုင်းပဲ"

"မဟုတ်ပါဘူး မနီမာ…ကဲ…ဒါဖြင့်လဲ မနက်ဖြန်မှ သွား တာပေါ့ သုဒ္ဓါ"

မိုးနတ်က သုဒ္ဓါကို လှမ်းပြောပေမဲ့ သူငယ်ချင်းတွေမှာ အားတွေနာပြီး ထပြန်ဖို့လုပ်နေကြတော့သည်။

"ဟယ်…မပြန်ပါနဲ့…နေပါ။ ငါ…နင်တို့နဲ့ပဲ ဆိုင်မှာသွားပြီး Fitting(ဖစ်တင်) လုပ်ရင်လဲ ရပါတယ်။ မောင်…သုဒ္ဓါ သူငယ်ချင်းတွေနဲ့ပဲ သွားလိုက်မယ်လေ"

"နေပါစေ သုဒ္ဓါ…ငါတို့ကို အားမနာပါနဲ့၊ သွားပါ…နင့် ကိုမိုးနတ်နဲ့ပဲသွားလိုက်ပါ"

ယဉ်ယဉ်က အားနာနေတော့၏။ စန္ဒီကဆို နီမာ ပြောရမလား ဟု ဆိုပြီး နီမာကိုကျိတ်ပြီးဆွဲဆိတ်နေတော့သည်။

"သုဒ္ဓါ…ပြောတာ ဟုတ်ပါတယ် မယဉ်ယဉ်…။ အင်္ကျီ ဝတ်ကြည့်တယ်ဆိုတာက မိန်းမအဖော်တွေနဲ့ အတူတူသွားဝတ်ကြည့်တာ ပိုကောင်းပါတယ်…ဒါမှ လိုတာအကြံပေးလို့ရတာပေါ့…။ ကျွန်တော့်ကို ပြန်အားနာမနေပါနဲ့…ရပါတယ်…ကျွန်တော်က သုဒ္ဓါကို လိုက်ပို့ပေးမဲ့အဖော်မရှိလို့ လိုက်ပို့တာပါ…။ သူငယ်ချင်းတွေစုပြီး မသွားတာကြာပြီပဲ…သွားလိုက်ပါ…ရပါတယ်။ သုဒ္ဓါ…ခဏစောင့်၊ ကိုယ် ကုမ္ပဏီက လူတစ်ယောက်ကို ကားတစ်စီးယူလာပေးဖို့ လှမ်းခေါ်လိုက်မယ်နော်"





"ဟယ်…နေပါ…စန္ဒီမှာ ကားပါပါတယ်…။ စန္ဒီကားနဲ့ပဲ သွားပါ…ရပါတယ်"

"ကောင်းသားပဲ…ဒါဆို…သုဒ္ဓါ ဆိုင်သိတယ်နော်…။ သွားတော့လေ…ကိုယ်လဲ အိမ်ဘက်ခဏပြန်လိုက်ဦးမယ်…။ မေမေ့ကို ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး"

မိုးနတ် ကားမောင်းပြီး ထွက်သွားတော့မှ သူငယ်ချင်းလေးယောက် ခေါင်းချင်းဆိုင်ကုန်တော့သည်။

စန္ဒီ့ကားပေါ်ရောက်တဲ့အထိ စကားစအမျှင်တွေမပြတ်၊ တသောသောရယ်ပဲရယ်နိုင်လွန်းသော အသက်အစိတ်ဝန်းကျင် မိန်းကလေး လေးယောက်တို့ကို ဘေးကကားတွေပင် လှည့်ကြည့်သွားကြရတဲ့အထိ။

"ငါတို့မပြောဘူးလား…။ မိုးနတ်ဟာ သုဒ္ဓါကို ချစ်နေပါတယ်လို့ လွန်ခဲ့တဲ့ငါးနှစ်ကတည်းကသိနေတာလေ။ မှန်နေပြီ မဟုတ်လား"

"သူ့ကိုကြည့်လိုက်ရုံနဲ့တင်သိတယ်…။ သုဒ္ဓါကို တုန်နေအောင်ချစ်တဲ့ပုံစံမျိုး သိပ်သိသာတယ်"

"သုဒ္ဒါ…နင် အရမ်းကံကောင်းပါတယ်ဟယ်..။ ကိုယ့်ကို သိပ်ချစ်တဲ့ ချစ်သူမျိုးရတယ်ဆိုတာ ဘယ်ဟာနဲ့မှ မလဲနိုင်တဲ့ ပိုင်ဆိုင်မှုတစ်မျိုးပဲ"

"ဒေါ်မိမိမြိုင်ကလဲ အရမ်းဂရုစိုက်တယ်လို့ သိရတယ်…ကိုကြီး ပြန်ပြောပြတာလေ၊ လက်ထပ်ပြီးကြရင် သုဒ္ဒါ သူ့တို့အိမ်မှာလာနေရင် သုဒ္ဒါစိတ်ကြိုက် အေးအေးချမ်းချမ်း ပန်းချီဆွဲရင်ဆွဲလို့ရအောင် ဆိုပြီး အခန်းတစ်ခန်းကို ပြင်ဆင်ပေးနေတယ်ဆို"

သုဒ္ဒါက သူငယ်ချင်းတွေ မေးသမျှကို ခေါင်းသာညိတ်ပြနေပါသည်။ ကိုယ်က ဒီလောက်ကြီး ကံကောင်းလွန်းနေတာကို ပြောပြရမှာတောင် အားနာနေသည်။

သူငယ်ချင်းချင်းပေမဲ့ ကြွားသလိုထင်မှာလဲ စိုးရိမ်တတ်ပါသည်။

သတို့သမီးအင်္ကျီဆိုင်ရောက်တော့ သုဒ္ဒါ အင်္ကျီဝတ်ကြည့်လျှင် သူငယ်ချင်းတွေက လက်ဖျားတခါခါဖြင့် ငေးမောသွားရပါသည်။

ပုလဲလုံးများ၊ စီးကွင့်များ၊ ဘော်ကြယ်များ၊ ပုတီးစေ့လေးများဖြင့် အလှဆင်ထိုးထားသော ချိပ်ဆင်နှင့် ပန်းခရမ်းရောင် မြန်မာ





သတို့သမီးဝတ်စုံမှာ သုဒ္ဒါ၏ ပိန်သွယ်သွယ်ကိုယ်လုံးလေးနဲ့ တိကျလိုက်ဖက်လွန်းနေသည်။

"လှလိုက်တာဟယ်"

"ဒီဇိုင်နာက သုဒ္ဒါနဲ့လိုက်အောင် ပုံဖော်ပေးတတ်လိုက်တာ"

"ကိုမိုးနတ်…သနားပါတယ်၊ သူ့သတို့သမီးကို သူ အရင် မမြင်ရဘူး…။ ငါတို့က အရင်မြင်ရတော့ သူ နောက်ကျသွားရပြီ"

"ဆံထုံးနဲ့…လက်ဝတ်လက်စားနဲ့ ပန်းတွေနဲ့သာ ဆင်လိုက်ရင် သုဒ္ဒါရေ…နင်တော့ အရမ်းကို လှနေမှာပဲ"

သုဒ္ဒါတို့ လက်ထပ်မဲ့အချိန်က သဇင်တွေ လှိုင်လှိုင်ပေါ်မဲ့အချိန်လည်းဖြစ်တာမို့ သုဒ္ဒါ ခေါင်းပန်းအတွက် သဇင်ခက်ဟက်ဟက်ကြီးတွေ မှာထားခဲ့ပါသည်။ သဇင်တစ်ခက်ရဲ့တန်ဖိုးကပင် မနည်းလှပါ။ အဲဒီ့သဇင်တွေ တစ်ခေါင်းလုံး ဝေအောင်ပန်တာနဲ့တင် ပန်းဖိုးက သောင်းချီနေတာ။

လက်ဝတ်ရတနာတွေကတော့ ဒေါ်မိမိမြိုင်ရဲ့ကိုယ်ပိုင်စိန်တွေချည်း ဆင်ရမှာဖြစ်ပါသည်။ သုဒ္ဒါအတွက်ပင် သီးသန့်တစ်စုံ လုပ်ပေးထားကြောင်း မောင့်ထံမှ သတင်းကြားရသေးသည်။ သုဒ္ဒါက

အဲဒါတွေ ကောင်းတာတွေချည်း လက်ခံရလွန်းတော့...။

"သုဒ္ဓါ လက်ခံရမှာတောင် လက်ရွံ့လာပြီ မောင်ရယ်... သုဒ္ဓါ ဒါတွေ သိပ်မမက်မောလှပါဘူး၊ တကယ်တော့ သုဒ္ဓါ မောင့်ကို မောင်လို့ပဲမြင်ပြီး ချစ်တာပါနော်။ မိုးနတ်မို့ ဦးဘုန်းလျှံ၊ ဒေါ်မိမိ မြိုင်သားမို့ ဆိုတာနဲ့ ချစ်လိုက်တာ မဟုတ်ပါဘူး"

ဟု မကြာခဏ ပြောပြမိသည်။

သုဒ္ဓါတို့ ညီအစ်မမှာတော့ မေမေ့လက်ကျန် ရွှေလက်ကောက်တစ်ယောက်တစ်ရံဆီ၊ စိန်ပွင့်ခပ်သေးသေး နားကပ်တစ်ယောက်တစ်ရံဆီနဲ့ ပတ္တမြားသုံးတန်းသွား လက်စွပ်တစ်ယောက်တစ် ကွင်းစီသာ ပိုင်တော့လေသည်။

ကျန်တာလေးတွေက ဖဲ့သုံး၊ ဖဲ့စားရင်း မေမေ ဆေးရုံတက်ကုသသောစရိတ်ထဲပါရင်းနဲ့ ပွန်းပဲ့ကုန်တော့တာ။

ကားရောင်းရတဲ့ ပိုက်ဆံလေးကို သုဒ္ဓါက ဒါလီ့ကိုပဲ အကုန်လက်ဖွဲ့ပေးလိုက်ပါသည်။ ဒါလီက...

"မမတော့ ဒီအိမ်ခန်းလေးယူပါ"

ဟု အတင်းပေးထား၍သာ လက်ခံလိုက်ရတာ။ သုဒ္ဓါတို့ ညီအစ်မဘာသာ သဘောတူညီချက်နဲ့ အမွေခွဲတုန်းက မောင်နဲ့ပင်





ချစ်သူမဖြစ်သေး။ သူကလဲ သူ့ဘာသာ အထင်လွဲပြီး ရှောင်နေချိန်ကဖြစ်ပါသည်။ အခုလို အခြေအနေမျိုးဖြစ်လာတော့ သုဒ္ဓါက ဒါလီ့ကိုပဲ အိမ်ခန်းလေးရော လက်ကျန်ပစ္စည်းလေးပါ အပိုင်ပေးလိုက်ချင်ကြောင်း မောင့်ကို ပြောမိသောအခါ...

"သြော်...သုဒ္ဓါရယ်...ပြောနေရသေးလားကွာ။ သုဒ္ဓါတို့ မိဘပစ္စည်းပဲ..။ သုဒ္ဓါ ဘာလုပ်လုပ် ဘယ်သူ့ပေးပေး ကိုယ် ဘာမှ မပြောပါဘူး...ဝင်မပါပါဘူးကွာ...ဘာလို့လာပြောနေတော့လဲ"

"မဟုတ်ဘူးလေ..။ မောင်နဲ့ သုဒ္ဓါက အခုဆို နှစ်ယောက်အတူတူ ပူးပေါင်းရတော့မှာလေ...။ သုဒ္ဓါ ဘာပဲလုပ်လုပ် မောင့်ကို တိုင်ပင်မယ်။ မောင်လဲ ဘာပဲလုပ်လုပ် သုဒ္ဓါကိုပြောပါနော်"

"အဟားဟား...ဒီကောင်မလေး စကားနဲ့ကို အပိုင်ချည်ထားတော့တာပဲ...။ စိတ်ချ...ကိုယ်က မိန်းမ မသိအောင် ခိုးလုပ်မဲ့ ယောကျ်ားမျိုးမဟုတ်ဘူး"

"ဟင်း...သုဒ္ဓါက ပျော့ပျော့လေးပေမဲ့ စိတ်ကတော့မာတယ်...ပြတ်တယ်နော်။ သုဒ္ဓါအပေါ် မောင် သစ္စာဖောက်ပြီး နောက်တစ်ယောက် ရှာသွားလို့ကတော့ ဘယ်တော့မှ ခွင့်မလွှတ်ဘူး...။ လုံးဝမကျေဘူးမှတ်...။ လိုက်ကိုသတ်မှာ...မောင့်ကိုရော...သုဒ္ဓါရဲ့

အချစ်ကိုလုတဲ့မိန်းမကိုရော လိုက်သတ်ပစ်မယ်···။ ဘာမှတ်လဲ··· မလုပ်ဘူး မထင်နဲ့''

သုဒ္ဒါက အံတခဲခဲနဲ့ကြိမ်းတော့ မောင်က···

လျှာထုတ်ပြီး ခေါင်းပုနေပါသည်။ သုဒ္ဒါတို့က အခုမှသာ ပွင့်လင်းစွာ ချစ်သူတွေဖြစ်ကြရတာပေမဲ့ ဟိုးလွန်ခဲ့တဲ့ကာလတွေထဲ ကပင် တစ်ယောက်နဲ့တစ်ယောက် ရင်ထဲမှာ ကျိတ်ချစ်လာခဲ့ကြတဲ့ ချစ်ခြင်းမေတ္တာပမာဏက ကြီးမားလှတာမို့ သူများအမြင်မှာ သိပ်ကို ချစ်ကြတဲ့ ချစ်သူစုံတွဲလေးဖြစ်နေတော့သည်။

လက်ထပ်ကြခါနီး ချစ်သူနှစ်ဦးပြောဖြစ်ကြတဲ့ စကားလုံး တွေကတော့ သူတို့ရဲ့ အနာဂတ်ကို အလှဆုံးဖန်တီးကြဖို့ပဲ ဖြစ်နေ တော့လေသည်။

×××





မင်္ဂလာဧည့်ခံပွဲ မကျင်းပမီ နှစ်ရက်အလိုမှာတော့ ထုံးစံဖြစ် နေကျအတိုင်း လက်မှတ်ထိုးလက်ထပ်ပွဲကို ပြုလုပ်ပါသည်။

မြရိပ်ညိုဟိုတယ်၏ ခန်းမတွင်ပင် ဆွေမျိုးဉာတကာများနှင့် လူကြီးစုံတွဲ ငါးဆယ်လောက် ဖိတ်ကြားကာ တရားသူကြီးတို့၏ ရှေ့မှာ လက်မှတ်ရေးထိုးရပါသည်။

ထိုနေ့ပွဲလေးက ဘာမှမကြာပါ။ တစ်နာရီမျှသာ ကြာသော ပွဲပေမဲ့ သုဒ္ဒါကတော့ မင်္ဂလာသတို့သမီးပီပီ တစ်ခါ အလှပြင်ရ၊ ဆံထုံးထုံးရ၊ ဝတ်ရစားရပေါ့။

အဖြူရောင် ပိုးအင်္ကျီ၊ ချိပ်လုံချည်မြန်မာဝတ်စုံဖြင့် လှနေ

ခဲ့သော သုဒ္ဓါကို မြင်ရတော့ မောင်က ရုတ်တရက် ငေးမောနေတော့၏။

"အမယ်လေး…လှလိုက်တာကြည့်စမ်း…။ သုဒ္ဓါက ပန်းချီကားထဲက မင်းသမီးလေးလိုပဲ…။ ငါ့သား မျက်တောင်,တောင်မခတ်တော့ဘူး"

ဒေါ်မိမိမြိုင်က သုဒ္ဓါ လက်ကိုဆွဲရင်းတဖွဖွပြောသည်။ ဦးဘုန်းလျှံက သူ့သားပခုံးကို သတိပေးသလိုပုတ်ရင်း…

"ကဲ…သတို့သား…လောကကြီးကို မေ့မနေနဲ့ဦး။ လက်မှတ်ထိုးရမဲ့အချိန်နီးနေပြီ…။ ခန်းမထဲကိုသွားဖို့ သတို့သမီးလက်ကိုတွဲဦး"

"သား မပြောဘူးလားဖေဖေရဲ့…။ သုဒ္ဓါက ရိုးရိုးလေးနေလို့ပါ…။ တကယ်တော့ သူ့အလှက တစ်မျိုးလေး လျှို့ဝှက်ထားတာလို့"

"အေးပါကွာ…ဟုတ်ပါတယ်…။ ငါ့သား ရွေးမဲ့ရွေးတော့လဲ ရိုးရိုးယဉ်ယဉ်လေးကို ရွေးလိုက်တာပါလားလို့ ပြောမိတာ မှားသွားပါတယ်ကွာ…။ တကယ်တော့ သမီးသုဒ္ဓါက သိပ်ကိုလှပါတယ်၊ ကဲ…ဒီလိုဝန်ခံလိုက်ရင်ကျေနပ်ပြီမဟုတ်လား"

သုဒ္ဓါက သိပ်လှတာပဲလို့ ဝိုင်းချီးကျူးနေကြသော မျက်လုံးတွေအောက်မှာ ရှက်သွေးဖြာနေခဲ့သည်။





လက်ထပ်စာချုပ် လက်မှတ်ရေးထိုးပွဲလေးက ဘာမှမကြာပါ။ ပွဲပြီးသွားတော့ သုဒ္ဓါက မောင့်ကို တိုးတိုးလေး ခွင့်တောင်းမိပါသည်။

"ညှိခံပွဲနေ့ကျမှပဲ…သုဒ္ဓါ…မောင့်အိမ်ကို လိုက်နေတော့မယ်နော်…။ ဒီနေ့တော့ သုဒ္ဓါ ကိုယ့်အိမ်မှာပဲ ကိုယ် နေပါရစေ…"

"ဘာဖြစ်လို့လဲ"

"မောင် ခွင့်မပြုချင်ဘူးလားဟင်"

"မဟုတ်ပါဘူး…။ သုဒ္ဓါ ကိုယ့်အိမ်ကိုလိုက်နေရမှာ ဘာများ မဝံ့မရဲဖြစ်နေလို့ပါလိမ့်လို့…။ ကိုယ့်အိမ်မှာ လိုက်နေရလို့ သုဒ္ဓါ ဘာမှအားငယ်စရာမရှိဘူး၊ ခေါင်းငုံ့ဝင်စရာမလိုဘူး…ဟိုလူမျက်နှာ ဒီလူ့မျက်နှာ ကြည့်နေစရာမလိုဘူး…။ ဖေဖေနဲ့မေမေအိမ်ဟာ ကိုယ့်အိမ်ပဲ…ကိုယ်နဲ့ဆိုင်တဲ့အိမ်ကို သုဒ္ဓါ လိုက်နေရသလိုပဲမို့ သုဒ္ဓါရဲ့ အဲဒီအိမ်ရဲ့ အရှင်သခင်ပါပဲ"

"ဟုတ်ပါတယ်…။ သုဒ္ဓါက ဘာမှရည်ရွယ်ပြီး ပြောတာမဟုတ်ပါဘူး…။ သုဒ္ဓါ…မောင့်အိမ်ကို လိုက်နေဖို့ အဆင်သင့်ပါ…သုဒ္ဓါရဲ့ အသုံးအဆောင်တွေ၊ အဝတ်အစားတွေတောင် အကုန်ပို့ပြီးနေပြီပဲ…။ သုဒ္ဓါ အခု ကိုယ့်အိမ်ကိုယ်ပြန်နေမှာက အမျိုးတွေလဲ ရှိနေလို့…ဒါလီလဲရှိနေလို့ပါ…ဒီလို လူစုံပြီး တွေ့ကြရဖို့ စကားပြောရဖို့က အကြာကြီးနေမှ တစ်ခါကြုံရတာလေ…။ နောက်ဆို အားလုံး

ကိုယ့်အလုပ်ကိုယ်စီနဲ့ ဒါလီလဲ...သုဒ္ဓါကို စိတ်ချသွားပြီဆိုတော့ ရန်ကုန်ကို အကြာကြီးနေမှ တစ်ခါလာတော့မှာမို့ပါ”

“သုဒ္ဓါ သဘောပါ...ရပါတယ်။ သုဒ္ဓါ စိတ်ချမ်းသာမယ်ဆိုရင် ဘာပဲလုပ်လုပ် ရပါတယ်”

“မောင်က ကျေနပ်ရဲ့လား”

“ကျေနပ်ပါတယ်ကွာ...သုဒ္ဓါ ကိုယ့်အိမ်ကို လိုက်မနေရဲမှာပဲ စိုးရိမ်နေတာပါ”

ထိုသို့ သဘောတူညီချက်နဲ့ သုဒ္ဓါက သူမအိမ်သူမ ပြန်နေပါသည်။ လက်မှတ်ထိုး လက်ထပ်ပြီးကြပေမဲ့ သုဒ္ဓါကို သူမရဲ့ အိမ်မှာ ထားခဲ့ကာ သူကတော့ သူ့အိမ်သူ ပြန်လာရသော မိုးနတ်က သူတို့နှစ်ယောက်ရဲ့ အဖြစ်အပျက်ကို တစ်ယောက်တည်း တွေးတောကြည်နူးလာခဲ့ရပါသည်။

မိုးနတ် ဒီနေ့ အရမ်းပျော်ပါသည်။ ဘဝမှာ ကိုယ် တကယ်ချစ်မြတ်နိုးရတဲ့ ချစ်သူကို တကယ်ပိုင်ဆိုင်ရပြီဆိုတာ သေချာသွားပြီဆိုရင် ဘယ်သူမဆို အပျော်ကြီးပျော်ကြသလိုပဲ မိုးနတ်လည်း အရမ်းပျော်နေခဲ့သည်။

ကျောင်းတုန်းက သူငယ်ချင်းအုပ်စုကြီး အိမ်အထိ လိုက်လာပြီး မိုးနတ်ကို ညှင်းဆဲနေ၍ သူတို့စိတ်ကျေနပ်အောင် ကျွေးမွေးပြုစုရသေးသည်။





“ဧည့်ခံပွဲပြီးတဲ့နေ့ ညဘက် ဒင်နာပါတီကျမှ ဆိုင်မှာ စားကြ၊ သောက်ကြပေါ့...ဒီနေ့တော့ အိမ်မှာပဲ ပွဲလုပ်ကြပါ...။ မေမေက စိတ်ပူတတ်တယ်...သတို့သားလောင်းဟာ အနေအထိုင် ဆင်ခြင်ရတယ် သားရဲ့...။ ဒီတော့ ဘယ်မှမသွားနဲ့...။ သူငယ်ချင်းတွေနဲ့ အိမ်မှာပဲ ပွဲလုပ်”

မေမေက သူငယ်ချင်းတွေကိုပါ အကျိုးအကြောင်း ပြောပြပေးသောကြောင့် မိုးနတ်ရဲ့ သူငယ်ချင်းတွေကလဲ စောဒကမတက်ဘဲ မိုးနတ်တို့အိမ်ရဲ့ ခြံကျယ်ကြီးမှာပဲ သောက်ကြစားကြနှင့် မိုးလင်းခါနီးအထိပင်။

နောက်တစ်နေ့ကျတော့ ကိုယ့်အပြစ်နဲ့ကိုယ် ခေါင်းပင် မထူနိုင်တော့ချေ။

သုဒ္ဓါ ဖုန်းဆက်တော့ မေမေကတိုင်လိုက်၍ သုဒ္ဓါ အိမ်ကို ချက်ချင်းရောက်လာကာ တဖွဖွတဗျစ်တောက်တောက်ဆူရင်း မိုးနတ်နံဘေးမှာ လာထိုင်နေသည်။

“မဆူပါနဲ့ကွာ...ခေါင်းတောင်ပိုကိုက်လာပြီ”

“ဆူမှာပဲ...ယောကျ်ားတွေကလေ...၊ ဘာအဓိပ္ပာယ်မှန်းမသိဘူး...။ ပျော်ရင်လဲသောက် စိတ်ညစ်ရင်လဲသောက်နဲ့”

“အေးပါကွာ...နောက် ကိုယ် ဆင်ခြင်ပါ့မယ်”

ထိုနေ့က ညနေစောင်းမှပဲ မိုးနတ်လဲ ခေါင်းထူလို့ရတော့

သည်။ သုဒ္ဓါကတော့ မိုးနတ်နဲ့ အတူတူ ညနေစာစားပြီးမှပဲ အိမ်ပြန်ခဲ့ပါသည်။ မနက်ဖြန်ကျရင် ဧည့်ခံပွဲကျင်းပရတော့မှာ··။

မြန်မာ မိန်းကလေးတစ်ယောက်အတွက်တော့ မင်္ဂလာဧည့်ခံပွဲကြီးဆိုတာဟာ တစ်သက်မှာတစ်ခါသာ ကျင်းပရတဲ့ပွဲမို့ ဒီလို ခမ်းနားကြီးကျယ်လွန်းနေသော ဧည့်ခံပွဲကြီးအတွက် သုဒ္ဓါ တော်တော့်ကို ရင်ခုန်နေမိခဲ့သည်။

ရင်ခုန်ရလွန်း၊ စိတ်လှုပ်ရှားရလွန်းတာဟာ ရင်ဘတ်တောင် အောင့်လာတဲ့အထိပဲ။ မင်္ဂလာပွဲကြီးအကြောင်းတွေးလိုက်တိုင်း ရင်တွေ တအားခုန်တာ။ ညတောင် ကောင်းကောင်းအိပ်လို့မပျော်တော့။

ပြီးတော့ ကိုယ် သိပ်ချစ်မြတ်နိုးရလွန်းတဲ့ချစ်သူနဲ့လက်တွဲ ရမဲ့ပွဲလဲဖြစ်တာမို့ သုဒ္ဓါ အင်မတန်မှ စိတ်လှုပ်ရှား ကြည်နူးရင်ခုန် လို့တည်း။

×××





အလှပြင်ခန်းမထဲကို သုဒ္ဓါရောက်တော့ အလှပြင်ပေးမဲ့ မာမီနဲ့ တပည့်တွေက ကြိုရောက်နေသည်။

"သတို့သားရော"

"သူက အိမ်မှာပဲ ပြင်ဆင်တော့မယ်တဲ့။ အကုန်ပြင်ဆင် ဝတ်စားပြီးမှ ထွက်လာတော့မယ်လို့ ပြောပါတယ်"

"တောင်ရှည်ကို ဘယ်လိုလုပ်ဝတ်မလဲ။ ဒီက တစ်ယောက် ဝတ်ပေးမှ ရမှာလေ···သတို့သမီးရဲ့"

"ဟုတ်လား"

ထိုအချိန်မှာ မာမီ့တပည့်က သူ့မိုဘိုင်းလ်ဖုန်းကို ကောက်နားထောင်ရင်း···

"သြော်…သတို့သားက ဖုန်းလှမ်းဆက်တယ် မကြီး…။ သူ့ဝတ်စုံကို ချုပ်ပေးတဲ့ ဒီဇိုင်နာက လာကူဝတ်ပေးပါရစေဆိုလို့ သူ ဒီကိုလာမနေတော့ဘူး…။ အိမ်ကပဲ အပြီးဝတ်လာတော့မယ်တဲ့"

ဟု ပြောပြတော့မှ…

"အိုကေ…ဒါဆိုလဲ သတို့သမီးကိုပဲ ဝိုင်းပြင်ပေးနိုင်ပြီပေါ့၊ လက်မှတ်ထိုးတဲ့နေ့က ပြင်ပေးတာ သတို့သမီးက သိပ်လှသွားတာပဲ။ စိတ်ချ…ဒီနေ့ပိုလှအောင် ပြင်ပေးမယ်…ခန်းမထဲ ဝင်လိုက်တာနဲ့ အားလုံး ငေးနေစေရမယ်"

"သတို့သားက ပိုချောနေတာနော် မာမီရဲ့…။ တော်ကြာ သတို့သားပဲ ဝိုင်းကြည့်နေမှ"

"သြော်…စိတ်ချ…ဒီနေ့ သူ့ ဒီဇိုင်နာက ဘာတွေပြင်ပေး၊ ဆင်ပေးပါစေ…။ မာမီ့လက်ရာကို မှီမှာမဟုတ်ပါဘူး"

သုဒ္ဓါကို မိတ်ကပ်စ၊လိမ်းလေပြီ။ မျက်လုံးကို အသာမှိတ်ထားပေမဲ့ သုဒ္ဓါ အတွေးတွေက လွင့်နေသည်။ မျက်နှာပေါ် လက်ချောင်းတွေ ဟိုတို့ဒီတို့နဲ့ တရွရွလာထိပြီး လိမ်းနေတာကို သိလိုက်အတွေးတွေက လွင့်သွားလိုက်ဖြစ်နေသည်။





အထူးသဖြင့် ဖေဖေ၊ မေမေတို့ကို သတိရနေတာ။ ကိုယ့်ဘက်မှာ မိဘမရှိလို့ သတို့သား၊ သတို့သမီး ပွဲထုတ်ရင်တောင် မောင့်ဘက်က ဦးလေးမိသားစုက ဝင်လျှောက်ပေးရမှာ။ ဘာတစ်ခုမှ မျက်နှာမငယ်ရအောင် စီစဉ်ပေးခဲ့ပေမဲ့ တကယ့်တကယ်ကျတော့ ကာယကံရှင် သုဒ္ဓါဟာ ဖေဖေနဲ့ မေမေ မရှိတော့တဲ့အဖြစ်ကိုတော့ ကျိတ်ပြီး ဝမ်းနည်းနေခဲ့ပါသည်။

ဒါလီ မင်္ဂလာဆောင်တုန်းကလဲ ဒီလိုပဲ ခံစားရရှာမှာ။ သူ့တုန်းကလဲ မောင်ထွန်းထောက်တို့ဘက်က ဦးလေး၊ အဒေါ်တွေပဲ မိဘနေရာ အစားဝင်ပေးပြီး သတို့သား၊ သတို့သမီး ပွဲထုတ်တော့ အတူတူလျှောက်ပေးခဲ့ရသည်။

"ကဲ…မျက်နှာတော့ပြီးပြီ…မသုဒ္ဓါရေ…။ မျက်လုံးဖွင့်ကြည့်ပါဦး…ကြိုက်ရဲ့လား"

သုဒ္ဓါ မျက်နှာကို ပြင်တာ ဘာမှမကြာလိုက်။ မျက်လုံးဖွင့်ကြည့်တော့ နဂိုရှိပြီးသား ရုပ်ရည်ထက် အဆပေါင်းများစွာလှနေသော သုဒ္ဓါကို တွေ့ရပါသည်။

"ဒေဝီဆံထုံးပဲ ထုံးမယ်နော်…။ သဇင်တွေကတော့ တကယ့်ရှောမကြီးတွေပဲ။ ဒေါ်မိမိမြင့်မို့ ခြံရှင်က ရောင်းတာ…နောက်မို့ ရောင်းမှာမဟုတ်ဘူး…။ ခြံသမားက မင်းသမီးတို့ ဘာတို့အတွက်သာ

ရောင်းဖို့ သီးသန့်စိုက်တဲ့လူ၊ အခြေကြီးတယ်…။ ဒေါ်မိမိမြိုင်တို့လို ဒိတ်ဒိတ်ကြဲတွေကျ သူကိုယ်တိုင်ကကို ရောင်းချင်လွန်းလို့ ဆက်သွယ်နေတာလေ…ဈေးကတော့ ခေါ်သလားမမေးနဲ့"

မာမီက သူများအတင်းလဲပြောရင်း သုဒ္ဒါရဲ့ ဆံပင်တွေကို ဆံထုံး ထုံးပေးပါသည်။ ကော်ရည်တွေဖြန်း၊ ကလစ်တွေ ဟိုထိုးဒီထိုးနဲ့ ဆံထုံးပုံ့ပုံ့လေးက ပီပြင်လာသည်။

သဇင်ခက်တွေလဲ ဝေနေအောင် ပန်သည်မှာ သူတို့ပဲ ဖန်တီးတတ်လွန်းသလားမသိ။ ဘယ်လိုကြည့်ကြည့် လှကိုလှနေတော့သည်။

သတို့သမီးဝတ်စုံကို ဝတ်ပြီးလျှင် သုဒ္ဒါအား ဒေါ်မိမိမြိုင် အသင့်ပေးထားပြီးဖြစ်သည့် လက်ဝတ်ရတနာဗူးများကို အိတ်ထဲမှ ထုတ်ပေးပါသည်။

"အစစ်ဝတ်မယ်ပြောထားလို့ အရမ်းဂရုစိုက်ရတယ်၊ ကြိုးတွေ သေသေချာချာချိတ်နော်…အပ်ချည်နဲ့ မြဲမြဲလေးတုတ်ပြီးချည်၊ တော်ကြာ ပျောက်ပျက်သွားရင် မကောင်းဘူး…။ မင်္ဂလာပွဲတွေမှာ အစစ်ဝတ်ကြရင် တာဝန်အရှိဆုံး၊ စိတ်အပူရဆုံးက ကိုယ်တွေပဲဖြစ်နေတာ မသုဒ္ဒါရေ…အရမ်းသတိထားရပါတယ်"

"ဟုတ်ပါတယ်…သုဒ္ဒါလဲ စိတ်ပူတာပေါ့။ ဒါပေမဲ့ မေမေက ဝတ်စေချင်နေတာ၊ အစစ်ရှိရက်နဲ့ အတုကြီးပေးမဆင်ချင်ပါဘူးဆိုလို့"





သုဒ္ဒါအား ဝတ်စုံပြည့်ဝတ်စားဆင်ယင်ပြီးသည်အထိ မောင်က ပေါ်မလာသေး။ သူ့အိမ်ကနေ ဒီကို တိုက်ရိုက်လာခဲ့မယ်၊ ပွဲမစခင် တစ်နာရီကျော်လောက်ကတည်းက ရောက်နေမယ်ဟု ပြောထားရာ သုဒ္ဒါက နာရီမပတ်ထား၍ နာရီပတ်ထားသူများထံမှ နာရီကို တမေးမေး လုပ်နေမိသည်။

မောင့်ကို မြင်ချင်လှပြီ။ တွေ့ချင်လှပြီလေ။ သတို့သားဝတ်စုံ ခေါင်းပေါင်းနဲ့ တောင်ရှည်နဲ့ ရင်ဖုံးတိုက်ပုံနဲ့ သိပ်ပြီး ချောမောကြည့်ကောင်းရုံမက ကျက်သရေရှိနေမဲ့ မောင့်ကို သုဒ္ဒါ သိပ်ကြည့်ချင်တာပဲ။

ပြီးတော့ သူများတွေက ဘယ်လောက်လှတယ်ပြောပြော မောင့်နှုတ်ဖျားက သိပ်လှတာပဲ သုဒ္ဒါရယ်လို့ ပြောဆိုချီးမွမ်းမှာကိုပဲ ကြားချင်သေးတယ်…။ သုဒ္ဒါက သိပ်ကို လောဘကြီးလွန်းနေပြီနော်။

"ဒီအချိန်ဆို ရောက်ဖို့သင့်ပြီ…ခုထိ ပေါ်မလာသေးဘူး"

သုဒ္ဒါ ငြိမ်ငြိမ်လေးထိုင်ရင်း မချင့်မရဲ ရေရွတ်လိုက်မိပါသည်။

"အန်ကယ်လ်နဲ့ အန်တီတောင် ရောက်နေပြီ…။ ကိုမိုးနတ်က အိမ်မှာ ဘာကြာနေတာလဲ မသိဘူး"

ဒါလိုကပါ စိတ်ပူသလို ဝင်ပြောပါသည်။ ဒေါ်မိမိမြိုင်က သူမလက်ထဲမှ မိုဘိုင်းလ်ဖြင့် လှမ်းဆက်နေတာ တွေ့ရသည်။

"မအေက အတူတူထွက်ခဲ့ပါပြောထားရက်နဲ့ မေါ်ကိုမလာဘူး၊ အဲဒီ့လိုပဲ…လူကြီးကို စိတ်ပူရအောင်လုပ်တယ်…။

ထွက်လာခါနီးလေးမှာ လက်မှတ်ထိုးပွဲနေ့က ရောက်မလာတဲ့ သူငယ်ချင်းဟောင်းတွေ အိမ်ရောက်လာတော့ စကားကောင်းနေကြတာလေ…။ မေမေတို့ ကားထွက်ပြီး သိပ်မကြာဘူး။ လိုက်ထွက်လာပါမယ် ပြောတော့ပြောပါတယ်။ ဟိုလူတွေကလဲ အလိုက်သိပါတယ်…ဘာများကြာနေတယ်မသိပါဘူး"

"ဖုန်းခေါ်ကြည့်လေ"

"ဖုန်းခေါ်မရဘူး…ပိတ်ထားတယ်၊ ကြည့်ရတာ မင်္ဂလာပွဲလာမှာမို့ ဖုန်းသယ်မလာတော့ဘူးများ တွေးလားမသိဘူး…။ အိမ်ဖုန်းလဲ ဘယ်သူမှကို လာမကိုင်ဘူး"

"အိမ်မှာ ဘယ်သူမှ မရှိကြတော့ဘူးပေါ့။ အိမ်က ကောင်မလေးတွေအကုန် ဒီရောက်နေကြပြီ၊ ခြံစောင့်ပဲကျန်မှာ…သူက အိမ်ထဲမှာ ဖုန်းမြည်နေတာတော့ ဘယ်သိမလဲ…လာမှာပါကွာ…။ လမ်းမှာ





ကားလမ်းပိတ်နေလို့ ဖြစ်မှာပါ…မင်းကလဲ စိတ်ပူတတ်လိုက်တာ၊ ဒီအချိန်က ဒီလမ်းကြောဖက်မှာ ကားလမ်းပိတ်နေတတ်တယ်"

ဦးဘုန်းလျှံ၊ ဒေါ်မိမိမြိုင်တို့ အချင်းချင်း ပြောဆိုနေကြသည်ကို သုဒ္ဒါ ရင်မောစွာ နားထောင်နေမိပါသည်။

အဲဒီ့လို ရင်မောရလွန်း၊ စိတ်ပူရလွန်းလျှင် သုဒ္ဒါရဲ့ ရင်ဘတ်ထဲမှာ ပိုပိုအောင့်လာတတ်သဖြင့် စိတ်ကို ကြိုးစားပြီး လျှော့နေရပါသည်။

လာမှာပါ…မောင် လမ်းမှာကြာနေတာပါ။ ဘာမှမဖြစ်ပါဘူး၊ ဘာကြောင့်စိတ်ပူနေရမှာလဲ။ မောင်က ငါ့ကိုချစ်လို့ယူတာပဲ…ငါ့ကို ဘာကြောင့် ထားခဲ့စရာရှိလဲ။

သုဒ္ဒါသည် လေအေးစက်တပ်ဆင်ထားသည့် အခန်းကျယ်ကြီးထဲမှာ သက်သောင့်သက်သာ ထိုင်နေရပါသော်လည်း လူကအလိုလို ချွေးစေးတွေပြန်ကာ လက်ဖဝါးများ၊ ခြေဖဝါးတွေက တစ်စတစ်စ အေးစက်လာနေပါသည်။

"သတို့သမီးတစ်ယောက်တည်းလား…ကျွန်တော်တို့က အလှဓာတ်ပုံအရင်ကြိုရိုက်ဖို့ဆိုတော့ သတို့သားပါ ရှိမှဖြစ်မယ်၊ သတို့သား ဘယ်တော့လာမှာလဲခင်ဗျာ"

"သုဒ္ဒါ ဘာမှမပြောနိုင်ဘဲ မျက်လုံးဝိုင်းကာ ထိုသူတွေကို ပြန်ကြည့်နေမိပါသည်။

"သတို့သား နောက်ကျနေလို့ပါ"

ဒါလီက သုဒ္ဒါရဲ့လက်တွေကို စိုးရိမ်တကြီး လာဆုပ်ကိုင်၍ ဝင်ဖြေပေးပါသည်။

ထိုအချိန်တွင် ဦးဘုန်းလျှံ၏ မိုဘိုင်းလ်ဖုန်းမြည်လာသည်။ ဦးဘုန်းလျှံ လက်ခံပြီးစကားပြောလိုက်သည်။

သုဒ္ဒါက မျှော်လင့်တကြီး နားစွင့်နေခဲ့၏။ စက္ကန့်ပိုင်းမျှအတွင်းမှာ ဦးဘုန်းလျှံ၏ နှုတ်ဖျားမှ...

"ဟာ...ဟာကွာ...ဒုက္ခပါပဲ...။ ဒုက္ခတော့ဖြစ်ပြီ မိရေ၊ မိသားတော့ ဒုက္ခရောက်ပြီ"

ဟု ငိုသံပါကြီးနှင့် မချိတင်ကဲ ရေရွတ်လိုက်သံမှာ အခန်းတွင်းရှိ လူအားလုံးတို့ကို လှုပ်လှုပ်ရှားရှား ထိပ်ထိပ်ပျာပျာ ဖြစ်သွားစေတော့သည်။

"ဘာဖြစ်တာလဲ...ဘာဖြစ်တာလဲ...ပြောပါ ကိုဘုန်းရဲ့၊ မိ ရင်ထိတ်လှပါပြီ"

"သားကို တင်မောင်းလာတဲ့ကားကို ဘရိတ်ပေါက်လာတဲ့





ကုန်ကားကြီးတစ်စီးက ဝင်တိုက်လိုက်တယ်တဲ့၊ ဒရိုင်ဘာရော သားရော ဆေးရုံပို့လိုက်ပြီ...။ ဘယ်အခြေအနေလဲဆိုတာ မသိရသေးဘူး။ ကဲ..ကဲ...မြန်မြန်လိုက်ကြရအောင်...

ဒီမှာ အခမ်းအနားမှူးကို အကူအညီတောင်းလိုက်ပါ...ဧည့်ပရိသတ်တွေကို ကြည့်ပြောပေးပါလို့"

သုဒ္ဒါသည် ထိုသတင်းကိုကြားလိုက်ရလျှင်ပဲ ရင်ဘတ်ထဲ ထိုးအောင့်သွားတော့သည်။ ထို့နောက် သုဒ္ဒါရဲ့ အသိအာရုံတွေဟာ မှောင်အတိကို ကျသွားခဲ့တော့တာ။

"ဟဲ့...ဟဲ့...လုပ်ကြပါဦး...သုဒ္ဒါ လဲသွားပြီ၊ သတိမေ့သွားပြီ"


"ဒါလီ...ဒါလီ...နင့်အစ်မကို ပွေ့ပြီး စမ်းသပ်ပါဦး"

"မမ..မမ...အမယ်လေး...ဒုက္ခပါပဲ"

သုဒ္ဒါ ချစ်သော ညီမနဲ့အဒေါ်များ၊ သုဒ္ဒါ ခင်မင်ရသော သူငယ်ချင်းများ ဝိုင်းရံလျက် သုဒ္ဒါဟာ မင်္ဂလာခန်းမထဲမှာ မေ့မျော လဲကျကျန်ရစ်ခဲ့ပါသည်။

ဦးဘုန်းလျှံ၊ ဒေါ်မိမိမြင့်တို့ကတော့ သားဇောဖြင့် သုဒ္ဒါကို ပင် ခေါ်ဖို့ သတိမရတော့ဘဲ ဆေးရုံကို ဦးတည်နေခဲ့တော့လေသည်။

×××







# အဖြစ်အပျက်များ

အဲဒီ နောက်ပိုင်းရဲ့အဖြစ်အပျက်များကတော့ ကြားရသူတိုင်း သနားဂရုဏာနဲ့ တသသ ပြောမိစေသော အဆုံးသတ်သာဖြစ်ပါသည်။

မိုးနတ်သည် ဆေးရုံမရောက်ခင် ဆေးရုံကားပေါ်မှာတင်

“သုဒ္ဒါ”

ဟု တစ်ချက် လူးလွန့်သတိရပြီး ကြိုးစားခေါ်ငင်ပြီးနောက်မှာ သူချစ်သော သုဒ္ဒါနဲ့ သူနေထိုင်သော လူ့လောကကြီးကို စွန့်ခွာထားရစ်သွားခဲ့ပါသည်။

သုဒ္ဒါသည်လည်း ထိုနေ့ထိုအချိန်မှာပင် မင်္ဂလာအလှပြင်ခန်းမထဲမှာပင် သတိလစ်မေ့မြောသွားခဲ့ရာမှ ဘယ်တော့မှ သတိပြန်လည်မလာတော့ဘဲ ချစ်သူ၏ သတင်းကြောင့် နှလုံးကွဲကြေကာ သေဆုံးသွားခဲ့ရပါသည်။





သိပ်ကံကောင်းတာပဲ...သိပ်လိုက်ဖက်တဲ့ စုံတွဲလေးပဲ..ဟု တဖွဖွ ချီးကျူးပြောဆိုခဲ့ကြသော လူပရိသတ်တို့ရဲ့ နှုတ်ထွက်စကားအသစ်ကတော့ သိပ်ကံဆိုးတာပဲ၊ သိပ်သနားစရာကောင်းတဲ့ စုံတွဲလေးပဲဟု ပြောင်းလဲရေရွတ်ငြီးတွားကြရလေသည်။

ချစ်သူနှစ်ဦးတို့ဟာ တစ်နေ့တည်း၊ တစ်ချိန်တည်းမှာပဲ လူ့လောကကို စွန့်ခွာသွားခဲ့ကြရသော အမှတ်မထင် အဖြစ်အပျက်သည် နောင်ကာလ တော်တော်ကြာသည်အထိ နားထောင်ကောင်းသော ဇာတ်လမ်းလေးတစ်ပုဒ်လိုပဲ တင်ကျန်နေခဲ့ပါသည်။

တကယ်တော့...

ဘယ်သူမဆို လှပပြီး ပျော်စရာကောင်းတဲ့ အဆုံးသတ်ကိုသာ ပိုင်ဆိုင်ချင်ကြတာပေမဲ့ သူတို့ကတော့ မပိုင်ဆိုင်လိုက်ကြရဘူးဟူသော အကြောင်းအရာကား အင်မတန်မှ ဂရုဏာသက်စရာကောင်းသည့် ဇာတ်လမ်းလေးပဲ ဖြစ်နေခဲ့သည် မဟုတ်လား။

xxx

**အမှတ်မထင်···အဖြစ်အပျက်များ**

သူတို့ချစ်သူနှစ်ဦးဟာ တစ်နေရာရာမှာ ပြန်ဆုံချင်၊ ပြန်ဆုံကြလိမ့်မယ်···

အတူတူ လက်တွဲပြီး ပျော်ချင်ပျော်နေကြလိမ့်မယ်···

ဆိုတာတော့ မဖြစ်နိုင်ပါဘူးလို့ ဘယ်သူကများ ငြင်းရဲသလဲနော်···။



**ရှင်မိုး (ဆေးတက္ကသိုလ်)**

**8th Aug, Friday, 2003**